၃ - ၄ - ၂၀၀၀ ရက်နေ့

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်၊ သစ်လုပ်ငန်း ဓမ္မာရုံတွင်

ရေဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ဝိသုဒ္ဓိ မဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ (ဝိသုဒ္ဓိကျောင်း)

ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူအပ်သော

# သမုတိသစ္စာမှန်အောင်နေ အရိယာသစ္စာရောက်အောင်လုပ် ကိုယ်တွေ့ဝိပဿနာ တရားတော်





ဝိသုဒ္ဓိဓမ္မသစ္စာတရားတော် အမှတ် (၁)

# ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ် အမှတ် (၁)(၂)

ဓမ္မဒါနအလှူရှင်

**ဦးတင်အုန်း + ဒေါ်ဦးခင်စော မိသားစု**


ရန်ကုန်မြို့



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# စိစဉ်ပူဇော်သူ၊ ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
# မေတ္တာရပ်ခံချက်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ၏ အသံတရားတော် (MP3) ရုပ်/သံ (MP4)၊ ပုံတော်၊ ဝိသုဒ္ဓိဓမ္မသစ္စာ စာအုပ်များကို နောင်လာနောင်သားများ စဉ်ဆက်မပြတ်သိရှိ၊ နာကြား၊ ကျင့်ကြံပွားများ နိုင်ရန် စေတနာဖြင့်စီစဉ်ပူဇော် ထိန်းသိမ်းထားရှိပါသည်။ တလုံးတပါဒ တအုပ်ဖြစ်စေ စေတနာအလျှောက် ထပ်ဆင့်ဖြန့်ဝေ ဓမ္မဒါနပြုနိုင်ကြပါသည်။ (MP3) ၊ (MP4)၊ ပုံတော်၊ တရားစာအုပ် အလိုရှိပါက ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့သို့ ဆက်သွယ်နိုင်ကြပါသည်။

(၁) ဗိုလ်မှူးဆရာတော် ဦးသုမန။
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
Ph: 09 250432050, 09 794506595, 09 670332092

(၂) ဦးမျိုးအောင် + ဒေါ်မြအေး မိသားစု၊
(၃၆) River View အိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်၊
Ph: 09 5105997

(၃) ဦးဆန်းအောင် + ဒေါ်မြင့်မြင့်ကြည် မိသားစု
ရန်ကုန်မြို့။ Ph: 09 5106035

(၄) ဆရားလေး ဒေါ်စန္ဒာသီရိ၊ ဝိသုဒ္ဓိကျောင်း၊ မြောင်းမြ။
Ph: 09 447572355, 09 251620128, 09 447204724

(၅) ဝင်းမြင့် ဓာတ်ပုံတိုက်၊ (၈) လမ်း၊ မြောင်းမြမြို့။
Ph: 09 796685516, 09 796685527

# မြောင်းမြဆရာတော် ဦးပဏ္ဍိတ၏ ထေရုပ္ပတ္တိအကျဉ်း

## ငယ်နာမည် ဦးမြမောင်

ဆရာတော် ဦးပဏ္ဍိတ (မြောင်းမြမြို့မှ သိသည်မှာ ဘုန်းကြီး ဦးမြမောင်)သည် ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် ခမည်းတော် ဦးချီးတိုး၊ မယ်တော် ဒေါ်အုံးမေတို့မှ ၁၂၉၀ ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ လူ့ဘဝနာမည် ဦးမြမောင် ဖြစ်သည်။

## ဦးမြမောင် စာမတတ်

မွေးချင်း (၆)ယောက်ရှိပြီး ငယ်စဉ်ကပင် မွေးချင်းအားလုံး သေဆုံးခဲ့သည်။ ဆရာတော် တစ်ပါးသာလျှင် ကျန်ရှိသည်။ ငယ်စဉ်က အခြေခံ မူလတန်း (၂)တန်းသာ တက်ရောက်ခဲ့သည်။ ထို့ကြောင့် စာမဖတ်တတ်ချေ၊ စာမတတ်ပါ။

## ရဲသားဘဝ

အသက် (၁၃)နှစ်သားအရွယ်တွင် မိဘများနှင့် မြောင်းမြမြို့သို့ ရောက်ရှိခဲ့ပြီး ကြုံရာကျဘမ်း ကူလီအလုပ်ဖြင့် အသက်မွေးခဲ့ရသည်။ (၁၈)နှစ်တွင် ရဲထဲသို့ ဝင်ရောက်ခဲ့သည်။ ရဲသဘော်တွင် သဘော်ကြိုး ချည်ရသော ရဲသား ဖြစ်ခဲ့သည်။

## ဒေါ်မြင့်နှင့် အိမ်ထောင်ကျ

အသက် (၂၄)နှစ်အရွယ်တွင် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့မှ ဒေါ်မြင့်နှင့် အိမ်ထောင်ကျခဲ့သည်။ မြောင်းမြမြို့၊ မြိုင်မာလာရပ်ကွက်၊ (၂)လမ်းတွင် နေထိုင်ခဲ့သည်။ သားသမီး (၃)ယောက် ထွန်းကားခဲ့သည်။

## လူ့ဘဝ မကောင်းမှုများ ပြုလုပ်ခဲ့

ရဲဘဝတွင် ထီပေါက်ပြီး ရဲဘဝမှ ဆေးပင်စင်နှင့် ထွက်ခဲ့သည်။ ထီပေါက်သော ငွေဖြင့် သုံး၊ ဖြုန်း၊ သောက်စား၊ မူးယစ်၊ အပျော်အပါး လိုက်စား၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သောငွေများကုန်သောအခါ အရပ်ထဲ ရေထမ်းရောင်းရခြင်း၊ အနှိပ်သည်ဘဝလုပ်ခဲ့သည်။ လူ့ဘဝ မကောင်းမှုများနှင့် ဆိုးသွမ်းလွန်းသဖြင့် မိသားစုများကပင် ဦးမြမောင်၏ ဆိုးသွမ်းမှုဒဏ်ကို မခံနိုင်တော့သဖြင့် ဦးမြမောင်တစ်ယောက်တည်း ပစ်ထားခဲ့ကာ သမီးကြီးရှိရာ ဧရာဝတီတိုင်း၊ လပွတ္တာမြို့သို့ သွားရောက် နေထိုင်ခဲ့သည်။

## သံဝေဂတရားရခြင်း

ထိုအခါကျမှ သံဝေဂရကာ ကောင်းတာလုပ် ကောင်းတာဖြစ်မှာပဲလို့ စဉ်းစားမိပြီး တရားစတင်လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း ရပ်ကွက်ထဲ အိမ်တစ်အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး၏ တရားကက်ဆက်ခွေ ဖွင့်သံကြားရ၍ ရေထမ်းချကာ တရားနာခဲ့သည်။ သဲအင်းဂူ ဆရာတော်ကြီးတောင် ဓားပြတိုက်၊ ဆိုးသွမ်းရာကနေ တရားရအောင် လုပ်နိုင်သေးတယ်။ ငါလည်း ဓားပြတော့ မတိုက်ခဲ့ဘူး၊ တရား လုပ်ရင်ရမှာပဲလို့ ဆုံးဖြတ်ချက်ချကာ အသက်(၄၅)နှစ်တွင် တောထဲ ထွက်၍ တရားစတင် ကျင့်ခဲ့သည်။

## သွေးသားလဲပြောင်း၊ စိတ်လည်းပြောင်းပြီ

လူဝတ်ဖြင့် တောထဲတွင် (၂)နှစ်ကျော်ကြာ တရားကျင့်ခဲ့သည်။ အသက် (၄၇)နှစ်တွင် ကိုရင်ကြီး ဝတ်ခဲ့သည်။ ကိုရင်ကြီးဘဝဖြင့် (၆)နှစ်ကျော်ကြာ မြောင်းမြမြို့ပတ်ဝန်းကျင်တောထဲတွင် တရားကျင့်ခဲ့သည်။ ဆရာတော်ကြီးမှာ သွေးသားလည်း ပြောင်းခဲ့သည်။ စိတ်လည်း ပြောင်းခဲ့သည်။

## ရဟန်းဘောင်ဝင်ရောက်ခြင်း

အသက် (၅၄)နှစ်တွင် မြောင်းမြမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်တွင် ဆရာတော်ဦးဝံသဘာလ (ယခု အိန္ဒိယနိုင်ငံ သာသနာပြု) ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။

## မြောင်းမြ ဝါးကျောင်းမှာ သီတင်းသုံးပါတယ်

ယခုအခါ ဆရာတော်ကြီး ဦးပဏ္ဍိတ (ဘုန်းကြီးဦးမြမောင်) မှာ သက်တော် (၇၂)နှစ်၊ ဝါတော် (၁၈)ဝါ ရှိပြီ ဖြစ်သည်။ ဧရာဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း) တွင် သီတင်းသုံးလျက် ရှိသည်။

## ပြည်တွင်း/ ပြည်ပဿသနာပြု

မြောင်းမြဆရာတော် ဦးပဏ္ဍိတသည် မြောင်းမြ၊ ပုသိမ်၊ ဝါးခမယ်မ၊ ရန်ကုန်၊ မန္တလေး၊ ပျဉ်းမနား၊ မိတ္ထီလာမြို့များတွင် ခန္ဓာကိုယ်တွေ့ ဝိပဿနာတရားများ ဟောကြားခဲ့သည်။

မြောင်းမြမြို့နယ်တွင် ဘုရား၊ ပုထိုး၊ ကျောင်း၊ ကန်များ တည်ထားပေးခဲ့သည်။ မြောင်းမြမြို့နယ်၊ တောင်ကလေးရွာ အနီးရှိ အောင်သစ္စာ မဟာဓာတ်ပေါင်းချုပ်ဘုရား တည်ထားပြီးစီးခဲ့သည်မှာ(၁၄) နှစ် ကြာခဲ့ပြီ ဖြစ်သော်လည်း ယခုတိုင် ထီးမတင်သေးပေ။ ပြည်ပသာသနာပြု အနေဖြင့် ဆရာတော်၏ ဒကာ၊ ဒကာမများ၏ ပင့်လျှောက်ချက်အရ တရုတ်ပြည်၊ ထိုင်ဝမ်သို့ နှစ်ကြိမ်၊ ဟောင်ကောင်သို့ တစ်ကြိမ် ကြွရောက်၍ ပြည်ပသာသနာပြုခဲ့သည်။

# စိစဉ်ပူဇော်သူ၏ မိတ်ဆက်

## စတင်ဖူးမျှော်ရခြင်း

ကျွန်တော်သည် ဧရာဝတီတိုင်း၊ မြောင်းမြမြို့၊ ဆရာတော်ကြီး ဦးပဏ္ဍိတ (မြောင်းမြမြို့မှ သိသည်မှာ ဘုန်းကြီးဦးမြမောင်ဟု သိကြသည်။) ထံသို့ ၁၉၉၂ ခုနှစ်တွင် စတင်ဖူးမျှော်ခဲ့သည်။ ဆရာတော်ကြီးထံသို့ ပထမဦးဆုံး ရောက်ရှိလျှင် ရောက်ရှိခြင်း မြောင်းမြမြို့၊ ရွှေသာလျောင်းဘုရားတွင် ဟောကြားခဲ့သော ခန္ဓာကိုယ်တွေ့ ဝိပဿနာ တရားကက်ဆက်ခွေ (၂)ခွေ စတင်နာကြားခဲ့ရသည်။

## စာမတတ်ပေမယ့် တရားစစ်တရားမှန်ဟော

အဆိုပါ ကက်ဆက်ခွေ (၂)ခွေဖွင့်၍ တရားနာကြားခဲ့ရပြီး မိမိ စိတ်အစဉ်တွင် ဆရာတော်ဟာ စာမတတ်ပေမယ့် သိထားတဲ့ တရားတွေက တကယ့်တရားစစ်၊ တရားမှန်တွေပဲလို့ သဘောပေါက်ခံစားမိပြီး ဆရာတော်အား ကြည်ညိုစိတ်ဖြစ်ခဲ့ရပါသည်။

## တရားစာအုပ်အဖြစ် စီစဉ်ပူဇော်နိုင်ခြင်း မရှိ

၁၉၉၂ ခုနှစ်နောက်ပိုင်းတွင် မြောင်းမြမြို့၊ ဆရာတော်ကြီး၏ ကျောင်းသို့ မကြာခဏဖူးမျှော်ရန် ရောက်ရှိခဲ့ပြီး ဆရာတော်ကြီး၏ တရားများ နာကြားခဲ့ရပါသည်။ ဆရာတော်ကြီး ရန်ကုန်သို့

ကြွရောက်လာလျှင် ညအိပ်ညနေသွားရောက်ဖူးမျှော်၍ ဆရာတော်ကြီး၏ တရားများ နာကြားခဲ့ရပါသည်။ ပုသိမ်မြို့၊ မြောင်းမြမြို့၊ ဝါးခယ်မမြို့ များတွင် ကျင်းပခဲ့သည့် တရားပွဲများတွင်လည်း ဆရာတော်ကြီးမှ ခန္ဓာကိုယ်တွေ့ ဝိပဿနာတရားများ ဟောကြားခဲ့ပါသည်။ သို့သော်လည်း ဆရာတော်ကြီး ဟောကြားခဲ့သော တရားတော်များကို တရားစာအုပ် အဖြစ် စီစဉ်ပူဇော်နိုင်ခြင်း မရှိခဲ့ပါ။

## တရားစာအုပ်အဖြစ် စီစဉ်ပူဇော်နိုင်ပြီ

၂၀၀၀ ပြည့်နှစ်၊ ဧပြီလ (၃)ရက်နေ့တွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ သစ်လုပ်ငန်း ဓမ္မာရုံတွင် ဆရာတော်ကြီးမှ ခန္ဓာကိုယ်တွေ့ ဝိပဿနာတရား ဟောကြားခဲ့ပါသည်။ အဆိုပါ တရားပွဲတွင် ဆရာတော်ကြီး ဟောကြားခဲ့သော တရားတော်များကို ယခုအခါ တရားစာအုပ် အဖြစ် စီစဉ်ပူဇော်လိုက်ပါသည်။

ဗိုလ်မှူးဆရာတော်
စီစဉ်ပူဇော်သူ
ဝိသုဒ္ဓိ ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
မြောင်းမြမြို့ 09 250432050

## စာမတတ်တဲ့အတွက် ဝိပဿနာအသိနဲ့ဟော

ဦးပဉ္ဇင်းက စာပေကျမ်းဂန်မတတ်ပါဘူးဗျာ။ အဲဒီတော့ စာမတတ်တဲ့အခါမှာ ပညတ်တရားနှင့် ပရမတ်တရား၊ သညာတရားနဲ့ ပညာတရား။ ဒီအသိလေးတွေ၊ ဦးပဉ္ဇင်းပြောပြပါ့မယ်။

ခုနက ပြောသလို ပါဠိများဘာမှ စာမတတ်ပါဘူး။ ဦးပဉ္စင်းက တောထွက်ကြီးပါ။ အသက်ကြီးမှ ဝိပဿနာအသိနဲ့ ရဟန်းဘောင်ကို ရောက်လာပါတယ်။ အဲဒီတော့ အားလုံး သံဃာတော်အရှင်သူမြတ် ဆရာတော်ကြီးတွေ၊ သံဃာတော် အရှင်သူမြတ်တွေကို တပည့်တော်က စာမတတ်တဲ့အတွက် ပြောလိုက်တဲ့ စကားလေးတွေဟာ မှားယွင်းသွားရင် အားလုံးက သည်းခံကြပါလို့ ဦးပဉ္စင်းမေတ္တာရပ်ခံပါတယ်။ ဘာမှ စာမတတ်ပါဘူး။ အဲဒီတော့ အသိလေးတွေ ပြောပြပါ့မယ်။

## သဘာဝကို သိလို့သဘော

သံသရာလည်တဲ့တရားနဲ့ သံသရာပြတ်တဲ့တရား သဘောလေးသာ နာလိုက်၊ သဘောလေးဆိုတာက သဘာဝကို သိလို့သဘောလို့ ပြောတာပါ။ အဲဒီတော့ ဘုရားဟောအရ ကာယကံ၊ ဝစီကံ၊ မနောကံ။ ကံ သုံးကံ ရှိတယ်။ ဘယ်ကံက သံသရာလည်သလဲဆိုတော့ မနောကံက သံသရာလည်တယ်။ သံသရာလည်တဲ့ တရားနဲ့ သံသရာပြတ်တဲ့ တရား ရှိတယ်။ မနောဟာ၊ ကံလို့ခေါ် သမုတ်ထားလိုက်တယ်။ ကံဆိုတဲ့ အမည်လေးကို တပ်ပေးတယ်။ ဒီမနောကံဟာ ဘာလို့ ဖြစ်သွားရတာလဲ ဆိုတာ သိရမယ်နော်။ သားလေး သေတယ်၊ သမီးလေး သေတယ်၊ တစ်ခုခု အလုပ်အကိုင် အဆင်မပြေလို့ သောကပရိဒေဝဆိုတဲ့ ဥပါဒါန်ကံ ခေါ်တယ်။

## အမှတ်မှား၊ အယူမှား၊ အစွဲမှားကို ဒိဋ္ဌိခေါ်တယ်

အာရုံငါးပါးနဲ့ မနောကံပေါင်း ဆုံလိုက်တဲ့အခါကျတော့ သညာက မှတ်ပေးတယ်။ သညာဆိုတာ ပါဠိစကား၊ ဗမာလို မှတ်တာ။ အဲဒီအမှတ်ကလေးက အာရုံမှာ မှတ်လိုက်တော့ အမှတ်မှားတယ်၊ အယူ မှားတယ်၊ အစွဲမှားတယ်၊ အဲဒါကို ဒိဋ္ဌိလို့ ပြောလိမ့်မယ်နော်။ သက္ကာယ ဒိဋ္ဌိလို့ ခေါ်လိမ့်မယ်။ သက္ကာယဒိဋ္ဌိဆိုတာ ငါမြင်တယ်ကွ၊ ငါ့မျက်စိက အခု မြင်တယ်ကွ။ ငါ့နား အခု ကြားတယ်ကွ။ ငါဘဝင်က သိပြီ။

## ကိုယ့်စိတ်ကိုယ်စစ်

အဲဒီလို မြင်လိုက်၊ ကြားလိုက်၊ သိလိုက်တဲ့အခါ စေတနာတွေ ပျက်ကြတယ်။ ဘာဖြစ်လို့ စေတနာတွေ ပျက်သလဲ၊ လောဘ၊ ဒေါသ ဖြစ်သွားတယ်နော်။ ကိုယ့်စိတ်ကိုယ်စစ်။ အာရုံနဲ့မနောဒွါကြောင့်မို့ ဘုရားက သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စတဲ့။ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခတဲ့။ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့။ အဲဒါ ဘုရားဟောအရ ကံကို ဟောတာပါ၊ မှန်တာပေါ့၊ ယခု ဒကာ၊ ဒကာမတွေအားလုံး ရှိကြတဲ့ လူ့ဘုံမှာ မှန်တယ်။ ဘာမှန်သလဲ၊ သမုတိသစ္စာ မှန်တာပေါ့၊ သမုတိသစ္စာက ဝိရတိသစ္စာ၊ ဝိရတိသစ္စာက သဘာဝသစ္စာ၊ သဘာဝသစ္စာ႒ ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာက အရိယာသစ္စာ ရောက်အောင်သွားကြရမယ်။ အရိယာ

သစ္စာနဲ့ သမုတိသစ္စာက ကွာနေ တယ်ဗျ၊ ယခု ဦးပဉ္စင်းတို့ နေထိုင်တဲ့ ဘုံမှာ သမုတိသစ္စာ မှန်ပါတယ်။ သံသရာကို စိတ်မချရဘူး၊ ကိုယ့်စိတ်ကို စစ်ပေတော့။ ဘာလို့ စိတ်မချရလဲ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဉပါဒါန်၊ ဉပါဒါန် ကြောင့် ကံဖြစ်တယ်။ အာရုံနဲ့ သညာပေါင်းတယ်။ ဒါကြောင့် ဘုရားက ပညတ်ထားတာပါ။ ဦးပဉ္စင်းလည်း စာမတတ်တော့ သဘောလေး မှားသွားရင် ဆရာတော်၊ သမားတော်ထေရ်ကြီးဝါကြီး သံဃာတော်အရှင်သူမြတ် ကိုရင်လေးကအစ တပည့်တော် စာ မတတ်ပါဘူး၊ အားလုံးတောင်းပန်ဝန်ချပါတယ်။ ပညတ်နဲ့ ပရမတ် ကိုဗျ၊ အတ္တနဲ့ အနတ္တကိုဗျ၊ လောကီနဲ့ လောကုတ္တရာကိုဗျ၊ အဲဒါလေး တွေ အသိလေးနဲ့ ပြောပြတာပါ။

## ဘုရားက နိဗ္ဗာန်မဂ်ဖိုလ်ရောက်အောင် ပညတ်ခဲ့

ကာယကံသုံးပါး ရှိတယ်၊ ဝစီကံ လေးပါးရှိတယ်၊ မနောကံ သုံးပါး ရှိပါတယ်။ ကာယကံ သုံးပါး ဘာကြောင့် ဖြစ်သလဲ၊ အာရုံ ကြောင့် အာရုံနဲ့ သညာပေါင်းတော့ သင်္ခါရ ဖြစ်သွားတယ်ဗျို့။ သောမနဿ ဝမ်းမြောက်သွားတယ်၊ မိုးတွေကလည်း ရွာတယ်၊ ချောင်းအိုင်အင်းများလည်း ရေတွေ ကြီးတော့ ငါးတွေက တစ်ခါတည်း တက်တာ၊ တက်တဲ့ အခါကျတော့ ငါးတွေရဲ့နာမည်တွေကတော့ ငါးသလောက်တွေပါလား၊ ငါးကြင်းတွေပါလား၊ ငါးမြစ်ချင်းတွေ

ပါလား အဲဒီအာရုံမှာ သာယာတယ်။ သာယာတော့ တုတ်ဆွဲ၊ ဓားဆွဲပြီး ခုတ်တာပဲဗျို့။ အဲဒါ ပါဏာတိပါတာ၊ အဲဒါကို ဘုရားက မလုပ်ဖို့ ပညတ်ခဲ့ပါတယ်။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။ သူများပိုင်ဆိုင်သော မူး၊ မတ်မှစ၍ ရေတွင်း ရေကန်တွေ မြင်မယ်ဟေ့၊ မင်းသွားမယူနဲ့ မင်း အယူမှားနေပြီ၊ အမှတ် မှားနေပြီ၊ အစွဲမှားနေပြီ၊ အဲဒါ မင်းသွားမလုပ်နဲ့လို့ ဘုရားက ပညတ်ခဲ့တယ်။ ဘာလို့ ဒါတွေ ပညတ်ရသလဲ၊ ဘုရားက နိဗ္ဗာန်၊ တမဂ်၊ တဖိုလ် ရအောင် ပညတ်ခဲ့တာပါ။

## မစွဲနဲ့စွဲရင် ကံဖြစ်မယ်

ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဒါတွေ စာက ရေးပါတယ်။ ဘုရားဟောအရပါ။ ဒီဉာဏ်တွေဟာ လောကုတ္တရာဉာဏ်ကြီးတွေပါ။ အဲဒီဉာဏ်ကြီးတွေ ရအောင် ဘုရားက ပညတ်တာပါ။ ဒီမှာ စွဲလမ်းသွားရင် ဥပါဒါန်တွေ ဖြစ်ပါတယ်။ ဥပါဒါန်ဖြစ်ရင် ကံဖြစ်တယ်နော်။ အဲဒါကြောင့် ပြန်ကြရမှာပါ။ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်း တရားရှိတယ်၊ စိတ်သာချ၊ စိတ်ကမအိုဘူး၊ ရုပ်ကတော့ တွက်ကြည့် ပေါ့ဗျာ။ ကိုယ့်ခေါင်းထဲက ဆံပင်တွေ ဖြူကုန်ပြီ၊ နားတွေလည်း လေးလာပြီ၊ ခါးတွေလည်း ကိုင်းလာပြီ။

## အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊ မောဟဖြစ်

ဘုရားက ဟောတယ် ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ဒါ သိရမယ်။ ဩော် ငါ ကမ္မဝဋ်ဒုက္ခပါလား၊ ဥပါဒါန်ကြောင့် ကံ၊ ကံကြောင့် ဒုက္ခဖြစ်နေပါလား၊ ဥပါဒါန်ကံ ခေါ်တယ်ဗျ။ အဲဒါ အနုသယ အာရုံနဲ့ ပေါင်း၊ ရောဂါတွေက ဖောက်ပြန်ပြီးတော့ ရုပ်က အကျိုး၊ ရုပ်အကျိုး တရားမှာ အကြောင်းတရားနာမ်က ခံစားရတယ်ဗျို့။ အကျိုးပေါ်မှာ အကြောင်းတွေ ဖြစ်တယ်။ ကိုယ်ခံစားရတဲ့ ဒုက္ခဝေဒနာကို ဘေးက သားသမီးက စောင့်ရှောက်ကူညီနိုင်ဖို့ပဲ ရှိတယ်။ သူ ခံစားနေရတဲ့ ဒုက္ခ ဝေဒနာကို သမီးကလည်း မယူနိုင်ဘူး၊ သားကလည်း မယူနိုင်ဘူး၊ သူ့မှာ အဲဒီ ဒုက္ခကြီး ရှိတယ်။ ဘေးက သားသမီးတွေက ကူညီထောက်ပံ့ ပေးနိုင်တယ်။ အဲဒီ ရုပ်ကြီး လိုချင်သေးသလား။ ထမင်းမစားနိုင် မစားချင်တော့ပါဘူး၊ လည်ချောင်းတွေက အနာဖြစ်လို့ ဗိုက်ထဲမှာ သွေး၊ ပြည်၊ သလိပ်တွေနဲ့ ကိလေသာရဲ့ နှိပ်စက်မှုဒဏ်တွေ ခံနေရတယ်။ ကိလေသာဓာတ်တွေရဲ့ နှိပ်စက်မှုဒဏ်ခံနေရတာ သူ မသိဘူး။ သူတို့ သိတာ အာရုံနောက်ကို လိုက်ကြတာပဲဗျို့၊ လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်ကြတာပဲဗျို့။

## လုပ်မှသိမယ်၊ သိမှ ပယ်မယ်၊ ပယ်မှ မဂ်ဆိုက်ဖိုလ်ဆိုက် ဖြစ်မယ်

ကိုယ့်ထက်ကြီးသော သူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်က သူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ၊ ဗြဟ္မစိုတရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ချင်းစာတရားထားပါ။ ကိုယ့်ကို ရာဇမာန်တွေ၊ ဓနမာန်တွေ၊ စာမာန်တွေ၊ ငါမာန်တွေ မစွဲနဲ့။ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ်။ အပြင်မှာ သူတော်ကောင်းတွေရဲ့ စိတ်နဲ့ နေပါ။ အပြင်မှာ စင်ကြယ်မှ အပြင် သီလမှန်မှ အတွင်းသမာဓိ၊ အဓိစိတ္တဆိုတာ စိတ်ကလေးတွေ ငြိမ်ဝပ်ပိပြားလာလိမ့်မယ်နော်။ ဦးပဥ္ဇင်းက စာမတတ်ဘူး ပြောတဲ့အခါမှာ သူကခန္ဓာက သိတဲ့ဟာတွေကို သူ့အာရုံကျသလို ပြောသွားတာပါ။ အဲဒီတော့ ဒါလေးတွေကို ဒကာ၊ ဒကာမတွေနဲ့ ဒီဘဝမှာ တွေ့ရမယ်၊ ကြုံရမယ်၊ ဆုံရမယ်၊ ကွဲကြရမှာကိုဗျ။ မကွာခင်၊ မအိုခင်၊ မနာခင်၊ မသေခင်မှာ ဦးပဏ္ဍိတ ပောသွားတဲ့အသိ ယုံပါလို့ ဦးပဥ္ဇင်း မပြောပါဘူး၊ လေ့လာပါ၊ စုံစမ်းပါ၊ သုံးသပ်ပါ၊ လုပ်ကြည့်ပါ၊ အလုပ်ကို လုပ်မှ သိမယ်၊ သိမှ ပယ်မယ်၊ ပယ်မှ မဂ်ဆိုက်ဖိုလ်ဆိုက် ဖြစ်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွားတာလေးတွေ ခင်ဗျားတို့အပေါ် မှာ မူတည်တယ်။

## မနောကံသုံးပါးက သံသရာလည်တယ်

သီလဆိုတာ ခုနက ပြောခဲ့သလို သူများ အသက်ကို သတ်ပြီ၊ သူများ ပစ္စည်းကို ခိုးပြီ၊ ဒါတွေဟာ တွေးကြည့်ပေါ့ဗျာ၊ အဲဒါ ဘုရားတား ထားတာတွေ၊ ပညတ်ပြစ်ခဲ့ပါတယ်။ မိစ္ဆာအယူတွေ မယူပါနဲ့၊ သမ္မာအယူတွေ ယူပါ။ သမ္မာဆိုတာ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမာအာဇီဝ အဲဒီမဂ္ဂင်ရှစ်ပါးနှင့် မိမိရဲ့စိတ်ကို စစ်ပါ။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာ ကမ္မတ၊ သမ္မာအာဇီဝ အဲဒါ ဘာမဂ္ဂင်လည်း။ သီလမဂ္ဂင်ခေါ်တယ်။ သီလမဂ္ဂင် ဖြစ်အောင် ငါဘယ်လို လုပ်မလဲ၊ ကောင်းပြီ ခုနက ကာယကံ သုံးပါး၊ ဝစီကံ လေးပါး၊ မနောကံ သုံးပါး ပေါင်းလိုက်တဲ့အခါ ဦးပဥ္စင်းက သဘောလေးနဲ့ ပြောပြပြီပေါ့ဗျာ။ စာတတ်တဲ့ပုဂ္ဂိုလ်တွေကတော့ သိပါတယ်။ ဦးပဥ္စင်းအသိကတော့ ကာယကံ သုံးပါ၊ ဝစီကံလေးပါး၊ မနောကံ သုံးပါး ပေါင်းလိုက်တော့ ဒုစရိုက် (၁၀)ပါးပေါ့ဗျာ။ ဒုစရိုက် (၁၀) ပါးမှာ ဘယ်ဒုစရိုက်က သံသရာလည်သလဲ၊ ဘယ်ကံက လည်သလဲ အဲဒါကိုလည်း ကြည့်အုံး၊ အဲဒီတော့ ငါသည် ဘယ်ကံက လည်သလဲ၊ မနောကံက လည်တယ်၊ မနောကံ သုံးပါးက ဘာတွေလဲ၊ ဘာတွေ ဟောသလဲ၊ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ မိစ္ဆာဒိဋ္ဌိရယ် အဲဒီသုံးခု ကြောင့် လည်တယ်။

## ထိတာကရုပ်၊ သိတာကနာမ်

ဒါကြောင့် ဒိဋ္ဌိသတ်ဖို့ လိုတယ်။ ဒိဋ္ဌိသတ်တဲ့အခါ ကျွဲကူးရင် ရေပါတယ်။ အပြင် သီလလုံပြီဗျို့။ တပလ္လင်ခွေပြီးတော့ တရားထိုင်တဲ့ အခါမှာ ကာယကံ၊ ဝစီကံလုံနေပြီ၊ မနောက သတ်တယ်၊ ဗျာပါဒဆိုတာ စိုးရိမ်ကြောင့်ကျသောက ပရိဒေဝ ဥပါဒါန်ကံခေါ်တယ်။ ဒီကံတွေကို မင်းနှလုံး-မသွင်းနဲ့။ ထိတယ်၊ သိတယ်၊ ထိတာက ရုပ်၊ သိတာက နာမ်၊ အဲဒီတော့ ကာယ သတိပဋ္ဌာန်မင်းလုပ်ပြီး သမုတိသစ္စာ မင်း မှန်နေပြီ ငါတပည့်။ သမုတိသစ္စာ မှန်အောင်လုပ်လိုက်။ အဲဒီတော့ သမုတိသစ္စာဟာ သမ္မာဝါစာသမ္မာကမ္မတ၊ သမ္မာအာဇီဝ ဘုရားဟောအရ မဂ္ဂင်ရှစ်ပါး အဲဒီတော့ လမ်းဆုံးတော့ မင်း ရှာတွေ့လိမ့်မယ်။

## မမြင်ချင်တော့ဘူး၊ မကြားချင်တော့ဘူး၊ မသိချင်တော့ဘူး

မင်းရဲ့ယုံကြည်မှု သဒ္ဒါ၊ မင်းရဲ့ကြိုးစားမှုဝိရိယ၊ အဲဒီတော့ သဒ္ဒါဗိုလ်ရယ်၊ ဝိရိယဗိုလ်ရယ်၊ သီလဗိုလ်ရယ်၊ သမာဓိဗိုလ်ရယ်၊ ပညာဗိုလ်ရယ် ဒါဝိပဿနာကို လုပ်ပြီ။ ဒီလို တပလ္လင်ခွေ တရားထိုင် လိုက်တဲ့ အခါမှာ ဥပမာပေါ့ဗျာ၊ ဦးပဥ္ဇင်းသဘောလေး ပြပါ့မယ်။ ဦးပဥ္ဇင်းက စာမတတ်ဘူး၊ တပလ္လင်ခွေ လက်ကလေးကို ပိုက်ပြီး တော့ ရှူတယ် . . ရှူး . . . ရှူး . . . ရှူး . . . ရှူး . . . ရှူး . . . ရှူး . . . ရှူး . . . ရှူး . .. ရှူး . . . ရှူး . . . ရှူး . . . ရှူး . . . အဲဒါ ဘာလုပ်

ရသလဲ။ သစ်တုံးကြီးများ လွှဆွဲရသလိုပဲ၊ ရှမ်း . . . ရှမ်း . . . ရှမ်း . . . ရှမ်းနဲ့ နားက ကြားတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လူရိုင်းကိုဗျ။ စာမတတ် ပေမတတ်ဆိုတော့၊ လူရိုင်းဆိုတော့ စေတသိတ်ကို သိပ်တော့၊ တွေးစိတ်ပေါ့ဗျာ။ မြင်စိတ်ကိုလည်း သတ်မယ်၊ မမြင်ချင်တော့ဘူး၊ မကြားချင်တော့ဘူး၊ မသိချင်တော့ဘူး၊ မထိချင်တော့ဘူး၊ အာရုံငါးပါးလည်း သတ်ပြီ၊ အဲဒီ အာရုံတွေကို ယူထားတဲ့ အတွက် အယူမှား၊ အမှတ်မှား၊ အစွဲမှားဆိုတဲ့ ဒိဋ္ဌိတွေ ဖြစ်တယ်။ ဟိုနောက် နောင်အတိတ်က ဟာတွေလည်း ပေါ်လာလိမ့်မယ်။ သူ့အာရုံက ပေါ်ချင်ပေါ်လာလိမ့်မယ်။ အဓိစိတ္တမှ မငြိမ်သေးတာပဲ။ ပရမ်းပတာ ဖြစ်နေတယ်၊ အဲဒီတော့ ဒီလို စိတ်ကလေးကို အာရုံငါးပါးနဲ့ မပေါင်းနဲ့။ မြင်ချင်လား . . . မမြင်ချင်ဘူး၊ ကြားချင်လား . . . မကြားချင်ဘူး၊ သိချင်လား . . . မသိချင်ဘူး။

## ပညတ်ဓာတ်ကနေ ပရမတ်ဓာတ်ကို ကူးရမယ်

ဒီတော့ စေတသိတ်က လောကီစိတ်တွေ တွေးတယ်၊ သားတွေးလိုက်၊ သမီး တွေးလိုက် ဥပါဒါန်စိတ်ကလေးတွေ၊ အနုသယစိတ်ကလေးတွေ၊ အဲဒါစွဲလို့ တွေးတာ၊ ဒါ ဥပါဒါန်၊ အနုသယခေါ်တယ်။ ဒါကြောင့်မို့ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်နဲ့ ရှုမှတ်ကြပါ၊ ပွားများကြပါ၊ လုပ်ကြပါ၊ လုပ်မှသိမယ်၊

သိမှ ပယ်မယ်၊ ပယ်မှ မင်္ဂဆိုက် ဖိုလ်ဆိုက် ဖြစ်မယ်။ သဘောလေး သာနာ၊ သဘောလေးပဲ၊ သဘာဝကို သိလိမ့်မယ်။ သဘာဝဓာတ် ဆိုတာ ပရမတ်ဓာတ်၊ ပရမတ်ဓာတ်ကို တွေ့အောင်ရှာခိုင်းတာ ပညတ်ဓာတ်ကနေ ပရမတ်ဓာတ်ကို ကူးရမယ်။ သညာကို သိရမယ်၊ အတ္တကိုလည်း သိရမယ်၊ ကိုယ့်ဟာကို သိရမယ်၊ အဲဒီတော့ ဒါတွေဟာ သမုတိသစ္စာမှာ မှန်ပါတယ်။ အဲဒါတွေဟာ ဗျာပါဒ၊ အဘိဇ္ဈာဖြစ်ရတာ၊ ဗျာပါဒဆိုတာ စိုးရိမ်ကြောင့်ကြတဲ့စိတ်တွေ၊ သောကပရိဒေဝတွေ ဖြစ်တယ်။

## အပြင်သီလမှန်မှ အတွင်းသမာဓိ ငြိမ်ဝပ်ပိပြားလာမယ်

အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ၊ ဘယ်ကံလည်း မနောကံ၊ အဝိဇ္ဇာဆိုတာ အာရုံ (၆)ပါး၊ အခုဟောနေတာ အာရုံကို ဟောနေတာ၊ ကာယ သတိပဋ္ဌာန်မှာ ကာယကံ၊ ဝစီကံအပြင် သီလလုံနေပြီ၊ သူများအသက် မသတ်တော့ဘူး၊ သူများပစ္စည်း မခိုးတော့ဘူး၊ သူများ သားမယားလည်း မဖျက်ဆီးတော့ဘူး၊ သေရည်သေရက်လည်း မသောက်တော့ဘူး၊ ဝိကာလ ဘောဇနာလည်း မစားတော့ဘူး၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ် မရာသောဟာတွေ သူ မလုပ်တော့ဘူး။ ရပ်ကွက်မှာလည်း မဖွယ်မရာသော ဟာတွေကိုလည်း မပြောတော့ဘူး။ ကြီးသူကို ရိုသေတယ်၊ ငယ်သူကို လေးစားတယ်၊

သူ ကြင်နာလာပြီ၊ တဖြည်းဖြည်း သူ လုပ်လာပြီ၊ အပြင်မှာ သူ စင်ကြယ်အောင် လုပ်တယ်၊ အပြင်သီလမှန်မှ အတွင်းသမာဓိ ငြိမ်ဝပ်ပိပြားလာမယ်နော်၊ ဒါစိတ်ကို စစ်တာ၊ ဘာနဲ့ စစ်လဲ၊ သမ္မာနဲ့ စစ်တယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ အဲဒါ သီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမာဓိမဂ္ဂင်၊ သမ္မာဝါယမဆိုတာ၊ သမ္မာဆိုတာ ကောင်းသောအလုပ်၊ ဝါယမဆိုတာ အမြဲတမ်း နေ့ရောညပါ သူ လုပ်နေပြီ။ သမ္မာဝါယမနဲ့ သမ္မဝါစာ မတူဘူး၊ တစ်လုံးနဲ့တစ်လုံး မတူလိုက်ဘူး။ သတိလေးထား၊ ဒီဘဝ ပြန်ကြရမှာ၊ ကိုယ့်အဖေလို အောင်းမေ့တယ်၊ ကိုယ့်အစ်ကိုလို အောင်းမေ့တယ်၊ ကိုယ့်အစ်မကြီးလို အောင်းမေ့တယ်၊ တရားဟာ ခံစားရတယ်နော်၊ တကယ် ကိုယ်လုပ်ရင် တကယ်ခံစားရတဲ့ တရားတွေပါနော်။

## ဓမ္မဆိုတာ ခန္ဓာက သစ္စာလေးပါး ခေါ်တာ

အဲဒီတော့ ဗုဒ္ဓ၊ ဓမ္မဆိုတာ ယုံကြည်တယ်နော်၊ ဗုဒ္ဓဆိုတဲ့ ဗုဒ္ဓရဲ့သွားတဲ့လမ်းစဉ်၊ ဓမ္မဆိုတာ ခန္ဓာက သစ္စာလေးပါးကို ခေါ်တာနော်။ စာတော့ မတတ်ဘူး၊ သဘောလေးသာ နာလိုက်၊ ပရိဘောဂ စေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီလို့ စာက ရေးထားတာ။ ဒါကြောင့်မို့ စာက မှန်၏။ ဉာဏ်မမီ၊ ထိအောင်သူ မသိ၊ စာတွေနဲ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက်ငါတွေ့က သာတယ်။ ဟောသူခံစားနေရတယ်တဲ့၊ ပြောပြီလေ အဲဒီတော့ စာမဖတ်တတ်

တော့၊ ကိုယ် တတ်တဲ့အသိ လုပ်ပါတယ်ဗျာ၊ အဲဒီတော့ ဒါတွေကို လည်း ကိုယ့်စိတ်ကို ကိုယ်စစ်ပါတယ်။ ကိုယ့်စိတ်ကို ဘာနဲ့ စစ်ရ သလဲ၊ မဂ္ဂင် (၈)ပါးနဲ့ စစ်လို့ ရှိရင် ခင်ဗျားကြာရင် သိလာလိမ့်မယ်၊ ခင်ဗျားမဂ္ဂင်က မှန်တယ်နော်၊ ခင်ဗျားစိတ်နဲ့ အာရုံမကွဲတဲ့အတွက် ကြောင့် ခင်ဗျားမှာ သညာ၊ သင်္ခါရ၊ ဥပါဒါန်ဖြစ်နေတယ်။ အာရုံ (၅)ပါး တဏှာတွေနော်၊ အင်မတန် နူတဲ့ တဏှာတွေ၊ ဘုရားကြိမ်း တာလည်း ဒီတဏှာကို ကြိမ်းတာ။

## စိတ်အကြောင်း သဘောလေးနဲ့ ပြောမယ်

အဲဒီတော့ မြင်လိုက်တဲ့အခါမှာ အဲဒီဘုန်းကြီးရဲ့ မနောက သာယာလိုက်တာ၊ ဘေးက ဒကာ၊ ဒကာမ ဘယ်သိမလဲဗျာ၊ ဒါ တက်ထရွန်သင်္ကန်းကွ၊ တက်ထရက်သင်္ကန်းကွ၊ ဒါ ငွေ သိန်း (၄၀) ကွ၊ ဒါ ခြောက်သိန်းကွ၊ အဲဒီ ဘုန်းကြီးက သောမနဿ မနောကက သာယာနေတယ်။ အဲဒီဝတ္ထုကာမကို သူက မြင်ပြီဗျို့။ ဘာနဲ့ မြင်သလဲ သညာနဲ့ မြင်ထားတယ်။ အဲဒီရဟန်းပေါ်မှာ မူတည် ပါတယ်နော်၊ ဒါကြောင့်မို့ သမုတိသစ္စာမှန်ဖို့ လိုတယ်။ တဏှာ ပါနေပြီ၊ သာယာတယ်၊ အပြင် အာရုံနဲ့ အတွင်းအာရုံ ပေါင်းလိုက် တယ်၊ တဏှာဖြစ်သွားတယ်။ ဒါတွေဟာ သိပ်အရေးကြီးပါတယ်။ ဒါကြောင့် မဂ္ဂင်ရှစ်ပါးက အစစ် အမှန်နိဗ္ဗာန်ကို သွားတာ၊ ကိုယ့်စိတ်က အယူမှား၊ အမှတ်မှား၊ အစွဲမှား နေတယ်။ ပေါဝတ္ထု ကာမ၊ ငါ့မှာရှိတာက ကိလေသာကာမ ယှဉ်တွဲ သုံးဆောင်မိပါက

အများကြိုက်၏၊ ကိုယ်လည်း ကြိုက်၏၊ အရိယာ ပုဂ္ဂိုလ် မကြိုက်ဘူး။ အရိယာဆိုတာ ဘာလဲ၊ အေး ပြောပြမယ်၊ ငါ အရိယာ မဟုတ်ဘူးနော်၊ မပြောဘူးနော်၊ ငါ ရဟန္တာလည်း မပြောဘူး နော်၊ သကဒါဂါမ်လည်း ငါ မပြောဘူး၊ အနာဂါမ်လည်း ငါ မပြောဘူး၊ စာမတတ်ဘူး ပြောထားတယ်နော်၊ ငါ စိတ်အကြောင်းလေးသာ ပြောသွားတယ်။ စိတ်အကြောင်း သဘောလေးနဲ့ ပြောသွားတယ်။ ကိုယ်ဟာကိုယ် တတ်သရွေ့မှတ်သရွေ့ လုပ်ကြ။ ကျွဲကူးရေပါလိမ့် မယ်နော်။

## သွေးသားပြောင်းတယ်၊ စိတ်ပြောင်းတယ်

အဲဒီတော့ ခုနက အရိယာဆိုတဲ့ အရိယာဟာ ဘာလုပ်သွား သလဲ၊ အေး . . . အရိယာပြောမယ်၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝ သစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ၊ အရိယာသစ္စာဟာ အာရုံနောက် မနော မလိုက်တော့ဘူးပေါ့ဗျာ။ အာရုံပြတ်သွားပြီ၊ ငါ စာတော့ မတတ်ဘူး၊ ဒီအာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံ သိပြီပေါ့ကွာ၊ တဏှာသိပြီပေါ့ကွာ၊ သွေးသားလည်း ပြောင်းတယ်၊ စိတ်လည်း ပြောင်းသွားပြီ၊ ဟော . . . သူ ပြောသွားပြီ၊ သွေးသား လည်းပြောင်းတယ်၊ သွေးသားဟာ ဘာသွေးသားလဲ၊ ကိလေသာ သွေးသားတွေပေါ့ကွာ၊ ဒီအာရုံကိုလည်း ငါသိပြီကွ၊ ငါတော့ ထုတ်မပြတတ်ဘူး၊ သဘောလေးနဲ့သာ နာကြ။

## ဦးပဏ္ဍိတစိတ်ကို သမ္မာနဲ့ တိုက်သွားတယ်

အဲဒီတော့ ဦးပဏ္ဍိတစိတ်ကို ဘာနဲ့ တိုက်သလဲဆိုတော့ သမ္မာနဲ့ တိုက်သွားတယ်၊ ဝိနည်းလည်း သူ မသိပါဘူး၊ အသက်က လည်း ကြီးပြီ၊ ဒီဝိနည်းစာအုပ်ကို သင်ပါဆိုလို့ ငါတော့ စာမှ မတတ်တာ၊ နှစ်တန်းပဲ တတ်တယ်၊ တောသားပါ၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာမှာ နေပါတယ်၊ ဖအေနာမည် ဦးချိုးတိုး၊ မအေ နာမည် ဒေါ်အုန်းမေပါ၊ ညီအစ်ကို မောင်နှမ (၆)ယောက် ရှိပါတယ်။ သူက ဒုတိယလူပါ၊ ပထမ မသောင်းကြည်ဆိုတာက ဒကာမလေးပါ၊ တစ်ယောက်မှ မရှိတော့ဘူး၊ ဘယ်လောက် ရင်နာဖို့ ကောင်းသလဲ ဆိုတာ။

## မရှိတာရှာရင် ရတယ်၊ မသိတာ အခက်ဆုံး

လူပြည်ရောက်လာတယ်၊ မသိတာအခက်ဆုံးပဲ၊ မရှိတာ ရှာရင် ရတယ်၊ မသိတာက အခက်ဆုံးပဲဗျို့။ ဦးပဋ္ဌင်းလည်း လူဘဝ က တော်တော် မကောင်းခဲ့ပါဘူး၊ အရက်ပုလင်းဘုံဆိုင်မှာ နေတယ်၊ ပုလင်းက လာတာ မဟုတ်ဘူး၊ ကိုယ်က စွဲလို့ သောက်တာ၊ ဒါ ဥပါဒါန်ပေါ့၊ မိစ္ဆာအယူတွေ၊ ကြည့်စမ်း၊ သေများသေသွားရင် (၃၁)ဘုံကို ဟောထား ပြီ၊ ဟာ . . . လိုက်ကြည့်တော့ . . . အို . . . ဘုရား . . . ဘုရား သိသွားတော့ ကြောက်ပြီဗျို့၊ မသိတဲ့သူကတော့ ဒါပေါ့ဗျာ။

## အတိတ်ကိုလည်း သိမယ်၊ အနာဂတ်လည်း မြင်မယ်

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို ပစ္စုပ္ပန်ကနေကြည့်၊ အတိတ် ကိုလည်း သိလိမ့်မယ်၊ အနာဂတ်ကိုလည်း မြင်လိမ့်မယ်နော်၊ အင်မတန် ထူးတဲ့ တရားတွေ၊ ဒီမဂ္ဂင်ရှစ်ပါးကို လက်မလွှတ်ပါနဲ့၊ အာရုံနဲ့ ဒိဋ္ဌိကို သတ်သွားတာပါ၊ သူ့မှာ သီလတွေလည်း ဖြစ်ကုန်ပြီ၊ ကြည့်စမ်း တရား ထိုင်တယ်၊ ဆေးလိပ် မသောက်တော့ဘူး၊ တွေးသာကြည့်၊ ဝိနည်းပုဂ္ဂိုလ် နဲ့၊ အဲဒီမဂ္ဂင်ရှစ်ပါးလမ်းက သွားတဲ့ ပုဂ္ဂိုလ်နဲ့ယှဉ်ကြည့်၊ ဒါသစ္စာနဲ့ ပြောတာ။

## စိတ်ကိုအေးနေရမယ်

ဒကာ ဒကာမတွေကလည်း (၅)ပါးသီလ၊ (၈)ပါးသီလ၊ (၉)ပါး သီလယူတယ်။ သူကြိုက်တာ သူယူတာ၊ ဒါမှန်တာပေါ့၊ သမုတိသစ္စာပဲ၊ သံသရာကိုနော် . . . တွေးကြည့်ပေါ့၊ သံသရာ ဘယ်ကစလဲ၊ ခန္ဓာက စတယ်၊ သားသေလည်း ဥပါဒါန်ပူမှာပဲ၊ သမီး သေလည်း ဥပါဒါန်ပူမှာပဲ၊ အလုပ်အကိုင် အဆင်မပြေဘူး၊ အလုပ် ပြုတ်သွားတယ်ဆိုရင် စိတ်ဆင်းရဲတာပဲ ပူတာပေါ့၊ စိတ်ကို အေးနေ ရမယ်၊ တဏှာဖြစ်သွားတယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်သွားတာ၊ စာက ဆိုထားပါတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ၊ သံသရာ လည်တဲ့ တရားတွေ၊ သံသရာပြတ်အောင် မဂ္ဂင်ရှစ်ပါးနဲ့ သွားကြ ရမယ်။ ကိုယ့်စိတ်ကို စစ်ပါဗျာ။

## ကျင့်ထားတဲ့ပုဂ္ဂိုလ် အပြစ် မဖြစ်ခင်က သိတယ်

နေကြထိုင်ကြတဲ့အခါမှာ သားလေး သူများကို သွားရိုက်တယ်၊ သူများကို သွားချလိုက်တယ်၊ ရဲက ဖမ်းရောဗျို့၊ သူ သွားရိုက်တာကိုဗျ၊ ဦးပဏ္ဍိတက သွားရိုက်ကြည့်ပါလား၊ ဦးပဏ္ဍိတကို ဖမ်းမှာပေါ့ဗျာ၊ အဲဒီတော့ ၃၂၃၊ ၃၂၄၊ ၃၂၅၊ ၃၂၆ ဒါတွေဟာ ရိုက်မှုတွေ၊ ကိုယ်က မလုပ်ရင် ဘာမှမဖြစ်ဘူး၊ ကိုယ်သွားလုပ်တာကိုဗျ၊ နေတတ်ဖို့ လိုတယ်၊ စားတတ်ဖို့ လိုတယ်၊ သွားတတ်ဖို့ လိုတယ်၊ အဲ သွားရိုက်တော့ ပုဒ်မ တတ်တော့ ၃၂၆ ဖြစ်လည်းဖြစ်ရော ရဲအရေးပိုင်တာပဲဗျို့၊ ဟာအမေက ပူတာပဲဗျို့၊ သူ့သားသွားရိုက်တာကိုဗျ၊ ပူမှာပေါ့၊ ကျင့်ထားတဲ့ ပုဂ္ဂိုလ်ကလေ၊ အပြစ်ကို မဖြစ်ခင်က သိတယ်၊ အဲဒါဆိုသဘောပေါက်ရော ပေါ့ဗျာ။ ပုထုဇဉ်က အပြစ်ကို ဖြစ်ပြီးမှ၊ အချုပ်ထဲရောက်မှ ကျွန်တော် မှားပါလား၊ ဒီအရက်တွေ သောက်တာ ကျွန်တော်မှားပါလား၊ သူ့ကိုယ်သူ မှားတယ်၊ မှန်တယ် ဆိုတာ မသောက်ခင်တဲက သိရမယ်၊ မကောင်းဘူး ဆိုတာ သိရမယ်။

## ဘယ်သူပျက်ပျက် မင်းစေတနာမပျက်စေနဲ့

ကိုယ့်ထက်ကြီးသူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်ထက်ငယ်သူကို သနားပါ၊ ကိုယ်ကျင့်တရားထားပါ၊ ဗြဟ္မစိုရ်တရား ထားပါ၊ သံဝေဂတရားထားပါ၊ ညီအစ်ကိုအရင်းတွေ

လို ထားပါ၊ အော် . . . အေး . . . အော် . . . အေး . . . အော် . . . အေး စေတနာမပျက်ပါနဲ့၊ ဘယ်သူပျက်ပျက် မင်းစေတနာ မပျက်ပါနဲ့၊ စေတနာတွေပျက်တယ် ဆိုတာ သညာဖြစ်လို့ ပျက်ရတာပါ၊ ပညာ ဖြစ်ရင် စေတနာ မပျက်ပါဘူး၊ အတ္တကို သွားစွဲတာပါ၊ အဲဒါလေးတွေ အရေးကြီးပါတယ်၊ ကိုယ်လမ်းကို ပြန်ကြရမှာ။

## အပေါင်းအသင်း မှားလို့ ပျက်တတ်တယ်၊ အပေါင်းအသင်း ကောင်းလို့ တက်တတ်တယ်

အဓာတသတ် ဘယ်သူနဲ့ ပေါင်းလဲ၊ အဓာတသတ် ဒေဝဒတ်နဲ့ ပေါင်းလို့ အပေါင်းအသင်းမှားလို့ ပျက်တတ်တယ်၊ အပေါင်းအသင်းကောင်းလို့လည်း တက်တတ်တယ်။ ကြည့်ပြီးတော့ ကိုယ်က ဦးနှောက် ဉာဏ်လေးနဲ့ပေါင်း၊ ကံဉာဏ်ဝီရိယလို့ ရေးထား တယ်။ ကံဆိုတာ စေတနာကို ခေါ်တာ၊ အဲဒီတော့ ဒါလေးတွေဟာ သိပ်အရေးကြီး ပါတယ်။ နေတတ်ဖို့ လိုပါတယ်၊ ဦးပဥ္စင်းလည်း ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ၊ ကံကုန်ရင် ပြန်ကြရမှာ။

## ရုပ်နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာ ဝိဇ္ဇာ

ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်လို့ ဘုရားက ဟောထားတယ်၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ

ရှာနော်၊ ဒုက္ခ ဆိုတာ ဘာလဲ။ အနိစ္စဆိုတာ မမြဲဘူး၊ ဘာတွေမမြဲလဲ၊ ရုပ်နာမ် မမြဲဘူးပေါ့။ ရုပ်နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာက ဝိဇ္ဇာ၊ သဘောလေးသာ နာလိုက်၊ ရုပ်နာမ်တွေ သိချင်ရင် ဝိပဿနာ ကျင့်ကြ၊ အမေတို့၊ အစ်မတို့၊ အစ်ကိုကြီးကို ကျင့်ကြပါ၊ ကြံကြပါ။

## ဒုလ္လဘ (၅)ပါး ပြည့်စုံနေချိန်အတွင်းမှာ အရှုံးနဲ့ မပြန်နဲ့

လူ့ဘုံက အမြတ်ဆုံးဘုံလို့ ဘုရားက ဟောထားတယ်၊ ဒုလ္လဘ (၅)ပါးရှိပါတယ်၊ ဦးပဥ္စင်းကတော့ ဆိုပြမယ်၊ သဘောလေးနဲ့ ပြောပြမယ်၊ လူ့ဘုံရောက်လို့ ဒါ သိတာ၊ ဒါသိလို့ ပြောပြနေတာ။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်ခြင်းကို ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏။ မနုဿတ္တဘာဝေါ ဒုလ္လဘော၊ လူ့ဘဝကို ခဲယဉ်းစွာ ရအပ်ပေ၏။ သဒ္ဓါသမ္ပတ္တိ၊ ရတနာသုံးတန် ကံ ကံ၏ အကျိုးကို ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ညိုမှုရှိခြင်းကိုလည်း ဒုလ္လဘောခဲယဉ်းစွာ ရအပ်ပေ၏။ သဒ္ဓမ္မသဝနော သူတော်ကောင်းတရား နာကြားရခြင်း ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ကြိုးစားပါ၊ ဒါ ဘုရား ဟောအရ ပြောတာပါ။ အဲဒီ ဒုလ္လဘအတွင်းမှာ အရှုံးနဲ့ မပြန်နဲ့၊ ဘုရားဆုပန်ရင်၊ ဘုရားဖြစ်အောင် ကြိုးစားရင် ရမှာပဲ၊ ကြိုးစား၊ သူများတစ်တောင်ကျင့်ရင် ကိုယ်နှစ်တောင် ကျင့်၊ ဘုရားဆုပန် တာကိုဗျ။

## ရုပ်နာမ်မသိတော့ အာရုံမထိန်းနိုင်ဘူး

အာရုံတွေသတ်၊ ဒိဋ္ဌိတွေသတ်၊ အာရုံတွေသတ်တတ်ဖို့ လိုတယ်၊ ဒိဋ္ဌိတွေသတ်တတ်ဖို့ လိုတယ်၊ မဂ္ဂင်ရှစ်ပါးနဲ့သွား၊ သမ္မာဆိုတာ ကောင်းတဲ့ မင်္ဂလာတရားတော်မြတ်တွေ ခေါ်တယ်။ မိစ္ဆာမဟုတ်ဘူးနော်၊ ရှစ်ပါးသီလတော့ ယူထားတယ်၊ သူများအသက်တော့ မသတ်ပါဘူး၊ အာရုံတော့ မထိန်းနိုင်ဘူး၊ အာရုံ ဘာကြောင့် မထိန်းနိုင်ရတာလဲ၊ ရုပ်နာမ်နှစ်ပါး မသိလို့၊ ရုပ်နာမ်နှစ်ပါး မသိတော့ အာရုံ မထိန်းနိုင်တော့ဘူး။ အာရုံမထိန်းနိုင်ရင် သညာက ပါလာတယ်။ အမှတ်က ပါလာတယ်၊ ဟောဒါက ငါ့သမီးလေးပဲ၊ ဟောဒါက ငါ့သားလေးပဲ၊ ဟောဒါ စာအုပ်၊ ဟောဒါ ခဲတံ ဟုတ်တာပေါ့၊ ဒါ သမုတိသစ္စာ သိပ်မှန်တယ်။ ဦးပဉ္ဇင်း မပယ်ပါဘူး။ ပညတ်ကို မပယ်ပါဘူး။ ဒါပေမဲ့ မစွဲနဲ့၊ ကိုယ်က စွဲရင် ကံ ဖြစ်သွားလိမ့်မယ်။ ဥပါဒါန် ဖြစ်သွားလိမ့်မယ်။ ဥပါဒါန်ဆိုတာ သံသရာလည်တယ်။ သံသရာ ခုလည်နေတာ။

## ကိုယ်လုပ်မှ ကိုယ်ရမှာ

သင်္ခါရဆိုတာ ဥပမာအာရုံကျက်စားတာပေါ့ဗျာ။ အာရုံကျက်စားတော့ သင်္ခါရပေါ့ဗျာ။ အဲဒါဘာလဲ သညာပေါ့ဗျာ။ သညာဟာ အလွန်အင်မတန် ကြောက်မက်ဖွယ်ကောင်းတယ်။ သမုတိသစ္စာနယ်ထဲမှာ ရှိတယ်။ အဲဒီ သမုတိသစ္စာနယ်ထဲက

## ရုပ်နာမ်မသိတော့ အာရုံမထိန်းနိုင်ဘူး

အာရုံတွေသတ်၊ ဒိဋ္ဌိတွေသတ်၊ အာရုံတွေသတ်တတ်ဖို့ လိုတယ်၊ ဒိဋ္ဌိတွေသတ်တတ်ဖို့ လိုတယ်၊ မဂ္ဂင်ရှစ်ပါးနဲ့သွား၊ သမ္မာဆိုတာ ကောင်းတဲ့ မင်္ဂလာတရားတော်မြတ်တွေ ခေါ်တယ်။ မိစ္ဆာမဟုတ်ဘူးနော်၊ ရှစ်ပါးသီလတော့ ယူထားတယ်၊ သူများအသက်တော့ မသတ်ပါဘူး၊ အာရုံတော့ မထိန်းနိုင်ဘူး၊ အာရုံ ဘာကြောင့် မထိန်းနိုင်ရတာလဲ၊ ရုပ်နာမ်နှစ်ပါး မသိလို့၊ ရုပ်နာမ်နှစ်ပါး မသိတော့ အာရုံ မထိန်းနိုင်တော့ဘူး။ အာရုံမထိန်းနိုင်ရင် သညာက ပါလာတယ်။ အမှတ်က ပါလာတယ်၊ ဟောဒါက ငါ့သမီးလေးပဲ၊ ဟောဒါက ငါ့သားလေးပဲ၊ ဟောဒါ စာအုပ်၊ ဟောဒါ ခဲတံ ဟုတ်တာပေါ့၊ ဒါ သမုတိသစ္စာ သိပ်မှန်တယ်။ ဦးပဥ္စင်း မပယ်ပါဘူး။ ပညတ်ကို မပယ်ပါဘူး။ ဒါပေမဲ့ မစွဲနဲ့၊ ကိုယ်က စွဲရင် ကံ ဖြစ်သွားလိမ့်မယ်။ ဥပါဒါန် ဖြစ်သွားလိမ့်မယ်။ ဥပါဒါန်ဆိုတာ သံသရာလည်တယ်။ သံသရာ ခုလည်နေတာ။

## ကိုယ်လုပ်မှ ကိုယ်ရမှာ

သင်္ခါရဆိုတာ ဥပမာအာရုံကျက်စားတာပေါ့ဗျာ။ အာရုံကျက်စားတော့ သင်္ခါရပေါ့ဗျာ။ အဲဒါဘာလဲ သညာပေါ့ဗျာ။ သညာဟာ အလွန်အင်မတန် ကြောက်မက်ဖွယ်ကောင်းတယ်။ သမုတိသစ္စာနယ်ထဲမှာ ရှိတယ်။ အဲဒီ သမုတိသစ္စာနယ်ထဲက

နေပြီးတော့ အရိယာသစ္စာကို ဖြစ်အောင်လုပ်၊ ကိုယ်လုပ်မှ ကိုယ်ရမှာပဲ။ ကိုယ့်ဟာကို ခံစားရမယ်။ ဘယ်သူမှ ဘာမှ မပြောနဲ့၊ သူများ ပါးရိုက်လည်း သည်းခံ၊ သူများ လက်သီးနဲ့ ထိုးလည်း သည်းခံ၊ သူများပေးမှစား၊ ကိုယ့်အာရုံက မိန်းကလေး လက်မြင်ရင် တစ်မျိုး ဖြစ်မယ်။ မျက်နှာမြင်ရင် တစ်မျိုး ဖြစ်မယ်။ ကိုယ့်စိတ်ကို မနိုင်သေးဘူး၊ ကိုယ့်စိတ်က သညာ ဖြစ်နေသေးတယ်။ ပညာ မဟုတ်သေးဘူး။

## စိတ်၊ စေတသိတ်၊ ရုပ်၊ အဲဒီသုံးချက်လွတ် နိဗ္ဗာန်

စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်လို့ စာက ရေးထားတာ၊ စိတ်၊ စေတသိတ်၊ ရုပ် . . . အဲဒီသုံးချက်လွတ် နိဗ္ဗာန်ပဲပေါ့။ ဒါတွေမှ မစွဲတာပဲ။ ရုပ်လည်းသိပြီ၊ ဒုက္ခသစ္စာကြီး၊ သမုဒယလည်း သိပြီ၊ အဲဒါ ခင်ဗျားတို့ ဘယ်လောက် အင်မတန်ထူးမြတ်တဲ့ တရားလဲ၊ ဘုရားက ထမင်းပွဲကို ခူးထားတာ၊ ခင်ဗျားတို့မှာ အဆင်သင့် ကောက်စားဖို့ပဲ။ အဲဒါများ တဏှာ မာန၊ ဒိဋ္ဌိတွေ ဖြစ်နေတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတာကိုင်ပြလို့ မရဘူး။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်၊ ခင်ဗျားမှာ ကိလေသာနဲ့ တဏှာ ဖြစ်နေတယ်။

## သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ

အဲဒါကြောင့်မို့လို့ ဘုရားက သစ္စာတွေ ထားပစ်ခဲ့တာ။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ၊ ကိုင်ပြ လို့မရလို့ သစ္စာတွေ လိမ်ပြောမှာစိုးလို့ပါ။ မင်္ဂမရဘဲနဲ့ မင်္ဂရတယ်။ ဖိုလ်မရဘဲနဲ့ ဖိုလ်ရတယ်၊ ဒကာ ဒကာမတွေဆီမှာ ကြွားဝါး လိမ်လည်ပြီး တောင်းတယ်။ တချို့ဘုန်းကြီးတွေလည်း ရှိရင်ရှိမှာပေါ့၊ မရှိတဲ့ ဘုန်းကြီးတွေလည်း မရှိဘူးပေါ့ဗျာ။ ဘယ်သူ့ကိုမှ မပြောပါဘူး၊ သူ့အပေါ်မှာ မူတည်တယ်။

## အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှ စင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ်

လူတွေမှာ တစ်ယောက်နဲ့တစ်ယောက် တရားရဲ့အသိတွေက စေတနာချင်းတူပါ့မလား၊ မတူဘူး။ စေတနာလို့ ဟောသွားတာ၊ ဒီစေတနာဟာ ဘယ်သူပဲပြောပြော ငါ့သမီးလေးကို ဟိုက ရိုက်တယ်၊ သူ့အပေါ်မှာ ငါစေတနာမပျက်ဘူး။ ငါ ခံမယ်၊ ငါ့အိမ်က မြေကြီးတွေ သူ မတရားယူထားတယ်၊ ငါ မြင်တယ်၊ ငါ မလုပ်ဘူး။ ငါ စေတနာ ထားမယ်၊ ယူပါစေ ဟောဒီလို စေတနာတွေ ထားတာ။ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်တော့ ဉာဏ်မှာ စင်ကြယ်တယ်။ အပြင်မှာ မစင်ကြယ်တော့ ခန္ဓာမှာ

မစင်ကြယ်ဘူး၊ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး၊ ခင်ဗျားတို့ အပေါ်မှာ မူတည်တယ်။ ခင်ဗျားတို့ နှလုံးသွင်းမှု အပေါ်မှာ မူတည်တယ်။ ဘယ်သူပဲ ပျက်ပျက် ကိုယ် စေတနာ မပျက်ပါစေနဲ့။ အော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . အော် . . . အဖေ . . . ရော့ . . . ရော့ . . . အော် . . . အမေ . . . ရော့ . . . ရော့ . . . အော် . . . အဘွား . . . ရော့ . . . ရော့ . . . ဒီလို သွားရတာ၊ ဘုရားက ဇူဇကာ ပုဏ္ဏားကို၊ သားလေးတွေ၊ သမီးလေးတွေ လှူတယ်လေ၊ အဲဒီတော့ ဘုရားက ဒီလို ဘဝဘဝတွေ မျိုးစေ့ချ သွားတယ်။ စေတနာတွေ မျိုးစေ့ချသွားတယ်။ နောက်ဆုံးမှ ဘုရား ဖြစ်သွားတယ်။

## မိစ္ဆာအယူ မယူပါနဲ့ သမ္မာအယူ ယူပါ

ငါ တစ်ဘဝပြီးတစ်ဘဝ ငါဘာတွေနဲ့ လာခဲ့ရတာလဲ။ ငါ ဘာတွေဖြစ်ခဲ့သလဲ၊ အဲဒါတွေနော် အော် . . . ဘုရား . . . ဘုရား . . . ဘုရား . . . အော် . . . ဘုရား . . . ဘုရား . . . ဘုရား ဒီလို ဖြစ်နေတယ်။ သာသနာနဲ့ ပတ်သက်လို့ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿ စေတီ၊ ဓမ္မစေတီဆိုတာ စာက ရေးထားတယ်။ အဲဒီပုဂ္ဂိုလ်က စာလည်း ဘာမှ မတတ်ဘူး။ ဘုရားတောင် ရှိမခိုးတတ်ဘူးဗျာ။ ညစာ စားလို့ အာပတ်လည်း မဖြေတတ်ပါဘူးဗျာ၊ အဲ . . . တောင်ဆဲ မြောက်ဆဲ ဆဲပါတယ်ဗျာ။ အဲဒါ ဘာလဲ၊ ဒကာ ဒကာမတွေကို ငါက

ဆဲပြလိုက်တယ်၊ နင် နားကြားပြီ နင့်စိတ်ထဲမှာ ဘယ်လိုနေလဲ၊ ဟာ ဒေါသဖြစ်တာပေါ့ဘုရား၊ အရှင်ဘုရားအပေါ်မှာလည်း ဒေါသ ထွက်ပြီး စေတနာပျက်တာပေါ့ ဘုရား။ နင် ဒီအယူကို ဘာလို့ ယူသလဲ၊ ငါက ဆဲပြပြီ၊ နင် ဘယ်လို ယူသလဲ၊ ငါက မိစ္ဆာအယူနဲ့ ဆဲပြီထား၊ နင်မိစ္ဆာမဖြစ်ပါစေနဲ့၊ ဒီလောက်ထိ စာမတတ်တဲ့သူက အထဲကို ဆွဲသွင်းတာ၊ သူ မရဘူး၊ သူ့အသိသညာက မှတ်တယ်နော်။ ဒီက ပညာနဲ့ ဆဲတာ၊ သူက သညာနဲ့ ယူထားတယ်။

## နေတတ်ပြီ၊ သွားတတ်ပြီ၊ သေတတ်ပါပြီ

ခုလာတဲ့ မြောင်းမြမြို့က ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်း ကျောင်းမှာ ဦးပဏ္ဍိတရဲ့ လူ့ဘဝတုန်းက ဇနီး ရှိပါတယ်။ ခုထွက်လာ ခါနီး လည်ပင်းကို ဇိညှစ်ပစ်ခဲ့တယ်။ မိစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ အာရုံပေါ်မှာ မနာလိုဘူး။ သူများ မနာလို ကိုယ် အကျိုးမရှိ၊ ဘယ်လောက် အစွဲဥပါဒါန်ကြီးသလဲ ဆိုတာ တွက်တာ ကြည့်ကြပေတော့ဗျို့၊ အကုန်ဆွဲသွင်းတာ၊ ငါ သိနေပြီ၊ မင်းတို့ စစ်ချင်တဲ့ ဆရာတော်၊ သမားတော်တွေနဲ့ စစ်ပါ။ ငါကလည်း သိသလောက် အကုန် ပြောပြသွားမယ်။ ငါကလည်း မမြဲပါဘူး၊ စစ်တဲ့၊ ဒီလို စစ်လိုက်လို့ ငါဟာ သွက်ခြာပါဒ တောင်ပြော၊ မြောက်ပြော၊ လျှောက်ပြောလို့ သင်္ကန်းချွတ်ခိုင်းရင် ငါချွတ်ပေးပါမယ်တဲ့။ လူဝတ်လူစားလဲသွားမယ်။ ပြန်မယ် ငါဟာ

တောထဲမှာ နေတတ်ပါပြီ၊ သွားတတ်ပါပြီ၊ သေတတ်ပါပြီ၊ ငါဟာ ငါ့ဟာငါ အေးအေးဆေးဆေးလေး ထမင်းကို ဆားလေးနဲ့ စားတတ်ပါပြီကွာ၊ သိသွားပါပြီကွာ၊ ရုပ်နာမ်ရဲ့ အကြောင်းကို ငါလည်း ထုတ်မပြတတ်ဘူး။ အဲဒီတော့ ပြောပြတယ်၊ မင်းတို့ ကြည့်ပြီးနေ၊ ကြည့်ပြီးစား၊ မင်းတို့ သီလပြည့်စုံအောင် ဆောက်တည်ကြ။

## ကံတရားရှိတယ်၊ ဈာန်တရားရှိတယ်၊ ဉာဏ်တရားရှိတယ်

ဒီက သီလက အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ ဟိုဘက်က ရေးထားတဲ့ သီလ၊ သမာဓိ၊ ဘာဝနာပေါ့ဗျာ၊ စာတော့ မတတ်ဘူး၊ အဲဒီ သီလမှန်တယ်နော်၊ မင်းတို့ ဥပါဒါန်ကြတော့ လွတ်သလား၊ အဲဒါ ငါ မေးပြီ၊ ဥပါဒါန်လွတ်တာက အာရုံပဲကွ။ အာသဝက္ခယဉာဏ် ရမှ ဥပါဒါန် လွတ်မယ်နော်။ အဲဒါ ခင်ဗျားတို့ လုပ်ကြပါ။ ကိုင်ကြပါ။ လူ့ဘုံက အမြတ်ဆုံးပါ၊ အရှုံးနဲ့ မပြန်ပါနဲ့။ ကံတရား ရှိပါတယ်၊ ဈာန်တရား ရှိပါတယ်။ ဉာဏ်တရားရှိပါတယ်ဗျာ။ ခင်ဗျားတို့အပေါ်မှာ မူတည်ပါတယ်ဗျာ၊ ခင်ဗျားနေတတ်ဖို့၊ ထိုင်တတ်ဖို့ လိုပါတယ်ဗျာ၊ စာပေ ကျမ်းဂန်တွေ မှန်ပါတယ်ဗျာ၊ ခင်ဗျားစိတ်မှန်ဖို့ လိုပါတယ်ဗျာ၊ ဘုရားက စိတ်ကိုဟောထားပါတယ်ဗျာ။

## အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သုံးခုကို အဆီညှစ်ထုတ်တော့ ဧကောဓမ္မော ဖြစ်သွားတယ်

ဦးပဏ္ဍိတကတော့ ဘာမှ စာမတတ်ပါဘူး၊ ဦးပဏ္ဍိတ သွားတာ ဒီသမ္မာနဲ့ သွားပါတယ်ဗျာ၊ မဂ္ဂင်ရှစ်ပါးနဲ့ သူသွားတော့ ဘာတွေ တွေ့သလဲ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ ဟော . . . သညာမဟုတ်တော့ဘူး ပညာဖြစ်သွားပြီ၊ ဘယ်လောက် အံ့ဩဖို့ ကောင်းသလဲနော်၊ အဲဒီ အဓိ သီလ၊ အဓိစိတ္တ၊ အဓိပညာ သုံးခုကို အဆီညှစ်ထုတ်တော့ ဧကောဓမ္မော ဖြစ်တယ်၊ ဧကောဓမ္မော ဘယ်က လာသလဲ ရုပ်ပေါ် နာမ်ပေါ် က လာတယ်။

## နိဗ္ဗာန်သည် ခန္ဓာမှ စတယ်၊ ခန္ဓာမှ ဆုံးတယ်၊ သီလမှာ ချုပ်တယ်

နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်၊ ခန္ဓာမှာ ဆုံးတယ်၊ သီလမှာ ချုပ်ပြီ၊ ဘယ်သီလချုပ်လဲ၊ ဟော . . . တွေးကြည့်၊ အပြင် သီလ အာရုံနဲ့ မပေါင်းလို့ ချုပ်ထားလိုက်တာ၊ ဉာဏ်နဲ့ ချုပ်ထားလိုက် တာနော်၊ အဲဒီတော့ အတွင်းသီလ အနှစ်က ဝပ်နေပြီး အပြင်သီလက လှုပ်စရာ မလိုတော့ဘူး။ အဲ . . . ခုနက ဆဲပြတာတွေ့လား၊ အဲဒီတော့ ကာယကံ၊ ဝစီကံတွေ လုပ်ပြကုန်ပြီ။ အဲဒီတော့ ကြက်သီးမွေးညှင်း တွေ ထလို့ ဘယ်လို ဘုန်းကြီးလဲကွာလို့ တွေးလာပြီ၊ အတွင်းသီလ ချုပ်ထားပြန်ပြီ၊ နိဗ္ဗာန်သည် ခန္ဓာမှစပြီး ခန္ဓာမှာဆုံးတယ် သီလမှာ

ချုပ်ထားပြီ။ အတွင်း ဉာဏ်ဖြစ်တော့ အပြင်သီလချုပ်တာပေါ့။ ဒီသဘောပဲ။

## အရိယာဆိုတာ အာရုံသတ်တော့မှ ဓမ္မဖြစ်လိမ့်မယ်

အဲဒီတော့ ဝိပဿနာကို ခင်ဗျားတို့ လုပ်ကြပါ၊ ကိုင်ကြပါ၊ အဲဒီ ဝိပဿနာနဲ့ ခင်ဗျားတို့ရဲ့ မနောကံစစ်ပါတဲ့။ ဗျာပါဒ၊ အဘိဇ္ဈာ၊ ငါ ရှိသေးသလား၊ စိုးရိမ်ကြောင်းကြ၊ သောက၊ ပရိဒေဝရှိသေး သလား၊ ကိုယ့်ဟာကိုယ် သိရမယ်၊ နေတတ်ဖို့ လိုပါတယ်၊ ဝိရတိ သစ္စာမှန်အောင် လုပ်လိုက်တဲ့ ဝိရတိသစ္စာမမှန်လို့ သဘာဝကို မသိတာတဲ့၊ သဘာဝကို မသိလို့ ပရမတ္ထသစ္စာ အမှန်တရားကို မမြင် သေးဘူး၊ အမှန်တရားကို မမြင်သေးလို့ အရိယာကို မရောက်သေး ဘူး။ အရိယာဆိုတာ အာရုံသတ်တော့မှ ဓမ္မဖြစ်လိမ့်မယ်။ ပရိဘောဂ စေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿ စေတီ၊ ဓမ္မစေတီ၊ ဓမ္မဆိုတာ တရားပဲ၊ ဗုဒ္ဓရဲ့ အယူကို ယူသွားတယ်နော်၊ ယူမှ ဓမ္မရတာပေါ့၊ ဓမ္မ ဆိုတာ ခန္ဓာခေါ်တယ်နော်၊ ဓမ္မနဲ့ ခန္ဓာပေါင်းတော့ ဓမ္မခန္ဓာ ၈၄၀၀၀ အဘိဓမ္မာတရားတွေ စိတ်ပိုင်းတွေ ဟောသွားတာနော်။

## စိတ်အကြောင်း တင်ပြတာပါ

ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဆိုတာ ရှိတယ်တဲ့၊ ဟုတ်တာပေါ့၊ အဲဒါရှိနေလို့ပဲ ဒီအလုပ်ကို လုပ်တတ်တာတဲ့။

အဲဒါမရှိရင် မလုပ်တတ် ဘူးတဲ့။ ဟော . . . သူပြောပြီ၊ ဒီဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာရှိလို့ ဒီအကျင့်ကို ကျင့်တတ်တာပါတဲ့၊ ဒါပေမဲ့ ရဟန္တာ မပြောပါဘူး။ ဘုရားလည်း မပြောပါဘူး၊ အနာဂါမ်လည်း မပြောပါဘူး၊ သောတာပန် လည်း မပြောပါဘူး၊ သကဒါဂါမ်လည်း မပြောပါဘူး၊ ငါ့ရဲ့စိတ်ကလေးအကြောင်း တင်ပြတာပါ။

## ဦးပဏ္ဍိတ ကျေးဇူးဆပ်မယ်

ဦးပဏ္ဍိတအစက မကောင်းပါဘူး၊ လူဆိုးပါ၊ သူ့အမည်က မြမောင်၊ သူလည်း ပေတေလာတာ၊ ဒီခေတ်ကျမှ သူ ဒီလို ဖြစ်ပါတယ်။ သူ့ကို ခိုင်းပါ၊ လာခိုင်းပါ၊ သူတတ်နိုင်တဲ့ဟာကို သူ လုပ်ပေးပါ့မယ်၊ မတတ်နိုင်ရင်လည်း ကျွန်တော် ဦးပဏ္ဍိတ မတတ် နိုင်ပါဘူးဗျာ ပြောပါ့မယ်။ ခုနက မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိရှိတယ်နော်၊ တောင်ပိုင်၊ ကွင်းပိုင်၊ သစ္ဆေ၊ သရဲ၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍာတို့ ရှိတယ်နော်။ နာမ်ကောင်တွေနော်၊ ရုပ်မရှိဘူးနော်၊ အဲဒီတော့ ဒီနာမ်ကောင်တွေ ဘယ်လိုသဘော၊ ဘယ်လို ဖျက်စီးတယ်၊ လူတွေက ကံမပြတ်သေးတော့ လူတွေကို ကံနိမ့်ရင် သူတို့က လုပ်တယ်ဗျို့၊ အဲဒါတွေ ရှိတယ်။ အဲဒီတော့ သွေးသားနဲ့ ဖြစ်တဲ့ရောဂါကတော့ ငါလည်း မတတ်နိုင်ဘူး။ ပယောဂနဲ့ ပတ်သက်တဲ့ရောဂါကတော့ လာခဲ့ပါတဲ့၊ သူကူညီမယ်တဲ့၊ သူ ပြောပြီလေ၊ ခင်ဗျားတို့အားလုံးက ဦးပဏ္ဍိတကို သံဃာတော်အရှင်သူမြတ်တွေကို ကျောင်းဆောက်ပေး

တာလည်း ခင်ဗျားတို့ပဲ။ ရေတွင်းရေကန် လှူတာလည်း ခင်ဗျားတို့ပဲ။ သင်္ကန်း၊ အဝတ်အစား၊ ဆေး၊ ဆွမ်းလှူတာလည်း ခင်ဗျားတို့ပဲ။ ခင်ဗျားတို့ကို ကျေးဇူးဆပ်မယ်နော်။ လာပါ။ ပယောဂနဲ့ ဖြစ်လာတဲ့ ရောဂါ မှီလာပြီနော်၊ နာမ်ကောင်တွေ မှီလာပြီတဲ့၊ အဲဒီတော့ ဦးပဥ္စင်း ရန်ကုန်မှာ တစ်ရက်နှစ်ရက် နေဦးမယ်၊ မနက်ဖြန် တစ်ရက် တရား ဟောဦးမယ်၊ နောက်တစ်ရက် မြောင်းမြ ပြန်မယ်၊ မြောင်းမြမှာ နေတယ်၊ နေတာက တောထဲမှာ နေတာ။

## လူ့ဘဝမှ ကိုရင်ကြီးဘဝ

ဦးပဏ္ဍိတ အစက လူဝတ်နဲ့ နှစ်နှစ်ကျော် တရားကျင့်ခဲ့ပါတယ်။ ရဟန်းတက်ဖို့ ပြောတယ်၊ မလုပ်ပါရစေနဲ့၊ စာမတတ်ဘူး၊ တောင်းပန်တယ်၊ အတင်းတိုက်တွန်းလို့ ဒီလောက်တောင်ရှိတာဖြင့် ကိုရင်ကြီးပဲ လုပ်ပါရစေဗျာ၊ ကိုရင်ကြီးအဆင့်ရတယ်၊ အဲဒီတော့ ကိုရင်ကြီး ဘယ်မှာ စီးသလဲဆိုတော့ ဓမ္မရက္ခိတ ကျွန်းတောမှာ ကိုရင်ကြီး စီးတယ်၊ အဲဒီတော့ ကိုရင်ကြီးက အမြဲတမ်းဆွမ်းခံတယ်၊ သူ ပေးတာ စားတယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်တယ်။ ကိုယ့်ဟာကို ဝါးကျောင်းကလေးနဲ့ နေတယ်၊ နောက်တော့ တပည့်တော်ဘုရား ဟိုရှမ်းစု၊ ဂျုံးဂျုံးကျမှာ သွားတရားထိုင်ပါရစေ၊ ဒီမှာလူတွေ အားကြီးလာပြီ၊ တပည့်တော်ကို ဗေဒင်ဆရာလို့ မေးကုန်ပြီ၊ ဦးပဏ္ဍိတဆရာ အမိန့်မပေးဘဲနဲ့ ဥပဇ္ဈာယ်ဆရာ အမိန့်မပေးရင် ခင်ဗျားမသွားနဲ့၊

ကိုရင်ကြီးကို ပြောတယ်။ ဒါဖြင့်ရင်ဗျာ ဒီဒကာ ဒကာမတွေ လာကုန်ပြီ ဘယ်လို လုပ်မလဲ၊ ဒါ အရှင်ဘုရားကို ယုံကြည်လို့ လာတာပဲ၊ ဒီကလည်း တရား တဝေ တစ်ဝက်ဖြစ်နေသေးတယ်။ တရားလည်း ဘာမှ ခရီးမပေါက်သေးဘူး၊ လာနေပြီ၊ စောင့်ရှောက်ပါဗျာ။ အရှင်ဘုရား နောက်တစ်ရက် နှစ်ရက် တပည့်တော် လူထွက်တော့မယ် ဘုရား။ အဲ . . . ကိုရင်ကြီးနဲ့ ငါးလကျော်မှ ထွက်ခဲ့တယ်။

## သမ္မာအလုပ်ကလေး လုပ်ထားတယ်

သညာ၊ သင်္ခါရ၊ ဥပါဒါန်တွေပေါ့ဗျာ၊ ဒါ အနုသယတွေ ပေါ့ဗျာ၊ အာရုံနဲ့ အနုသယ ဖြစ်နေတယ်။ လိမ်နေသေးတယ်၊ သမ္မာလေးကတော့ လုပ်ထားတာ အမှန်ပဲ၊ သမ္မာဝါစာ၊ သမ္မာကမ္မတနဲ့ သမ္မာအလုပ်ကလေးကိုတော့ လုပ်ထားတယ်၊ အဲဒီတော့ ကိုယ်ရဲ့ မိရိုးဖလာ အယူဝါဒ ရှိသေးတာကိုး၊ ဘယ့်နှယ့်မှ မလုပ်တတ်ဘူး။

## ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်း မြောင်းမြမှာနေတယ်

အဲဒီတော့ကိုရင်ကြီးနဲ့ လူထွက်ပြီးတော့ ဟို . . . အိမ်မဲနားက အင်းတမိရှမ်းစုကျေးရွာက ဆရာတော်ကြီး ဦးဇောတိက၊ ကျောင်းနာမည်က အာသဏ္ဍရာကျောင်းတိုက်၊ အဲဒီမှာ ကိုရင် ပြန်စီးတာပဲ၊ အဲဒီတော့ ကိုရင်စီးတော့ ဆရာတော်ကြီးက မျက်စိ မမြင်ရ

ဘူး၊ မမြင်ရတော့ ဦးပဉ္ဇင်း ဆွမ်းခံတယ်၊ အဲဒီလိုပဲ နေတယ်၊ ထိုင်တယ်၊ နောက်ကျတော့ လူတွေက လာပြန်ရော၊ ဟာ . . . လာပြန်ပြီ၊ ဘယ်လိုဖြစ်သလဲတော့ မသိဘူး၊ ပြေးရပြန်ရောဗျို့၊ ရှမ်းစုကနေ ပြေးရပြန်ရောဗျို့၊ ဘယ်ရောက်လဲ၊ ဆင်ကူးနားက ညောင်ပင်ကြီးမှာ ကျင့်တယ်၊ နောက်ကနေ လိုက်တာပဲ၊ ဒီကလည်း ပြေးတာပဲ၊ အေးခုတော့လည်း ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း) မြောင်းမြမှာ နေပါတယ်။

## သမုတိသစ္စာ မှန်အောင်နေ၊ အရိယာသစ္စာ ရောက်အောင်လုပ်

ခုတော့ အော် . . . အေး . . . အေး . . . အေး . . . အော် . . . အေး . . . အေး . . . အေး . . . ဒါပဲ ပြောတတ်တယ်။ အင်မတန် အေးတဲ့ တရားတွေ စိတ်ဓာတ်လို့ ခေါ်ထားတယ်၊ "စိတ်"ပြီးရင် "ဓာတ်" ပဲ။ . . . မြင်လိုက်တော့ သိတာစိတ်၊ ကြားလိုက်တော့ သိတာက စိတ်၊ နံလိုက်တော့ သိတာက စိတ်၊ အဲဒီမှာ မှတ်တယ်၊ အရာဝတ္ထုတွေ မှတ်တယ်၊ အဲဒါတွေ အမှတ်မှား၊ အယူမှား၊ အစွဲမှားတွေ ဖြစ်နေတယ်။ သမုတိသစ္စာမှာ လိုနေတယ်၊ သမုတိသစ္စာ မှန်အောင်နေ။ သမုတိသစ္စာကနေ အရိယာသစ္စာ ရောက်အောင် လုပ်၊ အရိယာသစ္စာသွားတဲ့လမ်းမှာ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ သုံးပါးရှိသေးတယ်၊ အဲဒီနေရာမှာ ဉာဏ်စိုက်တယ်၊ ခန္ဓာမှာ ဉာဏ် စိုက်တယ်။

## သညာနဲ့မယူနဲ့ ပညာနဲ့ယူ၊ အတ္တနဲ့နှလုံးမသွင်းနဲ့ အနတ္တနဲ့နှလုံးသွင်း

အဲဒီတော့ ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ အဲဒီမှာ ကြည့်ပေတော့၊ ကိုယ်လည်းမှန်အောင်နေ၊ အဓိပတိမှန်အောင်နေ၊ အပ္ပမာဒေထ၊ သမ္မာဒေထ၊ ကိုယ့်စိတ်ကိုစစ်၊ မဂ္ဂင်နဲ့စစ်၊ စစ်တတ်ဖို့ လိုတယ်၊ အဲဒီတော့မှ သတိပဋ္ဌာန်တွေ သမ္မပဓာန်တွေ ခင်ဗျားသိလာလိမ့်မယ်။ ခင်ဗျားဟာ ခင်ဗျားသိမယ်။ ရှေ့လည်း မမျှော်နဲ့၊ နောက်ကိုလည်း မတွေးနဲ့၊ ပစ္စုပ္ပန် တည့်တည့်ကြည့်၊ အဲဒါ သစ္စာတရားတွေ၊ မြင်လိုက်တဲ့အာရုံ၊ ကြားလိုက်တဲ့ အာရုံ၊ နံလိုက်တဲ့ အာရုံ၊ သညာနဲ့ မယူနဲ့ ပညာနဲ့ ယူ၊ အတ္တနဲ့ နှလုံး မသွင်းနဲ့၊ အနတ္တနဲ့ နှလုံးသွင်း၊ အဲဒီတော့ ဒါလေးတွေ လိုတယ်။ အရှင် ဘုရားတို့ရဲ့ အပေါ်မှာ ဒကာဒကာမတွေအပေါ်မှာ မူတည်တယ်။

## အပါယ်ပိတ်တရား

တရားနာကြတဲ့ ကိုယ့်အမိအဖများ ကျင့်ကြပါ၊ ကြံကြပါ၊ ဦးပဏ္ဍိတဟာ ဘာမှ စာမတတ်ပါဘူး၊ အသိထုတ်ပြလို့တော့ မရဘူး၊ ကံတရားရှိတယ်တဲ့၊ သူ ပြောသွားပြီ၊ ဈာန်တရားရှိတယ်တဲ့၊ သူ ပြောသွားပြီ၊ ဉာဏ်တရားရှိတယ်တဲ့၊ သူ ပြောသွားပြီ၊ အဲဒီသုံးပါးကိုတော့ ကိုယ်တက်နိုင်တဲ့ ဝန်ကို ထမ်း၊ အကယ်၍များ ကိုယ့်ဝိပဿနာ

လုပ်လိုက်တဲ့အခါမှာ ခင်ဗျားရဲ့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနော သင်္ခါရတွေကို ငြိမ်ဝပ်ပြီးတော့ အဓိစိတ္တလေး ဖြစ်ရင် တော်ပါပြီဗျာ။ ခင်ဗျား အပါယ် ပိတ်တာပဲဗျို့၊ ဒုစရိုက် (၁၀)ပါး၊ မကောင်းတဲ့ မိစ္ဆာ အယူတွေကိုပါယ်၊ ဘုရားဟောထားတဲ့ သမ္မာအယူကို ခင်ဗျား ယူထားတာ၊ မိစ္ဆာအယူ မဟုတ်တော့ဘူး၊ အပါယ်ပိတ်တရားတွေပဲ။ အဲဒီတော့ ခင်ဗျားရဲ့ ဝိညာဉ်လေးဟာ ရုပ်နာမ်လေးပေါ့ဗျာ။ သမ္မာ လေးနဲ့ ယူထားတော့ သေတဲ့အခါ တွိ . . . ဆို နတ်ပြည်ရောက်မယ်။ ခင်ဗျား သေခါနီးမှ သိမယ်၊ ဦးပဥ္စင်း က စာမတတ်လို့နော် ပျံလေတဲ့ ငှက်ခါးနားမှ သိမယ်၊ တစ်နေ့လုံး အော် နေကြတဲ့ကြက် ဥတော့ တစ်လုံးပါပဲ၊ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။

- စာမတတ်တဲ့အတွက် ဝိပဿနာအသိနဲ့ ဟောပါတယ်။
- စိတ်၊ စေတသိက်၊ ရုပ်၊ အဲဒီ သုံးချက်လွတ်၊ နိဗ္ဗာန်ပဲပေါ့။
- သမုတိသစ္စာကနေ ဝိရတိသစ္စာ၊ ဝိရတိသစ္စာကနေ သဘာဝသစ္စာ၊
  သဘာဝသစ္စာက ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာက အရိယာသစ္စာ ရောက်အောင်လုပ်။
- အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်၊
  ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။
- အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒီသုံးခု
  အဆီညှစ်ထုတ်တော့ ဇကောဓမ္မော ဖြစ်တယ်။
- သညာနဲ့ မယူနဲ့၊ ပညာနဲ့ယူ၊ အတ္တနဲ့ နှလုံးမသွင်းနဲ့ အနတ္တနဲ့ နှလုံးသွင်း။
- ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်လူကို
  သနားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ကျင့်တရားထားပါ၊
  ကိုယ့်ကို ရာဇမာန်တွေ၊ ခနမာန်တွေ၊ စာမာန်တွေ၊ ငါမာန်တွေ မစွဲနဲ့။
- ဦးပဏ္ဍိတ ဟောသွားတဲ့အသိ ယုံပါလို့ ဦးပဥ္စင်း မပြောပါဘူး။
  လေ့လာပါ။ စုံစမ်းပါ။ သုံးသပ်ပါ။ ဆုံးဖြတ်ပါ။ လုပ်ကြည့်ပါ။
  လုပ်မှ သိမယ်။ သိမှ ပယ်မယ်။ ပယ်မှ မဂ်ဆိုက် ဖိုလ်ဆိုက်ဖြစ်မယ်။
- မဂ္ဂင်ရှစ်ပါးနဲ့သွား၊ လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ်။
- အရိယာသစ္စာဟာ အာရုံနောက် မနောမလိုက်ဘူးပေါ့ဗျာ။ အာရုံပြတ်သွားပြီ။
  အာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံသိပြီပေါ့ကွာ။ တဏှာသိပြီပေါ့ကွာ။
  သွေးသားလည်း ပြောင်းတယ်။ စိတ်လည်းပြောင်းတယ်။
  သွေးသားဟာ ဘာသွေးသားလဲ။ ကိလေသာသွေးသားတွေပေါ့ကွာ။
  ဒီအာရုံတွေကိုလည်း ငါသိပြီ။
  ငါတော့ ထုတ်မပြတော့ဘူး။ သဘောလေးနဲ့သာ နာကြပေတော့။
- ရုပ်နာမ်သိချင်ရင် ဝိပဿနာကျင့်ကြ။

# မြောင်းမြဝိသုဒ္ဓိဆရာတော်
# ဦးပဏ္ဍိတ




ရန်ကုန်မြို့ ကမ္ဘာအေးစေတီရင်ပြင်တွင်

ဟောကြားတော်မူခဲ့သော


# ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသဘာ

ဝိသုဒ္ဓိ ဓမ္မစာစဉ် အမှတ်(၂)



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP-3)၊ (MP-4)များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန်နိုးဆော်တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။ | 09-250432050 |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | 09-5105997 |
| (၃) | ဦးအောင်ကိုလတ်(မှဲ့မှဲ့) ရန်ကုန် | 09-5107496 |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | 09-447572355 |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | 09-251620128 |
| (၆) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-49741462 |
| (၇) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-796685516 |
| (၈) | ကိုတိုး (မြောင်းမြ) | 09-796685527 |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | 09-447204724 |

# ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ်(၂)

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | (၅.၁.၂၀၀၁) ကမ္ဘာအေးဘုရား တရားတော်အမှတ်(၂) | ၂ |
| (၂) | (၆.၁.၂၀၀၁) ကမ္ဘာအေးဘုရား တရားတော်အမှတ်(၃) | ၁၉ |
| (၃) | (၇.၁.၂၀၀၁) ကမ္ဘာအေးဘုရား တရားတော်အမှတ်(၄) | ၅၀ |

ဝိသုဒ္ဓါ ဆရာတော် ဦးပဏ္ဍိတ

ရန်ကုန်မြို့ ကမ္ဘာအေးစေတီရင်ပြင်တွင်
၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၅ရက်၊ ၆ရက်နှင့်
၇ ရက်နေ့များတွင် ဟောကြားတော်မူခဲ့သည့်

# ခန္ဓာကိုယ်တွေ့ တရားတော်

စီစဉ်ပူဇော်သူ - ဗိုလ်မှူးသန်းမြင့်အောင်
၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်

## "အလှူတွင် တရားအလှူသည် အမြတ်ဆုံးဖြစ်သည်"

တရားစာအုပ်များကို အလှူဒါနပြုလိုကြပါလျှင် တစ်အုပ်လျှင် ၁၀၀ိ/- နှုန်းဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဗိုလ်မှူးသန်းမြင့်အောင် . . . . . ☎ ၆၃၅၇၈၂
ဦးငွေအောင် . . . . . ☎ ၂၉၇၂၀၄

—

သို့ ..............................

..............................

..............................

# ဓမ္မဒါန ပြုအပ်ပါသည်။

မှ ..............................

..............................

..............................

# မြောင်းမြဝါးကျောင်းဆရာတော် ဦးပဏ္ဍိတ ၏

# ထေရုပ္ပတ္တိအကျဉ်း

### ငယ်နာမည် ဦးမြမောင်

ဆရာတော် ဦးပဏ္ဍိတ (မြောင်းမြမြို့မှသိသည်မှာ ဘုန်းကြီးဦးမြမောင်)သည် ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် ခမည်းတော် ဦးချိုးတို၊ မယ်တော် ဒေါ်အုံးမေတို့မှ ၁၂၉၀ခုနှစ်၊ တော်သလင်းလဆန်း (၁၃) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ လူ့ဘဝ နာမည်မှာ ဦးမြမောင်ဖြစ်သည်။

## ဦးမြမောင် စာမတတ်

မွေးချင်း (၆) ယောက်ရှိပြီး ငယ်စဉ်ကပင် မွေးချင်းအားလုံး သေဆုံးခဲ့သည်။ ဆရာတော်တစ်ပါးသာလျှင် ကျန်ရှိသည်။ ငယ်စဉ်က အခြေခံမူလတန်း (၂) တန်းသာ တက်ရောက်ခဲ့သည်။ ထို့ကြောင့် စာမဖတ်တတ်ချေ။ စာမတတ်ပါ။

## ရဲသားဘဝ

အသက် (၁၃)နှစ်သားအရွယ်တွင် မိဘများနှင့် မြောင်းမြမြို့သို့ ရောက်ရှိခဲ့ပြီး ကြုံရာကျပန်းကူလီအလုပ်ဖြင့် အသက်မွေးခဲ့ရသည်။ (၁၈)နှစ်တွင် ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ရဲသဘော်တွင် သဘော်ကြိုးချည်ရသော ရဲသားဖြစ်သည်။

## ဒေါ်မြင့်နှင့်အိမ်ထောင်ကျ

အသက် (၂၄) နှစ်အရွယ်တွင် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့မှ ဒေါ်မြင့်နှင့် အိမ်ထောင်ကျခဲ့သည်။ မြောင်းမြမြို့၊ မြိုင်မာလာရပ်ကွက်၊ (၂) လမ်းတွင် နေထိုင်ခဲ့သည်။ သားသမီး (၃) ယောက် ထွန်းကားခဲ့သည်။

## လူ့ဘဝ မကောင်းမှုများပြုလုပ်ခဲ့

ရဲတပ်သားဘဝတွင် ထီပေါက်ပြီး ရဲတပ်သားဘဝမှ ဆေးပင်စင်နှင့် ထွက်ခဲ့သည်။ ထီပေါက်သောငွေဖြင့် သုံး၊ ဖြုန်း၊ သောက်စား၊ မူးယစ်၊ အပျော်အပါးလိုက်စား၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သောငွေများကုန်သောအခါ အရပ်ထဲတွင် ရေထမ်းရောင်းရခြင်း၊ အနှိပ်သည်လုပ်ရခြင်းတို့ဖြင့် အသက်မွေးခဲ့ရသည်။ လူ့ဘဝ မကောင်းမှုများနှင့် ဆိုးသွမ်းလွန်းသဖြင့် မိသားစုများကပင် ဦးမြမောင်၏ ဆိုးသွမ်းမှုဒဏ်ကို မခံနိုင်တော့သဖြင့် ဇနီးဖြစ်သူမှာ ဦးမြမောင်တစ်ယောက်တည်းကို ထားပစ်ခဲ့ကာသမီးကြီးရှိရာ ဧရာဝတီတိုင်း၊ လပွတ္တာမြို့သို့ သွားရောက်နေထိုင်ခဲ့သည်။

## သံဝေဂရခြင်း

ကိုအခါကျမှ သံဝေဂရကာ ကောင်းတာလုပ်၊ ကောင်းတာဖြစ်မှာပဲလို့ စဉ်းစားမိပြီး တရားစတင်လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း ရပ်ကွက်ထဲ အိမ်တစ်အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး တရားကက်ဆက်ခွေဖွင့်သံကြားရ၍ ရေထမ်းချကာ တရားနာခဲ့သည်။ သဲအင်းဂူဆရာတော်ကြီးတောင် ဓားပြတိုက်၊ ဆိုးသွမ်းရာကနေ

တရားရအောင် လုပ်နိုင်သေးတယ်။ ငါလည်း ဓားပြတော့ မတိုက်ခဲ့ဘူး။ တရားလုပ်ရင် ရမှာပဲလို့ ဆုံးဖြတ်ချက်ချကာ အသက် (၄၅) နှစ်တွင် တောထဲထွက်၍ တရားစတင် ကျင့်ခဲ့သည်။

## သွေးသားလည်းပြောင်း စိတ်လည်းပြောင်းပြီ

လူဝတ်ဖြင့် တောထဲတွင် (၂)နှစ်ကျော်ကြာ တရား ကျင့်ခဲ့သည်။ အသက် (၄၇) နှစ်တွင် ကိုရင်ကြီးဝတ်ခဲ့ သည်။ ကိုရင်ကြီးဘဝဖြင့် (၆)နှစ်ကျော်ကြာ မြောင်းမြမြို့ ပတ်ဝန်းကျင်တောထဲတွင် တရားကျင့်ခဲ့သည်။ ဆရာတော် ကြီးမှာ သွေးသားလည်းပြောင်းခဲ့သည်။ စိတ်လည်း ပြောင်း ခဲ့သည်။

## ရဟန်းဘောင်ဝင်ရောက်ခြင်း

အသက် (၅၄) နှစ်တွင် မြောင်းမြမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်တွင် ဆရာတော်ဦးဝံသပါလ (ယခု ဩ စတြေလျနိုင်ငံ သာသနာပြု) ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်း ဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းဒါယကာမှာ ဦးဆန်း အောင် (ဦးစန်းလွင်) ဖြစ်သည်။

## မြောင်းမြဝါးကျောင်းမှာ သီတင်းသုံးပါတယ်

ယခုအခါ ဆရာတော်ကြီးဦးပဏ္ဍိတ (ဘုန်းကြီး ဦးမြမောင်)မှာ သက်တော် (၇၃)နှစ်၊ ဝါတော် (၁၉)ဝါရှိပြီဖြစ်သည်။ ဧရာဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)တွင် သီတင်းသုံးလျက်ရှိသည်။

## ပြည်တွင်း/ပြည်ပ သာသနာပြု

မြောင်းမြဆရာတော် ဦးပဏ္ဍိတသည် မြောင်းမြ၊ ပုသိမ်၊ ဝါးခယ်မ၊ ရန်ကုန်မြို့များတွင် ခန္ဓာကိုယ်တွေ့ဝိပဿနာတရားများ ဟောကြားခဲ့သည်။ ၄င်းမြို့နယ်များတွင် ဘုရား၊ ပုထိုး၊ ကျောင်းကန်များ တည်ထားပေးခဲ့သည်။ မြောင်းမြမြို့နယ်၊ တောင်ကလေးရွာအနီးရှိ အောင်သစ္စာမဟာစေတီပေါင်းချုပ်ဘုရား တည်ထားပြီးစီးခဲ့သည်မှာ (၉) နှစ်ကြာခဲ့ပြီဖြစ်သော်လည်း ယခုတိုင် ထီးမတင်သေးပေ။ ပြည်ပသာသနာပြုအနေဖြင့် ဆရာတော်၏ ဒကာ၊ ဒကာမများ၏ ပင့်လျှောက်ချက်အရ တရုတ်ပြည်၊ တိုင်ဝမ်သို့ နှစ်ကြိမ်၊ ဟောင်ကောင်သို့တစ်ကြိမ် ကြွရောက်၍ ပြည်ပသာသနာပြုခဲ့သည်။

●

# စီစဉ်သူ၏မိတ်ဆက်

## ဓမ္မဒါနပြုခဲ့ကြ

မြောင်းမြဝါးကျောင်းဆရာတော် ဦးပဏ္ဍိတသည် ကိုယ်ပိုင်ရပ်ဖြင့် ရင်းရှာကာ ခန္ဓာကျင့်၊ ခန္ဓာသိဖြင့် ရရှိထားသော တရားတော်များကို ဆရာတော်ကြီး၏ သာဝကများမှ အများသိရှိစေလိုသော ဆန္ဒဖြင့် ရန်ကုန်မြို့တွင် တရားပွဲများ စီစဉ်ကျင်းပကာ ဓမ္မဒါနပြုခဲ့ကြပါသည်။

## ရန်ကုန်မြို့တစ်ခွင် ဘုရားစုံလင် ဓမ္မသဘင်

တရားပွဲများကို ရွှေတိဂုံဘုရားတောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံတွင်လည်းကောင်း၊ ဗိုလ်တထောင်ဘုရား

ရင်ပြင်တော်တွင်လည်းကောင်း၊ ကမ္ဘာ့ဘုရား ရင်ပြင်တော်တွင်လည်းကောင်း၊ မယ်လမုဘုရားရင်ပြင်တော်တွင်လည်းကောင်း၊ ခြောက်ထပ်ကြီးဘုရား အာရုံခံတန်ဆောင်းတွင်လည်းကောင်း၊ ကျိုက္ကဆံဘုရား အနောက်ဘက်မုခ်ဓမ္မာရုံတွင်လည်းကောင်း၊ ကျိုက်ဝိုင်းဘုရားရင်ပြင်တော်တွင်လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖိနတ်မာန်အောင်ဘုရားရင်ပြင်တော်တွင်လည်းကောင်း၊ စမ်းချောင်း သီရိခေမာရပ်ကွက်၊ ဓမ္မစင်တော်ကြီးတွင်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက် ဓမ္မာရုံတွင်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် ဓမ္မာရုံတွင်လည်းကောင်း တရားပွဲ(၂၅)ပွဲကို ဓမ္မဒါန ပြုခဲ့ကြပါသည်။

**သိနိုင်ကြပါစေ၊ ကျင့်နိုင်ကြပါစေ၊ မြင်နိုင်ကြပါစေ**

ထိုတရားပွဲများတွင် ဆရာတော်ကြီးမှ တရားနာပရိသတ်များအား ကိုယ့်အဖေ၊ ကိုယ့်အမေ၊ ကိုယ့်အစ်ကို၊ ကိုယ့်အစ်မများကဲ့သို့ စေတနာထားကာ၊ ခန္ဓာကျင့်၊ ခန္ဓာသိတရားများကို ကိုယ်သိသလို သိကြပါစေ၊ ကျင့်နိုင်ကြပါစေ၊ မြင်နိုင်ကြပါစေဟူသော စေတနာဖြင့် ဟောကြားခဲ့ရာ တရားနာပရိသတ်အပေါင်းမှ နှစ်သက်ကြည်ညိုခဲ့ကြသည်။

## တရားနာစဉ်အသိ အိမ်ရောက်တော့မရှိ

ဆရာတော်ကြီး၏ ခန္ဓာသိတရားများကို နာကြားခဲ့ရသော်လည်း "ရေမှော်ဖုံးအုပ်နေသော ရေကန်ထဲ၊ ခဲလုံးပစ်ချလိုက်တဲ့အခါ ရေကြည်လေးတော့ တွေ့ပါရဲ့။ နောက်ရေမှော်ပြန်ဖုံးသွားတာပဲ" ဟု ဆရာတော်ကြီး ဥပမာပြဟောကြားခဲ့သလို တရားနာစဉ် အသိလေးဝင်ပြီး တရားနာပြီး အိမ်ပြန်ရောက်တော့ တရားနာတဲ့အသိ မရှိတော့ပြီ။

## ဒုတိယမြောက် တရားစာအုပ်အဖြစ် စီစဉ်ပူဇော်နိုင်ပြီ

ထိုသို့ တရားအသိ မပျောက်စေရန် ဆရာတော်ကြီး၏ တရားတော်များ ပြန်လည်ဖတ်ရှုပြီး တရားအသိ အမြဲရှိစေရန်၊ ရေကြည်လေးများ ရေမှော်မဖုံးနိုင်စေရန်ဟူသော စေတနာဖြင့် ဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိများကို ဒုတိယမြောက်တရားစာအုပ်အဖြစ် စီစဉ်ပူဇော်လိုက်ရပါသည်။

**(အတ္တာဟိ အတ္တနော နာထော)**

**စီစဉ်ပူဇော်သူ**

ဗိုလ်မှူးသန်းမြင့်အောင်

၃-၉-၂၀၀၁

## ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၂)

### ၂၀၀၁-ခုနှစ် ဇန်နဝါရီလ (၅) ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီရင်ပြင်၌ မြောင်းမြဝါးကျောင်းဆရာတော်ဦးပဏ္ဍိတ ဟောကြားတော်မူသော ခန္ဓာကိုယ်တွေ့တရားတော်

### စာကိုမပယ်ပါ ကိုယ်တတ်တဲ့အသိလုပ်ပါတယ်

ဦးပဥ္စင်းက စာပေကျမ်းဂန်မတတ်ပါဘူး။ အသက်ကြီးမှ ဝိပဿနာအသိနဲ့ လုပ်ပါတယ်။ အားလုံးရှိတဲ့ ဆရာတော်၊ သံဃာတော်၊ ကိုရင်လေးကစပြီးတော့ ဦးပဥ္စင်းက စာပေကျမ်းဂန် မတတ်တဲ့အတွက် ပြောလိုက်တဲ့စကားလေးတွေဟာ မှားယွင်းသွားရင် သည်းခံကြပါလို့ ဦးပဥ္စင်း မေတ္တာရပ်ခံပါတယ်။ ငယ်စဉ်တောင်ကျေးက တိုင်းပြည်

အခြေအနေမကောင်းလို့ ဟိုရောက်ဒီရောက်နဲ့ မူလတန်းကျောင်းကို မထားနိုင်လို့ စာမတတ်တာပါ။ စာကိုပယ်တာ မဟုတ်ပါဘူး။ ကိုယ်မတတ်တာ ပြောတာပါ။ အဲဒီတော့ ကိုယ်တတ်တဲ့ အသိလုပ်ပါတယ်။

## စာနဲ့ တစ်ထပ်တည်းဟောပေးမယ်

အဲဒီတော့ တစ်နေ့သောအခါ ဦးပဥ္စင်းက မြောင်းမြနယ်ထဲက ညောင်ပင်ကြီးမှာ တရားအားထုတ်တယ်။ တရားအားထုတ်တဲ့အခါ ဘယ်ဟာကို နှလုံးသွင်းသလဲ၊ မဂ္ဂင်ရှစ်ပါးနှလုံးသွင်းတယ်။ ကျင့်တယ်၊ မဂ္ဂင်ရှစ်ပါးက သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဒီမဂ္ဂင်ရှစ်ပါးကို နှလုံးသွင်းပြီးတော့ ဒီအသိတရားကို သူကျင့်တယ်။ အသိကိုပြောတာ၊ သိရင်ပယ်မယ်၊ ပယ်ရင် မင်္ဂဆိုက်မယ်။ ဖိုလ်ဆိုက်မယ်၊ သိပါယ်ဆိုက်ပွားလို့ စာကရေးထားတယ်။ စာနဲ့ တစ်ထပ်တည်း ဟောပေးမယ်။

## ကံတရား၊ ဈာန်တရား၊ ဉာဏ်တရား

ဒါကြောင့်မို့လို့ ယခုဟောမယ့်တရားက၊ ကံတရားရှိတယ်၊ ဈာန်တရားရှိတယ်၊ ဉာဏ်တရားရှိတယ်၊ ဒါ

သဘောပဲပြောလိုက်တာ။ ကံတရားဆိုတာ အစွဲကိုခေါ်တယ်။ သံသရာဘယ်ကစလဲ၊ ခန္ဓာကစတယ်၊ သံသရာဘယ်ကပြတ်လဲ၊ ခန္ဓာကစပြတ်တယ်၊ သံသရာ ဘယ်ကစလို့ လည်သလဲ ခန္ဓာကစလို့ လည်တယ်။

**အာရုံငါးပါးပယ် မိစ္ဆာအယူမယူဘူး သမ္မာအယူ ယူတယ်**

ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးဟာ ဘယ်ကံက သံသရာလည်သလဲ၊ မနောကံက လည်တယ်။ ဘာကြောင့်မနောကံကလည်သလဲ။ ဒါကိုယ့်စိတ်ကို စစ်ရမယ်။ အာရုံငါးပါးမပယ်နိုင်လို့လည်တယ်။ ဒီအာရုံတွေ ငါပယ်မယ်၊ စက္ခုအာရုံ၊ နားသောတအာရုံ၊ ဒါစာတွေနဲ့ရေးထားတယ်။ အာရုံငါးပါးပယ်မယ်၊ ဒိဋ္ဌိကို သတ်ရမယ်။ ဒိဋ္ဌိဆိုတာ အာရုံငါးပါးကို မနောကအမှတ်နဲ့ ယူထားတယ်။ သညာနဲ့ယူတယ်။ သညာဆိုတာ ပါဠိစကား ဗမာလို မှတ်တာ၊ အမှတ်မှားတယ်၊ အယူမှားတယ်၊ အစွဲမှားတယ်၊ အဲဒါကံခေါ်တယ်။ ဘယ်ကဖြစ်လဲ မနောကြောင့်ဖြစ်တယ်။ အာရုံကြောင့် မနော၊ အဲဒီတော့ အာရုံငါးပါးကို ပယ်မယ်။ ဒုစရိုက်ဆယ်ပါးကိုလည်း ပယ်မယ်၊ မိစ္ဆာအယူကို မယူဘူး။ သမ္မာအယူကိုယူမယ်၊ တရားထိုင်တယ်၊ တရားထိုင်တဲ့အခါ

ကျတော့ အာရုံငါးပါးနဲ့လဲ မပေါင်းဘူး၊ အပြင်အာရုံတွေနဲ့ မပေါင်းရင် ဘယ်အာရုံသတ်မလဲ၊ အတွင်းအာရုံသတ်မယ်၊ အတွင်းတဏှာသတ်မယ်။ အတွင်းတဏှာ ဘယ်မှာရှိသလဲ၊ ကိလေသာမှာရှိတယ်။ ကိလေသာတဏှာလို့ စာကရေးထားတယ်။ အဲဒီတော့ ဒီကိလေသာ ရုပ်ကိုသတ်မှသာလျှင် ဒီတဏှာရဲ့သဘောကိုသိမယ်။ တဏှာရဲ့လမ်းကြောင်းကို သိမယ်။ အကျိုးပေါ်မှာ အကြောင်း၊ အတွင်းတဏှာကို သတ်တာ။ အဲဒါ ကိလေသာကို သတ်တာ။

## မဂ္ဂင်ရှစ်ပါးနဲ့ စစ်ပါ

ကိလေသာကို သတ်တဲ့အခါကျတော့ ဘာနဲ့သတ်သလဲ။ သတိပဋ္ဌာန်နဲ့သတ်တယ်။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်လို့ သတိပဋ္ဌာန်လေးပါးရေးထားတယ်။ ဘာနဲ့သွားသလဲ၊ မဂ္ဂင်ရှစ်ပါးနဲ့ မိမိစိတ်ကို မဂ်နဲ့ တိုက်စစ်သွားရမယ်။ အဲဒီလို တိုက်စစ်သွားတဲ့အခါကြတော့ အတ္တရဲ့သဘောကိုသိတယ်။ အနတ္တရဲ့သဘောကိုလည်း သိတယ်။ အတ္တဆိုတာအစွဲ၊ ကံတွေဖြစ်နေပြီ၊ သံသရာဘယ်ကစလဲ ခန္ဓာက စတယ်။ သံသရာဘယ်ကစလည်သလဲ ခန္ဓာကစလို့ လည်တယ်။

## အယူမှား၊ အမှတ်မှား၊ အစွဲမှား

အာရုံငါးပါးပယ်ပြီ၊ ကာယကံ (၃)ပါး၊ ဝစီကံ (၄) ပါး၊ မနောကံ (၃)ပါး အဲ့ဒါတွေပေါင်းရင် ဒုစရိုက် (၁၀) ပါးကိုလည်းပယ်ပြီ။ ဘယ်ဟာကိုပယ်သလဲ၊ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ကုက္ကုစ္စရယ်၊ ဝန်တိုမိစ္ဆာရယ်၊ ဒေါသရယ်၊ လောဘရယ်၊ မောဟရယ်၊ တဏှာရယ်၊ မာနရယ်။ ဒိဋ္ဌိ ရယ် အဲဒါတွေ အတွင်းမှာဖြစ်နေတယ်။ အာရုံကြောင့် ဖြစ်နေတာ၊ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှား တယ်၊ ငါလို့ ယူထားတယ်။ ငါမြင်လိုက်တယ်ကွ၊ ငါ ကြားလိုက်တယ်ကွ၊ ငါ့နားက ကြားလိုက်တာကွ၊ မင်းဘာ တွေပြောသလဲ၊ မင်းဘာတွေလုပ်သလဲကွ၊ ငါ့ပစ္စည်းတွေ မင်းဘာတွေယူသလဲကွ။ ပစ္စည်းကို စွဲလန်းရင်တဏှာ၊ ပစ္စည်းကြောင့် ဥပါဒါန်ဖြစ်တာကံ၊ အဲဒီတော့ အတွင်းသီလ ပျက်တယ်။ အပြင်သီလမရှိလို့ အတွင်းသီလပျက်တာ၊ သီလ ဆိုတာ အပြင်သီလနဲ့ အတွင်းသီလနှစ်မျိုးနှစ်စားရှိတယ်။ အပြင်သီလက အကာခေါ်တယ်။ အတွင်းသီလက အနှစ် ခေါ်တယ်။ အပြင်သီလက ပညတ်ခေါ်တယ်။ အတွင်း သီလက ပရမတ်ခေါ်တယ်။ ပညတ်၊ ပရမတ် နှစ်ခုချုပ်မှ ဒီဝိညာဉ်ဟာ လွတ်မယ်။ ရုပ်နာမ်က လွတ်သွားမယ်။

ဒါ ဝိပဿနာသွားတဲ့ စခန်း၊ ဉာဏ်စခန်းတွေ ကံမဟုတ်ဘူး။

## သမုတိသံဃာ၊ အရိယာသံဃာ

ကံဆိုတာစွဲတာ၊ အဲဒီကံစွဲတယ်၊ မစွဲတယ်ဆိုတာ သစ္စာဆိုရတယ်။ အရိယာသစ္စာ၊ သမုတိသစ္စာ၊ ဒီနှစ်ခုရှိတယ်။ သမုတိသစ္စာ၊ သမုတိသံဃာခေါ်တယ်။ အရိယာသစ္စာ အရိယာသံဃာခေါ်တယ်။ နှစ်ပါးရှိတယ်။ ပရိယတ္တိသံဃာ၊ ပဋိပတ္တိသံဃာရှိတယ်။ မြေလျှောက်ရဟန်းတွေ ရှိတယ်။ သာသနာမဆိတ်သုဉ်းသေးဘူး။ အာရုံ (၆)ပါး လွတ်သလားမေးပြီး၊ ဒါကိလေသာ၊ တဏှာသတ်တဲ့ရဟန်း ခေါ်တယ်။ စာမတတ်ဘူး၊ တတ်ချင်တယ်၊ စာမသင်ခဲ့ရဘူး။

## အာရုံမှာ ဉာဏ်မဖြစ်ဘဲ ကံဖြစ်နေတယ်

ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ ဗလမာန်၊ စာမာန်၊ ငါမာန်တွေရှိတယ်၊ မာန်ဆိုတာ ဘာကြောင့်

ဖြစ်ရသလဲ၊ တဏှာကြောင့်ဖြစ်တယ်၊ တဏှာမာန၊ မာနပြီး ဒိဋ္ဌိပဲ။ အာရုံတွေနောက် လိုက်နေတာ ဘယ်မှာ အာသွကွ ယ ဉာဏ်ရမှာလည်း၊ အာရုံမှာ ဉာဏ်မဖြစ်ဘဲ ကံဖြစ်နေ တယ်။ တဏှာပြီးရင် မာန်၊ မာန်ပြီးရင် ဒိဋ္ဌိ၊ ဒိဋ္ဌိနဲ့မာန်က နှလုံးမှာ ကိန်းဝပ်နေတယ်။ အဲဒါ ဘယ်သူသိလဲ၊ ဘာ ကြောင့်ကိန်းဝပ်သလဲ၊ တဏှာကြောင့် ကိန်းဝပ်တာ၊ တဏှာ မကုန်လို့ ကိန်းဝပ်တာ မိုးကိုကျော်ခိုင်းသွားပြီ ဒီတရားတွေ ဟာ အဘိဓမ္မာတရားတွေပါ၊ စိတ်ပိုင်းကို ဟောသွားတာ။

## စိတ်ကိုသိနိုင်သလား

သုတ္တံ၊ ဝိနည်း အဲဒါ လောကီနယ်ထဲမှာ ရှိသေး တယ်။ ပညတ်နယ်ထဲမှာပဲ ရှိသေးတယ်။ အဘိဓမ္မာစိတ် ပိုင်းတွေက ပရမတ်နယ်ထဲမှာရှိတယ်။ ဒုက္ခသစ္စာ ဆင်းရဲ ခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား၊ ကိလေသာ၊ တဏှာတွေ၊ အဲဒီနှစ်ခု သတ်ရင် မဂ်ဉာဏ်ရတယ်။ ဒီမဂ်ဉာဏ်ရရင် နိဗ္ဗာန်ကိုဝင်လို့ရပြီ။ ဒီမဂ်ဉာဏ်မှ မရေးသေးရင် နိဗ္ဗာန်ထဲ ဝင်လို့မရသေးဘူး။ အဲဒီတော့ ခင်ဗျားတို့ကို မေးတယ်။ နိဗ္ဗာန်ဝင်တယ်ဆို တာ အထက်မဂ်လား၊ အောက်မဂ်လား ခင်ဗျားတို့ကို မေး

ဦးမယ်။ အေး လှေကားသုံးထစ်မှာ ငါအထက်တက်သလား၊ အောက်ဆင်းသလား၊ မင်းသိသလားတဲ့။ ငါအောက်ခြေက သွားတာကွ။ အဲ ငါကလည်း မေးပြန်ပြီတဲ့။ လှေကားသုံးထစ်မှာ အပေါ်တက်မလား၊ အောက်ဆင်းမလား။ အေး မင်းငါ့စိတ်ကို သိနိုင်သလားတဲ့။ ဒါလမ်းဖွင့်ပေးလိုက်တာ ဒီမဂ်ဉာဏ်ရမှာ နိရောဓထဲဝင်လို့ရမှာ။

## စိတ်ကိုစစ်သွားတာ

ဒါကြောင့်မို့လို့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ သစ္စာ(၄)ပါးရေးထားတယ်။ ဒါ ဘုရားဟောထားတယ်။ ဒါကို ဦးပဏ္ဍိတက ရတယ်မပြောဘူး။ ရဟန္တာလည်း မပြောဘူး။ ဘုရားလည်းမပြောဘူး။ စိတ်ကိုပြောတာ၊ အတွင်းစိတ်ကို စစ်သွားတာ၊ အပြင်စိတ်လင်းသွားပြီ။ မျက်စိမှိတ်စရာမလိုဘူး။ ဒါပေမယ့် တရားဝင်တဲ့အခါ အပြင်အာရုံသတ်ပြီးမှ အတွင်းအာရုံကိလေသာ ဓာတ်တွေကို သတ်ပစ်ရသေးတယ်။ ကိလေသာဓာတ်တွေသတ်မှ ဓမ္မဓာတ်ကိုဝင်မှာ။ ဘာသိသလဲ။ ခင်ဗျားတို့စာတွေ မိုးပျံအောင်တတ်တာ။ ဒီက စာတစ်လုံးမှ မတတ်ဘူး။ စာတတ်ချင်တယ်။

**အပေါ်ကကြည့် အောက်အကုန်သိတယ်၊**
**အောက်ကလူ အပေါ်က အကုန်မသိဘူး**

ဒါဖြင့်ကောင်းပြီ ရဟန်းဘာလို့စီးသလဲ၊ အေး မင်းတို့တကာ တကာမများက ငါ့ကို ရဟန်းစီးပါဆိုလို့ ငါစီးတာ မလုပ်ပါရစေနဲ့။ စာမတတ်ဘူး မလုပ်ပါရစေနဲ့ အတန်တန်ပြောတာ၊ မြောင်းမြမြို့ ပဇ္ဇောတာရုံတိုက်ဟောင်းမှာ ရဟန်းဝတ်တာ၊ အဲဒီတော့ ငါမလုပ်ဘူး။ ငါစာမတတ်ဘူး၊ ဘာမှ နားမလည်ဘူး။ မလုပ်ပါရစေနဲ့၊ တကာတကာမများကို တောင်းပန်တယ်။ ဝတ်ပါ၊ ဝတ်ပါဆိုလို့ ရဟန်းဝတ်ရတာ၊ ဒါဖြင့် ဒီကမေးပြီ၊ တပည့်တော်ဘုရား စာမတတ်ဘူး။ အဲဒီတော့ တပည့်တော် ဘယ်လိုများ နေရပါ့မလဲ။ ဝိနည်းကိုထိန်း၊ ဝိနည်း ၂၂၇ သွယ်ထိန်းတဲ့ ဗောဓိပက္ခိယ (၃၇)ပါး၊ သူ့ကို ပြောပြန်ရော၊ အဲဒီ (၃၇)ပါး ထက်နည်းတာကော မရှိဘူးလား။ ရှိတယ်တဲ့။ မဂ္ဂင် (၈)ပါးထက် နည်းတာကော မရှိဘူးလား၊ ရှိတယ်တဲ့။ သိက္ခာ (၃)ပါး၊ သိက္ခာသုံးပါးဆိုတာ ဘာလဲတဲ့။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အဲဒီသိက္ခာ (၃)ပါးထက် နည်းတာကောမရှိဘူးလားတဲ့။ ရှိပါတယ်တဲ့။ ကောဓမ္မောတဲ့၊ ကောဓမ္မော ဘယ်ကလာသလဲတဲ့။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။

အဲဒီတော့ တပည့်တော် သဘောပေါက်ပြီဘုရား၊ သင်္ကန်း ဝတ်ကြီးနဲ့ထွက်သွားတာ၊ ကျင့်တာပဲ၊ သူသိတယ်။ အပေါ်ကကြည့်တော့အောက်၊ အကုန်သိတယ်။ အောက်က လူအပေါ် အကုန်မသိဘူး။

## သူ့ပညာကိုယ်မတတ်တော့ ကိုယ်တတ်တဲ့ပညာနဲ့ သာသနာပြုပါတယ်

ရဟန်းပေမယ့် အမျိုးအစားအမျိုးမျိုးရှိတယ်။ သဘော လေးပဲ ပြောမယ်။ စာတော့ မတတ်ဘူး။ ပရိယတ္တိသာသနာ ရှိတယ်။ပဋိပတ္တိ သာသနာရှိတယ်။ အဲဒီနှစ်ခု ပြုကြတာ ဘာကိုပြုသလဲ၊ ပဋိဝေဓကိုပြုတာ၊ သူလည်း သာသနာပြု တာ၊ ကိုယ်လည်း သာသနာပြုတာ၊ သူ့ပညာကိုမတတ် တော့၊ ကိုယ့်တတ်တဲ့ပညာနဲ့ပြုတာ၊ ဒီကဘာနဲ့ သာသနာ ပြုသလဲ၊ အေး ငါစာမတတ်ဘူးကွ။ ကျောင်းမှာ မေးကြည့် ကွာတဲ့။ တခြားနိုင်ငံက ခရစ်ယာန်ဘာသာကိုတချို့ မြန်မာ ပြည်က ကိုးကွယ်တယ်။ ထားလိုက်၊ မှန်တယ်၊ ဦးပဥ္စင်း ကျောင်းကို ခရစ်ယာန်ကိုးကွယ်တဲ့ကရင် ခဏခဏလာ တယ်။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုသလို ကျောင်းကိုခဏခဏလာတော့ အသိလေးတွေ သိလာတယ်။

ဒီကရင်လင်မယားက ကျောင်းနေ့တိုင်းလာတော့ ထမင်းလေးကျွေးလိုက်၊ ရေလေးတိုက်လိုက်၊ တရားလေးထိုင်လိုက် အဲဒီလို ကျင့်တဲ့အခါကြတော့ ကျွန်တော်တို့ ကိုးကွယ်တာ မှားနေပြီဘုရား။ တခြားနိုင်ငံက ဘာသာကိုယူပြီးတော့ ဒီနိုင်ငံမှာ တပည့်တော်တို့ ကိုးကွယ်ပါတယ်။ ယခု အရှင်ဘုရားပြောလို့ တပည့်တော် သဘောပေါက်ပါပြီဘုရား။ ဒီအယူဝါဒကြီး တပည့်တော်လျှုပါရစေတဲ့။ လာလျှုတာ။ မူစလင်ကလည်းပဲ လာပြီးလျှုတယ်။ ခရစ်ယာန်လည်း လာပြီးလျှုတယ်။ ဒါသဘောလေးနော်။ သူတို့ရဲ့ နာမည်လေးတွေခေါ်သမုတ်ထားတာ။ ဒီကစိတ်အကြောင်းပြောတာ၊ အေးရပါတယ်ကွ။ မင်းလဲရတယ်ကွ။ ခရစ်ယာန်လည်းရတယ်ကွ။ မွတ်စလင်လည်းရတယ်ကွ။ အကုန်ရတယ်။ စိတ်ပဲကွ။ လာ ငါနဲ့ထမင်းစား၊ လာ ငါနဲ့အတူနေ၊ သူစိတ်ချမ်းသာအောင် လုပ်ပေးတာ၊ အဲဒီတော့ သူစိတ်ချမ်းသာတယ်၊ သူစိတ်ချမ်းသာတဲ့အခါကျတော့ စိတ်ကလေးတွေကျင့်ကွ၊ အာရုံနောက်ကို မနောက မလိုက်နဲ့ကွ။ ဘဝင်စိတ်ကို ထိန်းထား၊ စက္ခုအာရုံ၊ နားသောတအာရုံ၊ အဲဒီအာရုံတွေနောက်မလိုက်နဲ့ကွ။ အဲဒီတော့ စိတ်၊ စေတသိတ် သတ်ပစ်လိုက်ကွ၊ စိတ်၊ စေတသိတ် သတ်ချင်ရင် မင်းရုပ်ပြန်

ရှုမယ်၊ ဒီလိုခိုင်းတာ၊ ကရင်က အောင်မယ်လေးဘုရား ဘုရား…ဘုရား… ဖြစ်ကုန်ရော။

## အရိယာသစ္စာဆိုတာ၊ အရုံပြတ်သွားတာ

နောက် ကရင်လင်မယားက လာပြန်ရော၊ မယားက စကားမပြောဘူး။ နဂိုတုန်းက စကားပြောတဲ့သူ။ မိစ္ဆာ နတ်တွေဝင်ပြီးတော့ နာမ်ချင်းလိုက်တာ၊ အဲ့ဒီကလေးမလေး စကားမပြောတော့ဘူး။ မြောင်းမြရွှေကြက်ယက်ဓမ္မာရုံမှာ ဖြစ်တာ။ အဲဒီကလေးမလေး စကားပြောလာတယ်။ ဒီလို ချုတ်သွားတာ။ အတွင်းကို ချုတ်တာ၊ တောင်ပိုင်၊ ကွင်းပိုင် တစ္ဆေ၊ သရဲ၊ ယက္ခ၊ ကုမ္ဘဏ္ဍာ၊ ဂန္ဓဗ္ဗ၊ ဒီကောင်တွေ တိုင်း ပြည်ကို အတွင်းနှိပ်စက်တာ၊ မိစ္ဆာကောင်တွေ၊ ဒီကောင် တွေ လက်နက်ချမှ အေးသွားမယ်၊ အတွင်းအေးမှ အပြင် လင်းသွားမယ်၊ ဘုန်းကြီး ဒါတွေလုပ်နေတာ၊ နင်တို့ဆီက ငါဘာတွေစားသလဲ၊ ဘာတွေလုပ်သလဲ၊ အဲဒါတွေက တောင် ပိုင်၊ ကွင်းပိုင်၊ တစ္ဆေ၊ သရဲ၊ ယက္ခ၊ ကုမ္ဘဏ္ဍာ၊ ဂန္ဓဗ္ဗ၊ နတ် ဘီလူးတွေ ဒီကောင်တွေ အင်မတန်ပြင်းထန်တဲ့ကောင်တွေ၊ ဘယ်သူတွေသိလဲ အဲဒီကောင်တွေကို ဦးပဏ္ဍိတက သစ္စာခံ ပြီးတော့ အရိယာသစ္စာဆိုတာက အာရုံပြတ်သွားတာ၊

အာသွကၡယဉာဏ်ရမှ အဲဒီကောင်တွေ လက်နက်ချမှာ အဲဒါကို လုပ်နေတယ်။

## ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်

အဲဒီတော့ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ ဒါတွေက ကံတွေ၊ ကံတွေကို ဓမ္မဖြစ်အောင်လုပ်၊ ဓမ္မအစစ်ဖြစ်အောင်လုပ်၊ အဲဒီတော့ ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီလို့ခေါ်တယ်။ ဓမ္မစေတီဆိုတာ သင်္ချိုင်းရမဟုတ်တော့ဘူး။ အဲဒီတော့ စာကရေးထားတယ်။ နဘယံဘေးမရှိ၊ အာရောဂျံပရမံလာဘံ၊ ကျန်းမာရေးလာဘ်ရတယ်တဲ့။ စာတွေသိပ်မှန်တယ်။ နဘယံဘေးမရှိဆိုတာ ပါဠိလိုရေးထားတာ။ (၃၁)ဘုံလွတ်တဲ့ ရဟန်းခေါ်တယ်။ မှတ်ထား။ ရုပ်နာမ်လွတ်သွားပြီ။ နတ်ကစောင့်ရှောက်ရတယ်။ သူ့သွားမကိုင်နဲ့။ မင်းအသိနဲ့ ငါ့အသိမတူဘူး။ ဒါကြောင့် မင်းငါ့ကို မကိုင်နဲ့ကွ။ မင်းငါ့ကို တွဲစရာမလိုဘူး။ အဲဒီတော့ ရုပ်ဆင်းရဲရင်ဆင်းရဲပါစေ၊ စိတ်မဆင်းရဲပါရစေနဲ့။ စိတ်ဆင်းရဲလို့ ဒုက္ခတွေရောက်ကုန်ပြီ။ သားအတွက်နဲ့ သောကပရိဒေဝ၊ သမီးအတွက်နဲ့ သောကရိဒေဝ၊ အစွဲတရားတွေကြောင့် စိတ်ဆင်းရဲတယ်။ စိတ်လည်း မနောပဲ၊ ဘာကြောင့်

စိတ်ဆင်းရဲရလဲ၊ အာရုံကြောင့် စိတ်ဆင်းရဲရတယ်။ အဲဒီ တော့ ဥပါဒါန်ဖြစ်တယ်။ သံသရာလည်ပြန်ရော။

## ရုပ်ကအနတ္တ စိတ်က အတ္တတွေ ဖြစ်နေတယ်

သံသရာဘယ်ကစလဲ၊ ခန္ဓာကစတယ်။ ခင်ဗျားမှာ သင်္ခါရကြီးဖြစ်နေတယ်။ လောကီအာရုံနဲ့ မနောကံပေါင်း ထားတာ၊ အမှတ်နဲ့ပေါင်းထားတာ၊ ဒါငါ့သမီးပဲ။ ဒါငါ့ သားပဲ၊ ဒါငါ့မယားပဲ၊ မှန်တယ်၊ ခင်ဗျားဘက်က ပညတ် အနေနဲ့ခေါ်သမုတ်ထားတာ၊ မှန်တယ်၊ ပရမတ်အနေနဲ့ သဘောပေါက်နေပြီ။ ဘယ်လိုလုပ်စကားပြောမလဲ။ ပညတ်၊ ပရမတ်ရှိတယ်။ အတ္တရှိတယ်၊ အနတ္တရှိတယ်၊ ရုပ်က အနတ္တ၊ စိတ်က အတ္တတွေဖြစ်နေတယ်။ အစွဲတွေဖြစ်နေ တယ်။ ခံပဲ၊ ဆရာကောင်းနဲ့ မတွေ့ဘူး။

## သေတတ်ပြီ၊ နေတတ်ပြီ၊ သွားတတ်ပြီ၊ စားတတ်ပြီ

အတုတစ်ထောင်၊ အယောင်ဆောင်တစ်သိန်း၊ ပလိန်း အနန္တတဲ့ တွေ့ပြီပေါ့။ ဦးပဏ္ဍိတ သက်နီးချုတ်ပါဆို ချုတ် ပေးလိုက်မယ်။ အားလုံးကမ္ဘာကနေပြီးတော့ သံဃာအပေါင်း များကရော လူထုကပါ ချွတ်ပါဆို ချွတ်ပေးလိုက်မယ်၊

ကျွန်ုပ်လူဖြစ်ပြီပေါ့။ အလှူလည်းမခံတော့ဘူး။ ဘာမှလည်း တရားမဟောတော့ဘူး။ သွားမယ်၊ ခြုံတောထဲမှာနေမယ်၊ သေတတ်ပြီ၊ နေတတ်ပြီ၊ စားတတ်ပြီ၊ ဆားလေးနဲ့ ထမင်းလေးနဲ့ အေးအေးဆေးဆေး နေတတ်ပါပြီ။

## ဓမ္မအစစ်ဖြစ်ရင် သိဒ္ဓိဟာ ကျွဲကူးရေပါတယ်

ခင်ဗျားတို့ သိဒ္ဓိလို့ ရေးထားတယ်။ ကာယသိဒ္ဓိ၊ အာဟာရသိဒ္ဓိ၊ ဓနသိဒ္ဓိလို့ စာရေးထားတယ်။ ဓမ္မအစစ်ဖြစ်ရင် သိဒ္ဓိဟာ ကျွဲကူးရေပါတယ်။ ရတနာ (၇)ပါးမှန်တယ်။ သူဘာမှ စာမတတ်ဘူး။ သူလာလှူရတယ်၊ ခွက်ထိုးခံတဲ့ သာသနာမဟုတ်ဘူး။ သိုက်တွေကို ချွတ်သွားတာ နတ်တွေကို ချွတ်သွားတာ၊ အဲ သိုက်တို့ နတ်တို့ကလာပြီး လှူရတယ်။ သူတို့လာလှူတာ၊ ခင်ဗျားတို့နှစ်ရက်လောက် ဟောဒီမှာ ပြကြည့်ပါ။ ခင်ဗျားတို့ ဦးပဏ္ဍိတကို အဲဒီကုန်းပေါ်က ဖုတ်တောထဲမှာ ထားကြည့် လာလိမ့်မယ်။ ခင်ဗျားတို့ အနားကလာစောင့်နေ၊ လာလှူကြလိမ့်မယ်။ ခွက်ထိုးခံရတဲ့ သာသနာမဟုတ်ဘူး။ အဲ ခင်ဗျားတို့ကတော့ မသိဘူး။ သူဘယ်ဘဝကလာတယ်။ ဟာ··သိတာပေါ့။ သူတို့က ကံတွေ၊ ဉာဏ်သမားဆီလာရော၊ ဉာဏ်မျိုးစေ့

လာယူတာ၊ မင်္ဂမျိုးစေ့လာယူတာ၊ သွားကြမယ်၊ ရုပ်အနတ္တ၊ စိတ်က အတ္တတွေ ဖြစ်နေတယ်။ အစွဲတွေ ဖြစ်နေတယ်။

## ဧကောဓမ္မော ဘယ်ကလာသလဲ၊ ရုပ်ပေါ်နာမ်ပေါ်က လာတယ်

ခင်ဗျားတို့ စာကရေးတယ်၊ ဒိဋ္ဌိသတ်တဲ့ ဒိဋ္ဌိသတ်မှ တဏှာပြတ်မှာ၊ ဘုရားဟောတာ တဏှာကို ဟောတာ၊ ဟိုမှာကြည့်စမ်း၊ စာမတတ်ဘူးတဲ့။ အဲဒါ ဧကောဓမ္မော ဘယ်ကလာသလဲ၊ ရုပ်နာမ်ပေါ်ကလာတယ်။ အဲဒါ ငါ သဘောပေါက်ပြီ။ သွားမယ်၊ တရားထိုင်တယ်။ အာရုံ ငါးပါးနဲ့ မပေါင်းတော့ဘူး။ ဒုစရိုက် (၁၀) ပါးလည်း ပယ်ပြီ။ ရေတောင်မခပ်တော့ဘူး။ ဝိစိကိစ္ဆလည်း မလုပ်တော့ဘူး။ ကာယကံ ဝစီကံလည်းလုံပြီး၊ ဆေးလိပ်တောင် မသောက်တော့ဘူး။ တံတွေးတောင် မထွေးဘူး။ ဟာ··· သူယူထားတဲ့ သီလဘယ်လောက်တောင် ကောင်းသလဲ၊ ဒါဝိနည်းထက်မြတ်တယ်။ သူယူထားတဲ့ သီလက အာရုံကို ပယ်ပြီး ဘာမှ မပြောတော့ဘူး။ တောထဲမှာထိုင်နေပြီ ကာယကံ (၃) ပါးဖြစ်တဲ့ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ ဒီအယူဝါဒတွေ မယူတော့ဘူး၊ ဘာကို ယူသလဲ၊ သူ အနတ္တကိုယူတယ်။ အတ္တကို ပယ်တယ်။

**မနောသတ်မှ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်လွတ်မယ်**

ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာလည်းမမြဲဘူး၊ သိတာလည်း မမြဲဘူး။ ဆိုလည်း မနေရဘူး။ အဲဒီမနောကို သတ်တော့မှ ကမ္မဝဋ်ပြတ်မှာ ကမ္မဝဋ်ပြတ်မှ ဟောဒီဘဝ အေးသွားတာ၊ အဲဒီတော့ ဝိဘာဂဝဋ်မလိုက်တော့ဘူး။ အနာဂတ်မပါတော့ဘူး။ အတိတ်၊ပစ္စုပ္ပန်၊ အနာဂတ်လို့ ရေးထားနော်။ အဲဒါတွေ ခင်ဗျားတို့ အပေါ်မှာ မူတည်တယ်။ သီလအခြေခံတာ သူလုပ်ပြီးပြီ။ သီလအုတ်ပန္နက်ရိုက်ပြီးပြီ၊ သမ္မာဓိတိုင် ထူထားပြီ၊ သမာဓိဆိုတာ အဓိစိတ္တ၊ သီလဆို တာ အဓိသီလ၊ အဓိသီလဆိုတာ လောဘ၊ ဒေါသခေါင်းပါး လာတယ်။ မောဟကို သတ်ထားတယ်။ ကိလေသာသတ် တော့ တဏှာပြတ်တယ်။

**ပညတ်ချုပ်၊ ပရမတ်ချုပ်၊ နှစ်ခုချုပ်မှ**
**ရုပ်နာမ်လွတ် သွားမယ်**

ဒါကြောင့်မို့လို့ ကာမဝတ္ထုနဲ့ ငါ့မှာရှိတာတွေက ကိ လေသာ ကာမနှင့်ယှဥ်တွဲသုံးဆောင်မိပါက အများလည်း ကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာမကြိုက်ဘူး။ ကိုယ်စိတ်ကိုယ်စစ်၊ ဉာဏ်နဲ့စစ်၊ ဉာဏ်ရရင်သိမယ်၊ ကံနဲ့

သွားစစ်လို့ကတော့ တဏှာပဲနော်။ ကံဆိုတာ တွေးကြည့် ပေါ့ဗျာ။ မနောကံမှ မပယ်နိုင်တော့၊ အဲဒီတော့ အတွင်းနဲ့ အပြင် ပညတ်သီလနှင့် ပရမတ်သီလ၊ ပညတ်ချုပ် ပရမတ် ချုပ်၊ နှစ်ခုချုပ်မှ ရုပ်နာမ်လွတ်သွားမယ်။

## မဂ်ဉာဏ်ရမှ နိရောဓဝင်လို့ရမယ်

အဲဒီ ရုပ်နာမ်လွတ်သွားတယ်ဆိုတာ ကဲ ပြောစမ်း ပါဦး၊ အေး ငါတရားထိုင်တယ်ကွာ။ ထိုင်တုန်းက ဝေဒနာ တွေ ဒင်းကြမ်းပေါ့ကွာ။ ရုပ်နာမ်လွတ်တဲ့အသိနဲ့ထိုင်တော့ ဘာမှ မသိတော့ဘူးကွ။ ရုပ်တော့ရုပ်ပဲကွ။ နာမ်ကတော့ နာမ်ပဲကွ။ ဒီအာရုံကို ငါမယူတော့ဘူးကွ။ ဒီအာရုံတွေ ငါယူစရာမလိုတော့ဘူး။ အကျိုးတရားဒုက္ခသစ္စာကိုလည်း ငါယူစရာ မလိုတော့ဘူးတဲ့။ အကြောင်းတရားကိုလည်း သတ်စရာ မလိုတော့ဘူး။ ဒါ ငါပြီးပြီတဲ့၊ ဟော အာရုံ တစ်ခုဖြစ်တယ်။ လောကုတ္တရာ အာရုံပဲ၊ သဘာဝသဘော ပဲ၊ သဘောပဲကွ။ သဘောမျှပဲကွ။ အဲဒါ ငါခံစားရပြီးကွ။ ဒီမဂ်ဉာဏ်ရမှာ နိရောဓကို ဝင်လို့ရမယ်။

●

# ဝိသုဒ္ဓိဓမ္မ သဒ္ဓါ တရားတော်အမှတ် (၃)

## ၂၀၀၁-ခုနှစ် ဇန်နဝါရီလ (၆)ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီရင်ပြင်၌ မြောင်းမြဝါးကျောင်းဆရာတော် ဦးပဏ္ဍိတ ဟောကြားတော်မူသော ခန္ဓာကိုယ်တွေ့တရားတော်

### စာမတတ်တော့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ

ဦးပဥ္ဇင်းက မြန်မာစာမတတ်ဘူး။ စာ အားကြီးတတ်ချင်တယ်။ စာမတတ်ဘူး။ စာမတတ်တော့ သံဃာတော်၊ အရှင်သူမြတ်၊ ကိုရင်လေးကစပြီးတော့ တပည့်တော်ဟာ စာပေကျမ်းဂန်မတတ်ဘူး၊ မတတ်တဲ့အတွက်ကြောင့် ပြောမှားဆိုမှားရှိရင် တပည့်တော်အားလုံးတောင်းပန်ပါတယ်။ ဒကာ ဒကာမ ခုနစ်ရက်သား ခုနစ်ရက်သမီးအပေါင်းများ၊

သီလရှင် ယောဂီပုဂ္ဂိုလ်များ၊ တကာကြီး တကာမကြီးများ အားလုံး အကုန်ပေါ့ဗျာ။ ဦးပဏ္ဍိတပြောသွားတဲ့ စကားတွေ ဟာ မြန်မာစာကောင်းကောင်းမတတ်တော့ ပြောမှားဆိုမှား ရှိရင် ခွင့်လွှတ်ပါ။ ပညတ်နဲ့ ပရမတ်၊ အနတ္တနှင့် အတ္တ ကို သဘောလေးနဲ့ ပြောသွားပါ့မယ်။ ဒါကြောင့် သဘော ရဲ့ အသိလေးကို ဦးပဏ္ဍိတက ပြောတာကို မယုံနဲ့ဦး။ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ၊ ဦးပဏ္ဍိတ က ပြောသွားတယ်၊ ကိုယ့်မှာရှိတဲ့ အသိတွေကို ပြောသွား တာ၊ ငါ့မှာလည်းရှိတယ်။ သူ့မှာလည်းရှိတယ်။ ဒီအသိကို ပြောသွားတယ်။ အသိတရားခေါ်တယ်။ အဲဒါလေးကို ဦးပဋ္ဌင်းက သဘောလေးနဲ့ ပြောပြမယ်။

## အပြင်အာရုံကို သညာအမှတ်နဲ့ယူတော့ သင်္ခါရဖြစ်တယ်

ဘုရားကတော့ ဟောထားတယ်၊ ကံကိုဟောထား တယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံ သော သင်္ခါရ ဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့။ ကံကို ဟောတာ၊ ကံဆိုတာ ခေါ်သမုတ်တာ၊ အာရုံကို မပယ်သတ်နိုင်တော့ သွားစွဲတာနော်။ ဘယ်လိုစွဲသလဲ၊ ဘာ

ကြောင့် အာရုံကို မပယ်နိုင်သလဲ။ ကိုယ်ယူတဲ့ အယူက အမှတ်နဲ့ယူတယ်၊ ပါဠိလို သညာခေါ်တယ်။ ဒါအာရုံနော်၊ အာရုံကြောင့် ကံတွေဖြစ်တာ၊ ဘယ်ကံဖြစ်သလဲ၊ မနော၊ အတွင်းအာရုံကဖြစ်တယ်။ အပြင်အာရုံကို သညာနဲ့အမှတ်နဲ့ယူတဲ့အတွက်ကြောင့် သင်္ခါရဖြစ်တယ်။ သဗ္ဗေအလုံးစုံသော သင်္ခါရ၊ အနိစ္စတဲ့။ သဗ္ဗေဆိုတာ အကုန်လုံးပါတယ်။ ဗြဟ္မာဘုံတောင် ပါနေတယ်။ ဗြဟ္မာဘုံက တဝင်းဝင်း၊ တရှုပ်ရှုပ်တဲ့ ဗြဟ္မာဘုံလဲရောက်နိုင်တယ်။ နတ်ဘုံလည်း ရောက်နိုင်တယ်။ အပါယ်လေးဘုံလည်း ရောက်နိုင်တယ်။ အဲဒီတော့ ရုပ်ပြစ် ၈ ပါးကိုလည်း ရောက်နိုင်တယ်။ အပါယ်လေးဘုံလည်း ဖြစ်နိုင်တယ်။ အားလုံးပေါင်းလိုက်တော့ (၃၁)ဘုံလို့ ခေါ်တယ်ဗျ။

## အာရုံတွေကြောင့် တဏှာမာန ဒိဋ္ဌိဖြစ်တယ်

အဲဒါ ကံအကြောင်းတရား၊ ကံဆိုတာ အာရုံနောက်ကို လိုက်နေတာ။ အပြင်အာရုံ၊ အတွင်းအာရုံ၊ အာရုံနှစ်ခုရှိတယ်။ အတွင်းအာရုံဆိုတာက ကိုယ့်ဟာကိုယ်သိမယ်နော်။ အပြင်မှာ ဘာမှမမြင်တော့ဘူး။ ခြင်ထောင်ထဲမှာတွေးနေတာ။ ဟာ ကိုယ်ဟာကိုယ် လက်ဖက်ရည်

ဆိုင်မှာ လက်ဖက်ရည်သောက်ပြီး တွေးနေ ဟာ။ အဲဒီအာရုံက ဘယ်အာရုံလဲ၊ အာရုံငါးပါးကို မနော နဲ့ ပေါင်းနေတာ။ အတွင်းအာရုံနဲ့ပေါင်းတာ၊ ဒါကြောင့်မို့ လို့ အပြင်အာရုံသတ်မလား၊ အတွင်းအာရုံသတ်မလား၊ အဲ ခင်ဗျားတို့ သဘောလေးပဲ နော။ အဲဒီအာရုံတွေကြောင့် တဏှာမာန ဒိဋ္ဌိဖြစ်တာ။ ဘယ်ဟာလဲ မနော။ မနောပဲဟော နေတာ မနောကံ ဟောနေတာ။ ဒီကံက သံသရာလည် တယ်။

### မနောကံသတ်၊ ကိလေသာတဏှာသတ်

သံသရာဘယ်ကစလဲ ခန္ဓာကစတယ်၊ သံသရာ ဘယ်ကပြတ်သလဲ၊ ခန္ဓာကပြတ်တယ်။ အဲဒီတော့ လည် တာနဲ့ ပြတ်တာ၊ အဲဒါ ကိုယ့်စိတ်ကိုစစ်၊ ဘာနဲ့စစ်သွား ရမလဲ၊ သမ္မာနဲ့ စစ်သွားရမယ်။ အဲဒီတော့ ဒီကံကို ပါယ် ချင်တယ်။ ဒီကံကို သိချင်တယ်။ စာမတတ်တော့ တပည့် တော် တောရဆောက်တည်တော့မယ်ဘုရား။ တပည့်တော် ကို ခွင့်လွှတ်ပါဘုရား။ ဘာမှ မတတ်ဘူးဘုရား၊ ဒီကံကို တပည့်တော်သတ်မယ်။ အဲဒီအာရုံကြောင့် တပည့်တော် ကံဖြစ်တယ်။ ဘယ်ကံကို သတ်မလဲ၊ နှလုံးသားရဲ့ မနော

ကံကို သတ်မယ်။ ကိလေသာကံကို သတ်မယ်။ ကိလေသာကံသတ်မှ တဏှာကံပြတ်မယ်။ အဲဒီတော့ ကိလေသာကံဆိုတာ ကိလေသာရဲ့ ရုပ်ကြီးဟာ ကံနဲ့ ရထားတာ။ ကမ္မဝဋ်ခေါ်တယ်။ကမ္မဝတ်မသိလို့ ဟောဒီဘဝလည်နေတာ။ သင်္ခါရဖြစ်ပြီ။ ကမ္မဝတ်၊ ဘဝဝဋ်၊ ဝိဘာကဝဋ်လို့ ခေါ်ထားပါတယ်။ ဒါစာက ရေးထားတာ။

## အတ္တပယ်မှ အနတ္တဆိုက်မယ်

အဲဒီတော့ အတ္တဆိုတာဘာလဲ။ အာရုံနောက်လိုက်နေတဲ့ သဘောကိုခေါ်မယ်။ အဲဒါ အတ္တပဲ။ အာရုံငါးပါး၊ အဲဒီအပြင်အာရုံငါးပါးနဲ့ အတွင်းအာရုံနဲ့ နှစ်ခုပေါင်းတော့ သင်္ခါရတွေဖြစ်တယ်။ စာမတတ်ဘူးနော်။ သဘောလေးနဲ့နော့။ ဒီဘဝ ပြန်ကြမယ်။ အဲဒီအတ္တကို ပယ်မှ အနတ္တကို ဆိုက်မယ်။ အနတ္တဆိုက်မှာ တဏှာ မာန ဒိဋ္ဌိပြုတ်မယ်။ အာရုံမှာ ဦးစီးနေတာ မာန၊ အဲဒီမာနနဲ့ ဒိဋ္ဌိပယ်သွားမယ်။ ဘာဖြစ်လို့ ပယ်လဲ၊ တဏှာမှမရှိရင် ပယ်တယ်။ မာနနဲ့ ဒိဋ္ဌိကိုသိတယ်။ ဒါကြောင့်မို့လို့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ အတွင်း၊ မာနဆိုတာ အပြင်အာရုံ၊ အဲဒီနှစ်ခုပေါင်းချနေတာ။ ဘာဖြစ်လို့ အချခံရသလဲ။ သတ္တဝါတွေမှာ တဏှာကြောင့်

အချခံရတယ်။ ကြည့်စမ်း၊ ဘုရားကြိမ်းတာ ဒီတဏှာပဲ။ အဲဒါကံပဲ။

## ခန္ဓာပဋ္ဌာန်းရှိတယ်

အဝိဇ္ဇာကြောင့် သင်္ခါရ၊ အဲဒါစာလို့ ဆိုရမယ်။ မှားယွင်းရင် သည်းခံပါ။ အဲဒါ စာနဲ့ ဆိုပေးတာ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဉပါဒါန်၊ ဉပါဒါန်ကြောင့် ကံ၊ ဟာ မလွတ်တော့ဘူး။ ဒါ အနုသယ အာရုံကိုဟောတာ။ အာရုံကို ဟောတဲ့တရားခေါ်တယ်။ အာရုံကို ဟောတော့မှာ အာရုံကို သိတော့မှ အာသွက္ခယ ဉာဏ်ရလို့ ဟောတာ။ သဘောလေးနာ၊ အာရုံကျင့်တဲ့ တရားတွေခေါ်တယ်။ ဒါဝိနည်းမဟုတ်ဘူးနော်။ ဒါသုတ္တန် မဟုတ်ဘူး။ အဘိဓမ္မာတရား စိတ်ပိုင်းတွေနဲ့ဟောတာ။ ပါဠိလို အဘိဓမ္မာ၊ အဘိဆိုတာ ယခု၊ ယခုမြင်လိုက်တဲ့ အကြောင်း၊ ယခုကြားလိုက်တဲ့အကြောင်း၊ ယခုသိလိုက်တဲ့ အကြောင်း။ ယခုနံလိုက်တဲ့အကြောင်း၊ အကြောင်းတွေခေါ် တာ။ အဲဒီတော့ ခင်ဗျားတို့ရေးထားတယ်။ ကာယသတိ ပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်။ ဟုတ်သလား ဟုတ်တယ်တဲ့။ ကာယသတိပဋ္ဌာန်ဆိုတာ ကာယကံ၊ ဝစီ

ကံ၊ မနောကံနော်။ ပဋ္ဌာန်းဆိုတာ အကြောင်းနဲ့အကျိုး၊ အဲဒါ ပဋ္ဌာန်းလို့ခေါ်တယ်။ ခန္ဓာက ပဋ္ဌာန်းခေါ်တယ်။ အာရုံနဲ့ မပေါင်းဘူး။ အာရုံနဲ့ပေါင်းရင် ကံဖြစ်သွားလိမ့်မယ်။ အဲဒါ ပဋ္ဌာန်းခေါ်တယ်။ ဒါ သူ့စာမတတ်လို့၊ သူ့စာတတ်ချင်တယ်။ စာမတတ်လို့မပြောတတ်ဘူး။ ဓာတုယာဓာတု အကြောင်းနဲ့အကျိုး၊ အကျိုးနဲ့အကြောင်း၊ အဲဒါပဋ္ဌာန်း၊ ခန္ဓာက ပဋ္ဌာန်းတွေ၊ မှန်တယ်၊ ခင်ဗျားတို့ စာပဋ္ဌာန်း မှန်တယ်။ ခန္ဓာပဋ္ဌာန်းရှိတယ်။ ကာယသတိပဋ္ဌာန်၊ ဒါပဋ္ဌာန်းအဆက်တွေ၊ ဝေဒနာသတိပဋ္ဌာန်၊ ဒါပဋ္ဌာန်းအဆက်တွေ၊ စိတ္တသတိပဋ္ဌာန်၊ ဒါပဋ္ဌာန်းအဆက်တွေ၊ ခန္ဓာ ပဋ္ဌာန်းတွေနော်။ သဘောလေးနော်။

## မျိုးစေ့လာပေးတာ

ဒီရုပ်တရား သိသွားပြီ။ ဒီရုပ် ဘာဖြစ်လို့သိတယ်။ သဘာဝကိုသိလို့၊ သဘာဝဆိုတာ ဘာလဲ။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ သဘာဝသိမှ၊ ဟောဒီရုပ်သိတာ။ ဟောဒါအတ္တရုပ်၊ သိတာဟာ အနတ္တကြီးဖြစ်နေပြီ၊ သဘာဝတရားရှိတယ်။ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု၊ ဟာ အပြင်ဥတု၊ သဘာဝဥတုတွေ၊ ဓာတ်သဘာဝခေါ်တယ်။ ကျင့်လို့သိတာ၊ သိလို့ပယ်တာ၊ ပယ်လို့ မဂ်ဆိုက်၊

ဖိုလ်ဆိုက်၊ သိပယ်ဆိုက်ပွား၊ ဒါမျိုးစေ့လာပေးတာ။ အာရုံကို ပယ်တဲ့ ရဟန်းခေါ်တယ်။ အာရုံနောက်လိုက်သွားလို့ရှိရင် အတ္တဖြစ်သွားလိမ့်မယ်။

## အဓိပညာရမှာ လောကကိုသိတာ

ခင်ဗျားတို့ ဘယ်အာရုံသတ်မလဲ။ ဟော မေးပြီ။ အေး တောင်ပို့မှာ ဂယ်ပေါက်ခြောက်ပေါက်ရှိတယ်။ ဘယ်အပေါက်တွေ ပိတ်မလဲ။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ပိတ်လိုက်၊ အဲဒါအပြင် အာရုံတွေ အပြင်အာရုံတွေ ပိတ်လိုက်ပြီ၊ အဲဒီဖွတ် မနေသာတော့ဘူး။ ထွက်မယ်၊ ဖွတ်ဆိုတာ မနောကိုပြောတာ။ အပြင်အာရုံငါးပါးပယ်လိုက်။ ခင်ဗျားတို့ ပါရမီဆယ်ပါးမှာ ဥပက္ခာ၊ ဒီအယူတွေကို မယူတော့ဘူး။ ဒီအယူဝါဒတွေကို မယူတော့ဘူး။ အာရုံငါးပါးပယ်ပြီး အတွင်းအာရုံသတ်တယ်။ အဲဒါ သီလပဲ။ အဲဒါ အဓိသီလခေါ်တယ်။ အဲဒါ အဓိစိတ္တခေါ်တယ်။ အဲဒါ အဓိပညာရမှ လောကကို သိတာ။ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက၊ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်....ကိုသိတာ၊ သိလို့ လာဟောတာ။ ပဋ္ဌာန်းက မှန်တယ်။ အဲဒီခန္ဓာက ပဋ္ဌာန်းကိုသိမှ၊ သဘောပေါက်တာ။ ဒီစာတ်တွေကို ကျင့်သွားတာ၊ စာတော့ မတတ်ဘူး။

## အရိယာက လောကုတ္တရာထဲမှာနေတာ

ခင်ဗျားတို့ အဲ ခုနက ဆရာမကြီးတရားတောင်းလိုက်တာ။ ကောင်းလိုက်တာ။ စာကို တတ်လိုက်တာ။ မိုးပျံအောင် တတ်လိုက်တာ။ ဟာဒီနေရာမှာ တစ်ခါတည်းကို အင်မတန်မှ နားထောင်လို့ကောင်းလိုက်တာဗျာ။ သံဝေဂ တရားရှိတယ်။ ကိုယ်ကျင့်တရားရှိတယ်။ ဗြဟ္မစိုရ်တရား ရှိတယ်။ သူတော်ကောင်း အစားစားရှိတယ်။ သူတော်ကောင်း အစားစားက ကံနယ်ထဲမှာ နေတာ။ အရိယာက လောကုတ္တရာမှာနေတာ။ ဝိဇ္ဇာတွေ၊ ဝိဇ္ဇာဓိုရ်တွေ၊ သူတော်ကောင်း အစားအစားတွေ ရှိသေးတယ်။ ဟိုဘက် ကမ်းကို မရောက်သေးဘူး။ ဒီက ဟိုဘက်ကမ်းကို ရောက်လို့ ဒီဘက်ကမ်းကို သစ္စာလေးပါးကို လာဟောတာ။

## အရိယာက ဓမ္မစေတီလုပ်ပေးတာ

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ အဲဒါဓမ္မခေါ်တယ်။ ဓမ္မစေတီကိုခေါ်တယ်။ အဲ ခင်ဗျားတို့ တွေး၊ ဓမ္မစေတီကို ဘယ်သူကပိုင်သလဲ။ ပရိဘောဂက ပိုင်တယ်။ ဥဒ္ဒိဿပိုင်တယ်။ အဲဒါတွေပေါ့ဗျာ။ စာတော့ မတတ်ဘူး။ သုံးချက်ပိုင်ထားတယ်။ ပရိဘောဂစေတီ၊ ဓာတု

စေတီ၊ ဥဒ္ဒိဿစေတီ၊ အဲဒါကံဘုရားတွေ၊ အဲဒါသူတော်ကောင်းတွေလုပ်တာ။ အရိယာက ဓမ္မစေတီလုပ်ပေးတာ။ ပိုက်ဆံသူ့နောက်ကို လိုက်လှူရတယ်။ ခွက်ထိုးခံတဲ့ သာသနာမဟုတ်ဘူး။ မိုက်နဲ့အော်တဲ့သာသနာမဟုတ်ဘူး။ သူ့ကိုချထား၊ မြေပြင်ပေါ်မှာ ချထား။ ခင်ဗျားတို့ ဟောဒီရန်ကုန်မြို့ချထား၊ ကြိုက်တဲ့နေရာချထား။ လာလိမ့်မယ်။ သူ့သာဝကတွေလာလိမ့်မယ်။ ဆွမ်းတော်ပေါင်း မျိုးတော်ပေါင်းလို့ပြောတယ်။

## အာရုံသတ်တဲ့ ရဟန်းရှိတယ်၊ ရှားတယ်၊ သာသနာမဆိတ်သုဉ်းသေးဘူး၊ ရှိတယ်

ခင်ဗျားတို့တွေးကြည့်၊ စာတော့တစ်လုံးမှ မတတ်ဘူး။သိပ်တတ်ချင်တယ်။ စာတတ်…ရင် ဒီစကားတွေပြောလို့ရတယ်။ ပါဠိရှိတယ်။ အနက်ပြန်ပေးမယ်။ အနက်ပြန်မှ ဒကာဒကာမက သဘောကိုသိမယ်။ ဒါမှစဉ်းစားမယ်။ ဒိဋ္ဌိနဲ့ တဏှာကြည့်စမ်း၊ ဒိဋ္ဌိကိုသတ်၊ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ အဲဒီဒိဋ္ဌိက အာရုံမပေါင်းဘူး။ အာရုံပါးပါးကို ပယ်ထားတာ။ အဲဒီဒိဋ္ဌိက အတွင်းသတ်တာ။ လက်ကလေးပိုက်ပြီးကော့ တရားထိုင်တယ်။ ကာယကံ

သုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး၊ ဗျာပါဒ၊ အဘိဇ္ဈာ၊ ကုက္ကုစ္စ၊ စိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်၊ လောဘစိတ်၊ မောဟစိတ်၊ ဒီစိတ်တွေဟာ အာရုံကြောင့်ဖြစ်တာ။ မနော မှာတင်နေပြီး ဆူးပေါ်မှာဖက်ကျ သွားတယ်။ ဖက်က နတယ်။ ဆူးကချွန်တယ်။ မခံနိုင်ဘူး။ ပညတ်မခံနိုင်ဘူး။ ပရမတ်ကထိုးလိုက်တာ ဘုရားပညတ်၊ ငါပညတ်တာ မ ဟုတ်ဘူး။ ဘာတွေပညတ်လဲ ဘုရားပညတ်တယ်။ မှတ် ထားဦး။ အဲဒါမိစ္ဆာအယူတွေပညတ်တာ၊ အဲ သက္ကာယ အယူတွေ ပညတ်တာ။ သမ္မာကိုလုပ်ခိုင်းတာ။ အဲ သမ္မာဆို တာကြည့်၊ ဒါလုပ်ရမှာ။ ဟာအခုတော့ ညည်းကဘာ၊ ကျုပ်ကဘာ၊ ကျုပ်က ပိုက်ဆံဘယ်လောက် ရှိတယ်။ ညည်းက ဘယ်လောက်ရှိတယ်။ ကောင်းတာပေါ့။ ကောင်း ပါတယ်ဗျာ။ အဲဒီအာရုံကို သူတို့မသတ်နိုင်တော့ဘူး။ အာရုံသတ်တဲ့ ရဟန်းရှိတယ်။ ရှားတယ်။ တိုင်းပြည်မှာ သာသနာမဆိတ်သုဉ်းသေးဘူး။ ရှိတယ်။ ဘယ်သူမှ မသိ ဘူး။ အနားကပ်တာတောင် မသိဘူး။ ခင်ဗျားတို့ ဟာကို စားချင်သောက်ချင်လို့ မဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ ပုပ္ပမုံစ၊ ပရစေတနာဆိုတာ မှန်ရမယ်။ အဲ…အဲဒီစေတနာသုံးတန် မှန်ဖို့လိုတယ်။

## သမီးရွေးဖို့သွားပြီ

ဦးပဋ္ဌင်း စာမတတ်ဘူး။ ဥပမာနဲ့ ပြောမယ်။ ခင်ဗျား တို့ စာနဲ့ရေးထားတယ်။ အဲဒီဒကာက သူ့သမီးလေး ပေါင်ထားတယ်။ အသပြာသုံးထောင်နဲ့ ပေါင်ထားတယ်။ ပေါင်ပြီးတော့ သုံးစားပြီးတော့ ကုန်ရော၊ ကုန်တော့ တစ်နှစ်လည်း မရွေးနိုင်၊ နှစ်နှစ်လည်း မရွေးနိုင်။ သုံးနှစ်လည်း မရွေးနိုင်။ လေးနှစ်လည်း မရွေးနိုင်ဘူး။ ငါ့သမီးလေး ငါပေါင်ထားတာပါလား။ သတိရလာတယ်။ ငါ့သမီးလေး ဘယ်အရွယ်ရောက်လို့ ဘယ်အချိန်ဖြစ်ပြီလဲ သိချင်တယ်ဆိုပြီးတော့ ဖအေက သူများလယ်ပိုင်မှာ စာရင်း ငှားသွားလုပ်တယ်။ စာရင်းငှားလုပ်ပြီး စာရင်းငှားလုပ်ခ ရတာတွေကို စုဆောင်းထားတာ၊ အသပြာသုံးထောင်လည်း ပြည့်ရော၊ ကျွန်တော်ဗျာ ဒီနေ့ ကျွန်တော့်အလုပ်က ပြီး သွားပါပြီ။ အလုပ်ပြတ်သွားပါပြီ။ ခင်ဗျားအလုပ်ကိစ္စ ကျေပွန်သွားပါပြီတဲ့။ ဟုတ်ပါတယ်။ အဲ··လုပ်ခရှင်းလိုက် တော့ သူ့မှာ ပိုက်ဆံတွေရလာတယ်။ ရလာတဲ့အခါကျ တော့ ငါ့သမီးလေးသွားရွေးမယ်ဆိုပြီးတော့ အဲဒီလယ်ထဲ မှာ လုပ်တဲ့ အိမ်ကနေသွားပြီးတော့ ထွက်သွားတယ်။ သမီး ဆီကိုသွားတာ။

## ရဟန်းအိုကြီးတွေ့ပြီ

လမ်းခုလတ်မှာ ရဟန်းအိုကြီးနဲ့ သွားတွေ့တယ်။ ရဟန်းအိုကြီးကလည်း အချိန်ကာလက ဆွမ်းစားမယ့်အချိန်ကာလဖြစ်နေပြီ။ အဲဒီတော့ ဟာ ဒုက္ခပဲ။ ရဟန်းကတော့ ညစာမစားရဘူး။ နေ့စာပဲစားရတယ်။ အဲဒီဒကာက ပူတာပေါ့။ တို့ကတော့ လူကတော့ ဘယ်အချိန်စားစား ပိုက်ဆံရှိရင် ဝယ်စားလို့ရတယ်။ သူတို့က ဝိနည်းတွေနဲ့ ဝိနည်း ၂၂၇ သွယ်နဲ့ ဘုရားရဲ့ပညတ်ထားတာကို သူတို့အလွန်ထိန်းထားပါတယ်။ ပညတ်ကို ထိန်းထားတယ်။ ဒါတွေ မိစ္ဆာအယူတွေ မလုပ်နဲ့။ သက္ကာယအယူတွေ မလုပ်နဲ့။ ဘုရားဟောထားတာ။ အဲဒါတွေ ထိန်းထားတာ။

## ထမင်းထုပ်ရှာဝယ်ပြီ

အဲဒီရဟန်းကြီးကို ငါထမင်းကျွေးမယ်ဆိုပြီးတော့ အဲဒီလမ်းဘေးမှာ ထင်းခုတ်တဲ့ ထင်းခုတ်သားများကို ထမင်းထုပ်ဝယ်တဲ့အခါ ကျွန်တော်တို့ မရောင်းပါရစေနဲ့ဗျာ။ ကျွန်တော်တို့အိမ်က ထွက်လာကတည်းက ကျွန်တော်တို့ ဒီထင်းခုတ်ပြီးတော့ ဒီကျွန်တော်တစ်ယောက်စာပဲ ရှိပါတယ်။ ဒါရောင်းရင် ဒီထင်းအလုပ်လည်း မလုပ်နိုင်တော့

ဘူး။ မရောင်းပါရစေနဲ့ဗျာ။ ဟိုလူမေးလည်း ဒီလိုပဲ။ ဒီလူမေးလည်း ဒီလိုပဲ။ အကုန်မေး၊ ဒီလိုကြီးပဲ။ ထမင်းဝယ်လို့ မရတော့ဘူး။ အဲဒီတော့ ငါ့မှာ အသပြာသုံးထောင်ပါတယ်။ မင်းတို့ ထမင်းထုပ်ကလေးတွေနဲ့ လဲကြကွာတဲ့။ ဟာ အဲဒီတော့မှတွေ့လား၊ တဏှာ ထွက်လာတာ၊ ပိုက်ဆံများများပေးတော့ သူအရင်လဲမယ်၊ ကိုယ်အရင်လဲမယ်။ တဏှာနော်၊ သိပ်နတယ်။ ဒီတဏှာလို့သာပြောတာ အင်မတန် မသိဘူးနော်။ အေး အဲဒီတဏှာပဲဗျို့။ ထမင်းထုပ်လည်းရရော၊ အဲဒီသံဃာတော်ကြီးကို ဆွမ်းကပ်တာပဲ။

## ဆွမ်းကပ်ချင်တဲ့ စေတနာနဲ့ ဆွမ်းကပ်ပြီ

ဆွမ်းကပ်တဲ့အခါကျတော့ ရဟန်းကြီးလည်း စားတာပဲဗျို့။ အဲ စားသောက်ပြီး မင်းလည်း မင်းပြန်၊ ငါလည်း ငါ့လမ်းငါပြန်မယ်။ အဲဒီတော့တွေးကြည့်။ သူရဲ့စေတနာဟာ အာရုံငါးပါးပေါ်မှာ သူမြင်လိုက်တဲ့အခါမှာ နှလုံးသားစေတနာထွက်လာပြီဗျို့။ ပညတ်အာရုံမှာ သမ္မာနဲ့ ဖြစ်သွားတယ်ဗျို့။ မျှတတဲ့ စာနာတဲ့စိတ်တွေနဲ့ ဖြစ်သွားတယ်ဗျို့။ ဒီရဟန်းကြီးက ဒီလိုဒီလိုဖြစ်ပါကလား။ သူပဲ သိတယ်။ ထမင်းထုပ်ရောင်းတဲ့သူ ဘယ်သူမှမသိဘူး။ အဲ စာနာစိတ်၊

ဘြော် ငါ့လိုဆာမှာပဲ။ ငါတို့ကတော့ ဘယ်လို စားစား၊ သူ့အဖို့ မလွယ်ဘူးဆိုပြီးတော့ အဲဒီစက္ကူအြာရုံမှာ မနေဘဲ့ တိုက်လိုက်တဲ့အခါမှာ စေတနာထွက်လာတယ်။ အဲဒီ စေတနာပဲဗျို့။ ဒီရဟန်းကြီး ကျွေးတော့တာပဲ။

## ပစ္စည်းလည်းစင်ကြယ်၊ စေတနာလည်းစင်ကြယ်၊ အလှူခံပုဂ္ဂိုလ်လည်း စင်ကြယ်ကြရင် ဆုမတောင်းနဲ့ ရပြီ

အဲဒီလို ကျွေးလိုက်တဲ့အခါမှာ ဥပမာလေးပြောရမယ် ဆိုရင် အဲဒီရဟန်းကလည်း ဓမ္မအစစ်ဖြစ်ရမယ်၊ အဲဒီလူက လည်း ပုပ္ပ၊ မုံဇ၊ ပရ စေတနာပေါ်လို့ ဒီဆွမ်းကျွေးတာ။ ဝတ္ထုကလည်း စင်ကြယ်တယ်။ သမီးရွေးမယ့်ပိုက်ဆံ၊ စေတနာကလည်းစင်ကြယ်တယ်။ ဓမ္မအစစ်ကိုလည်း လှူခဲ့ ပြီ။ ဟာ·· ဆုမတောင်းနဲ့ဗျို့။ ဒီလိုဟာမျိုးတွေရှိဖို့ လိုပါ တယ်။ စေတနာမှန်ဖို့ လိုပါတယ်။

## ရုပ်ဆင်းရဲပါစေ၊ စိတ်မဆင်းရဲပါစေနဲ့

အဲ ခုတော့ ခင်ဗျားတို့ ကားလေးတစ်ခုခု သွားရိုက် ချိုးလိုက်ကြည့်။ ကားက သိန်း ၆၀ လောက်တန်တယ်။

ဟာ လျော့ရင်လျော့၊ မလျော့ရင် ဂါတ်သွားတိုင်မယ်။ တစ်ခါတည်း အမှုတန်းဖွင့်တာပဲဗျို့။ တစ်ဖက်သားလူက ဘယ်လောက်ဆုံးရှုံးရမလဲ။ ဩော်‥ ငါ့ကားလေးပျက်ချင်ပျက်ပါစေကွာ။ ထိုသူလည်း ဒုက္ခမရောက်ရအောင်၊ အားလုံး ကျေကျေနပ်နပ်နဲ့ အားလုံးကို တောင်းပန်ပါတယ်ဗျာ။ မတော်တဆ ဖြစ်သွားတာပါဗျာ။ တမင်တကာ လုပ်ကြံပြီး လုပ်တာ မဟုတ်ပါဘူး။ ဗျာ၊ တစ်ယောက်နဲ့တစ်ယောက် ကျေကျေနပ်နပ်နဲ့လုပ်ရင် အဲဒါ သမ္မာဗျ။ တစ်သိန်းတန်ကို ခြောက်သိန်းလောက် တောင်းထားတယ်။ ဟာ သူကလည်း တိုက်မိပြီလေ။ လျော့ရတော့မယ်။ ဟာ‥‥သူ့မှာစိတ်ပူနေပြီ ဗျို့။ စိတ်ဆင်းရဲသွားတယ်။ စိတ်မဆင်းရဲပါရစေနဲ့။ ရုပ်ဆင်းရဲပါစေ။

## တရားထိုင်၊ အာရုံသတ်၊ မနောသတ်

ခင်ဗျားတို့ ပြန်ကြမှာ အကုန်လုံးတရားနာသူတွေ၊ အမှန်ကတော့ အနတ္တတရားကြီး၊ အတ္တတွေအစွဲတွေနဲ့ ကံဖြစ်နေတာ။ အာရုံကို မသတ်ဘူး။ အတွင်းအာရုံ၊ အပြင်အာရုံမသတ်ဘူး။ အတွင်းအာရုံသတ်ရမယ်။ အတွင်းအာရုံ သတ်ပြီဗျို့။ တောင်ပို့မှာ ဂယ်ပေါက်ခြောက်ပေါက်ရှိတယ်။

ငါးပေါက်၊ အာရုံငါးပါးပိတ်ပြီဗျို့။ အာရုံနဲ့ မပေါင်းဘူး။ ဟော လက်ပိုက်ပြီး တရားထိုင်တယ်။ လက်ပိုက်ပြီး တရားထိုင်တဲ့အခါမှာ ကာယကံ ၃ပါး၊ ဝစီကံ ၄ ပါး၊ မနောကံ ၃ ပါး ပေါင်းလိုက်တော့ ဒုစရိုက် ၁၀ ပါးသတ်ပြီဗျို့။ ဒုစရိုက်ဆယ်ပါးကို ဘယ်သူကချုပ်လဲ။ ကံကချုပ်ထားပြီဗျို့။ အာရုံမပေါင်းတော့ဘူး။ ကံသတ်မှာကိုးဗျ။ အဲဒီတော့ ကံအလုပ်တွေ၊ သူများအသက်မသတ်ပါဘူး။ သူများပစ္စည်း မခိုးပါဘူး။ သူများသားမယားမဖျက်ဆီးပါဘူး။ သေရည်သေရက် မသောက်ပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန တီးမှုတ်ခြင်း၊ ကခုန်ခြင်း၊ နံ့သာလိမ်ခြင်း၊ မဖွယ်မရာ အလုပ်တွေ မလုပ်ပါဘူး။ အဲဒါအပြင်ကံတွေသတ်တာ။ အပြင်ကံတွေကို သတ်ထားတာ။ ဝိပဿနာလုပ်ပြီး ဒီကံတွေ သတ်ထားပြီ။ လုပ်စရာမလိုတော့ဘူး။ ရှောင်စရာမလိုဘူး။ တင်ပလ္လင်ခွေပြီးတော့ တရားထိုင်တယ်။ အပြင်ကံသတ်ပြီ။ အာရုံလည်း သတ်ပြီ။ မနောသတ်ဖို့ပဲ လိုတယ်။ ခင်ဗျားတို့ ဒီအလုပ်ကို မလုပ်ဘူး။ ဝိပဿနာ အလုပ်ကို မလုပ်ဘူး။ ဘာတွေလျှောက်လုပ်လဲ။

## ရုပ်နဲ့ရင်းရှာထားတဲ့တရား မေးချင်ရာမေးပါ

ခင်ဗျားတို့ အာရုံနဲ့ပေါင်းတယ်။ အဲ··ခင်ဗျားတို့ လုပ်ကြပေါ့ဗျာ။ ကြည့်သာလုပ်၊ ဒီက တကယ်သိသွားတာ။ အသေခံမယ်။ သက်န်းချွတ်ပေးလိုက်မယ်။ ချွတ်ပါဆိုရင် ချွတ်ပေးလိုက်မယ်။ သိသွားပြီး၊ အေးသွားပြီ။ မေးချင်တာမေး။ မင်းတို့ ငါ့လိုကျင့်တဲ့သူတွေမေး၊ ချွတ်ပါဆိုရင် ခုချွတ်သွားမယ်။ နော် ဒီမျိုးစေ့လာပေးတာ။ ရုပ်နဲ့ရင်းထားတဲ့ တရား၊ ဒီတဏှာကို သတ်ချင်လို့၊ သိချင်လို့ တရားထိုင်တယ်။ ဒုစရိုက် ဆယ်ပါးမလုပ်ဘူး။ ပညတ်တွေမလုပ်ဟော့ဘူး။ ဘုရားပညတ်တာတွေ မလုပ်ဘူး။ သမ္မာအလုပ်တွေလုပ်တယ်။ ကံတော့ကံပဲ။

## အာရုံယူလို့ ဥပါဒါန် ကံဖြစ်တယ်။

အဲဒီတော့ မနေသတ်တယ်။ ဘာသတ်လဲ ဗျာပါဒ။ စိုးရိမ်ကြောင့်ကြတဲ့စိတ်၊ သောကပဋိဒေဝ၊ ဥပါဒါန်ကိုသတ်တာ။ အာရုံယူလို့ ဥပါဒါန် ကံဖြစ်တယ်။ အဲဒီတော့ ထိတာက ရုပ်၊ သိတာက နာမ်၊ ဆိုလည်းမနေဘူး။ ဒီနှာခေါင်းနှစ်ပေါက်က လှုပ်ရှားနေတဲ့အာရုံကို သိတာ။ အဲဒါ ဘဝင်စိတ်ကသိတာ။ ထိ၊ သိ၊ သတိ၊ ထိ၊ သိ၊ သတိ၊ ဆိုမနေရ

ဘူး။ သတိထားရမယ်။ ဒီအာရုံဟာ တရစပ် တရစပ် လှုပ်ရှားနေတယ်။ ဝင်လိုက်ထွက်လိုက် အဲဒီအာရုံကို ဘဝင်စိတ်က သိထား၊ ကပ်ထား၊ မလွတ်စေနဲ့။ အဲဒါဘာလဲ။ အပြင် မှာ စင်ကြယ်လာပြီး အတွင်းမှာ စင်ကြယ်လိမ့်မယ်။ မနော စင်ကြယ်လာလိမ့်မယ်။ အဓိစိတ္တ ဖြစ်လာလိမ့်မယ်။

## သညာသိကစိတ်ခေါ်တယ် ပညာသိက ဓာတ်ခေါ်တယ်

အဲဒါ တရားအစစ်တွေ အပြင်မှာ စင်ကြယ်လာပြီး မိစ္ဆာအယူလည်း မယူဘူး။ သက္ကာယအယူလည်း မယူဘူး။ ငါဆိုတဲ့ အယူတွေလည်း မယူဘူး။ တဖြည်းဖြည်း သူ့သိလာမယ်။ အနတ္တကို ရောက်လာလိမ့်မယ်။ သဘာဝသဘောတရားဓာတ်တရားတွေ၊ ပညတ်ပရမတ်၊ ဓာတ်လို့ စာကရေးထားတယ်။ စိတ်က ဓာတ်ပြောင်းသွားလိမ့်မယ်။ သညာသိတာကစိတ်ခေါ်တယ်။ ပညာသိတာက ဓာတ်ခေါ်တယ်။ မှတ်ထားဦး။ ကမ္မဝတ်လိုချင်သေးလား။ အတိတ်က ကံမပြတ်လို့ ဒီဘဝလာဆက်ရတာ။

## မဇ္ဈိမ ပဋိပဒါ အလယ်အလတ်လမ်းက သွားရမယ်

မနုဿတဘာဝေါ ဒုလ္လဘော လူ့ဘဝက ခဲယဉ်းစွာ ရပြီ။ ရပြန်တော့ သိဖို့ရာ လွယ်တယ်မထင်နဲ့။ မရှိတာ

ရှာရင်ရတယ်။ မသိတာ အခက်ဆုံး။ ဦးပဏ္ဍိတ ပြောတာ လည်း မယုံနဲ့ဦး။ လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ ခင်ဗျားတို့ (၃၁)ဘုံ ဟောထားတာ ကံ၊ ကံဆိုတာ အတ္တ၊ အာရုံမပယ်လို့ အတ္တဖြစ်တယ်။ ကံဖြစ် တယ်၊ ဘယ်ကံလဲ မနော၊ အာရုံနဲ့ မနော၊ အဲဒါကံ။ ကောင်းတာလည်းစွဲတယ်။ မကောင်းတာလည်းစွဲ တယ်။ အစွန်းနှစ်ပါး မလွတ်တော့ဘူး။ အဲ အစွန်းနှစ်ပါး အလယ် ကသွား၊ လွတ်ပြီ။ မဇ္ဈိမပဋိပဒါ အလယ်ကသွားရမယ်။ ဒီကစိတ်ကို အေးနေတာ။ ဒါကြောင့်မို့လို့ ချုတ်စမ်းပါ။ ချုတ်စမ်းပါ။ သူဒါကြီးပြောနေတယ်။ သူထွက် သွားမယ်။ ချုတ်ခြင်ငါပြီးပြီတဲ့။ ပဋိဝေဓမရှိဘူးတဲ့။ ဟိုလူကြီးက ချုတ်ဆိုလို့ ငါချုတ်လိုက်ရပြီ။ ငါ့ဝတ္တရားကုန်ပြီကွာ။ ခင်ဗျား တို့ကို ရဟန္တာလည်း မပြောဘူးနော်။ ဘုရားလည်း မပြော ဘူး။ အနာဂါမ်လည်း မပြောဘူး။ စိတ်ပြောတာ။ ပင်လယ်ထဲမှာနေတဲ့ ရှင်ဥပဂုတ္တက "ဟော့မာရ်နတ် မင်း အလုပ်လည်းပြီးပြီ၊ ငါ့အလုပ်လည်းပြီးပြီ။ သွားတဲ့ မင်း လမ်းမင်းပြန်။ ငါလည်း ငါ့လမ်းငါပြန်" ဒီသဘောပဲနော်။ ဒါ သာသနာပြုပေးတာ။

## မာနနဲ့ဒိဋ္ဌိသတ်ပစ်မှ ရဟန်းအစစ်ခေါ်တယ်

ခင်ဗျားတို့ တောထဲမှာ သွားကြည့်၊ နာမ်ကောင်တွေကို လုပ်ပေးသေးသည်။ ဦးပဏ္ဍိတက ခင်ဗျားတို့တောင်ပိုင်၊ ကွင်းပိုင်၊ တစ္ဆေ၊ သရဲ၊ ယက္ခ၊ ကုမ္ဘဏ္ဍာ၊ ဂန္ဓဗ္ဗ၊ ခင်ဗျားတို့ သိမ်ထဲမှာ သိမ်သမုတ်တာတောင် အဲဒီမာနနဲ့ ဒိဋ္ဌိက ဝင်လာတယ်။ ကိုယ့်ကိုကိုယ် ဝင်လို့ ဝင်မှန်းမသိဘူး။ အဲဒီဒိဋ္ဌိနဲ့မာနကို သတ်ပစ်မှ အဲဒါ ရဟန်းအစစ်ခေါ်တယ်။ မှတ်ထားဦး။ ချွတ်ဆို သင်္ကန်းချွတ်ပေးလိုက်မယ်။ စာတော့ မတတ်ဘူး။ အာရုံကြောင့် သင်္ခါရတွေဖြစ်နေတာ။ ပဋ္ဌာန်းဆိုတာ ခန္ဓာမှာရှိတယ်။ ကာယကံ၊ ကာယသတိပဋ္ဌာန် ပဋ္ဌာန်းတွေ ပါနေတယ်နော်။

## ကိုယ့်လမ်းကိုယ်သွားကြမယ်

ကုမ္ဘဏီသွား ပစ္စည်းတွေဝယ်တယ်၊ ဆပ်ပြာတွေဘယ်လောက်ရှိသလဲ။ ကျုပ်က ကုမ္ဘဏီဗျာတဲ့။ ကျုပ်တိုက်ထဲမှာ ရှိသလောက်တော့ ခင်ဗျားရမှာပဲဗျ။ အဲဒါ တိုက်ထဲကရှိတာပဲရမယ်။ ဟိုက ဘယ်လိုပြောလဲ။ ကုမ္ဘဏီလီမိတက်တဲ့။ မင်း ဘယ်လောက်ယူမလဲ။ မင်းကြိုက်သလောက်

ငါ့ပေးမယ်။ ပညတ်တွေရေးထားတာ၊ မှန်တယ်ဗျို့။ ဟိုက ရှိသလောက်ပဲရမယ်။ ဒီက ကုမ္ပဏီလီမိတက်တဲ့။ မင်း ဘယ်လောက်ယူမလဲ။ မင်းလိုချင်သလောက်ငါပေးမယ်။ အခုလဲ ခင်ဗျားတို့တွေးကြည့်၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဘေးထားလိုက်၊ ပရိယတ္တိကလည်း သူ့နည်းသူ့ဟန်နဲ့ သာသနာပြုတာပဲ။ ပဋိပတ္တိကလည်း သူ့နည်းသူ့ဟန်နဲ့ သာသနာပြုတာပဲ။ ဘယ်သူ့ဘယ်သူမှ ပြောစရာလိုဘူး။ သဘောလေးနဲ့သွား။ ကိုယ့်လမ်းကိုသွားကြမယ်။

## ခန္ဓာက တကယ်သိလို့ လာဟောတာ

စာမတတ်ပေမယ့် အထင်လည်းမသေးနဲ့။ အထင် လည်းမကြီးနဲ့။ ငါ့ကို အထင်လည်း မသေးနဲ့ အထင်လည်း မကြီးနဲ့။ သူများမြှောက်ပေးတိုင်းလည်း ငါမမြှောက်ဘူး။ သူများခြောက်တိုင်းလည်း ငါမကြောက်ဘူး။ သဘောလေး ပြောသွားတာ။ ခန္ဓာက တကယ်သိလို့ တကယ်လာပြော တာ။ စာတော့ မတတ်ဘူး။ တတ်ချင်တယ်။ စာတတ်ရင် စကားကို အားကြီးပြောလို့ကောင်းတယ်နော်။ ပါဠိနဲ့ ပြော လိုက်၊ မြန်မာလို အနက်ပြန်လိုက် ဟာ··သိပ်ကောင်းတယ်။

## ဥပါဒါန်ကို မဂ်နဲ့ ဖြတ်ရတယ်

ဒကာ ဒကာမတွေ စိတ်ပိုင်းတွေ ခုဖြစ်နေတာ။ သား လေးအခု ဂါတ်ထဲရောက်ကြည့်ပါလား။ မအေ ဘယ်လို နေမလဲ။ ပူတာပေါ့ဘုရား။ အဲဒီအပူ ဘာနဲ့သတ်မလဲ။ မင်းအခုယူတဲ့ ဒီမနက်က ဆရာတော်ကျောင်းက သီလ တွေယူလာတဲ့၊ (၈)ပါးသီလနဲ့ ယူလာတယ်။ အဲဒီသီလနဲ့ နင့်သားလေး ရေနစ်သေတဲ့အပူ။ အဲဒီသီလနဲ့သတ်လို့ ရပါ့မလား။ မရပါဘူးဘုရား။ လိမ့်ပိန့်ပြီး မြေကြီးလူး နေတာပဲ။ ဒီအပူကိုပြောတာ။ အဲဒီတော့ ဒီအပူကို ဘာနဲ့ သတ်ရမလဲဘုရားတဲ့။ အဲဒီဥပါဒါန်ကို မဂ်ဉာဏ်ရမှ ပြတ် တာတဲ့။ နင့်တို့ယူထားတဲ့ သီလနဲ့ မပြတ်ဘူး။ ဂုဏ်တော် နဲ့လည်း မပြတ်ဘူး။ ဘာနဲ့မှ မပြတ်ဘူးတဲ့။ ဒီဥပါဒါန် ဟာ မဂ်ဉာဏ်ရမှပြတ်တာ။ မဂ္ဂင် ၈ ပါးက လမ်းဆုံးတော့ ရှာတွေ့လိမ့်မယ်။ အဲဒါ လာဟောတာ။ ကံဟောတာ အဲ ကံဆိုတာ မနော။ အာရုံနဲ့ပေါင်းလိုက်တော့ ဒီလိုဖြစ်ကုန် ရောနော်။ စာမတတ်လို့၊ အဲဒီတော့ တရားထိုင်ကြပါ။

## အယူမှားတယ်၊ အမှတ်မှားတယ်

ဒီနေ့ ရပ်ကွက်မှာနေတယ်။ ငါသည် အပြင်မှာ စင် ကြယ်အောင် လုပ်မယ်။ လူကြီးမင်းများက တစ်အိမ်

တစ်ယောက်ထွက်၊ ငါထွက်မယ်။ ဦးကြီး ကျွန်တော့်ခေါ် ကျွန်တော်လုပ်မယ်။ အပြင်မှာ စင်ကြယ်တယ်။ ဘာကြောင့် စင်ကြယ်လဲ။ စေတနာကောင်းလို့ စင်ကြယ်တာ။ စေတနာ ပုပ်စပ်ချင်ရင်လေ၊ ငါ့အိမ်ကြီးပဲ ခဏခဏ ခေါ်တယ်။ လူကြီးတော့ မကြားဘူးပေါ့ဗျာ။ စေတနာပုပ်ကြတာ။ လုပ် လည်း လုပ်ရသေးတယ်။ သီလပျက်တာပဲ။ အတွင်းသီလ ပျက်တယ်။ အပြင်မှာ အယူမှားတယ်။ အမှတ်မှားတယ်။ အဲကြည့်စမ်း ဒီအမှတ် မိစ္ဆာအယူတွေ၊ အဲဒီတော့ အတွင်း သီလပျက်ရောဗျို့။ အဲဒီတော့ ဒီကံက နိမ့်ရော။

## ကံကိုယုံကြည်ပါ၊ ရေလိုက်မှားနေတယ်

ဦးပဏ္ဍိတ မြောင်းမြမှာ အမယ်လေး၊ နှစ်လုံးပေးပါ၊ သုံးလုံးပေးပါ၊ ဟာ ငါဒီလိုသာပေးတတ်ချင်ရင်လေ၊ ငါ့ မယားရှိတယ်၊ သားရှိတယ်။ သမီးရှိတယ်။ နင်လာတောင်း တာတောင် နောက်ကျတယ်။ သူတို့ ငါသာဒီလိုပေးတတ် ရင် ပေးလိုက်မှာပေါ့။ ငါမပေးတတ်ဘူး။ ကံကို နင်ယုံ ကြည်ပါ။ ကံဟာ စေတနာခေါ်တယ်။ ဘုရားအစစ်ကိုလည်း ဖူးခဲ့ရပြီ။ တရားအစစ်ကိုလည်း နာခဲ့ရပြီ။ သံဃာအစစ် ကိုလည်း လှူခဲ့ရပြီ။ အဲဒီစေတနာ ကံသုံးကံကို ယုံကြည်

ပါ။ အဲဒီကာသုံးကာနဲ့ ပစ္စုပ္ပန်တည့်တည့်လေး ဒီစေတနာကာ ကို ယုံကြည်ပါ။ ယုံကြည်ရင် နင်အတိတ်ကာက ဒါနမျိုးစေ့ လည်း ကောင်းလာတယ်။ ဟောဒီကာကလည်း ဘုရားတရား ကို ယုံကြည်တယ်။ အဲဒီအတိတ်ကာ၊ ပစ္စုပ္ပန်ကာ နှစ်ခုပေါင်း ရင်လေ နင်ဆုမတောင်းနဲ့။ထိုးချင်တာထိုး ပေါက်ကော။ အဲဒါ နင့်ကာ၊ နင်ကုသိုလ်ကာ၊ ငါပေးတာမဟုတ်ဘူး။ အဲဒီ တော့ ရေလိုက်မှားနေကြတယ်။

## ဦးပဏ္ဍိတ က ပေးတာမဟုတ်ဘူး နတ်သိကြားတွေကပေးတာ

ဦးပဏ္ဍိတကို နှစ်လုံးပေးပါ၊ သုံးလုံးပေးပါ၊ လေး လုံးပေးပါ၊ ငါဘယ်လိုပေးတတ်မလဲကလေးရယ်။ ငါ.. အဲဒီတော့ သူတို့အစားတွေစားမိတော့လေ၊ ဘယ်လိုလုပ်ရ မလဲဆိုတော့ အိပ်မက်ကလေး ဘာလေးရမှာပေါ့ဗျာ။ အိပ် မက်တွေဘာတွေလည်း ရတာပဲဗျို့။ ဒါ ဦးပဏ္ဍိတပေးတာ မဟုတ်ဘူး။ နတ်သိကြားတွေက ပေးတာ။ သူတို့က ကမ္ဘ စိတ္တိပိုင်နေတာ။ သူတို့ပေးတာ၊ ဦးပဏ္ဍိတ ပါးစပ်နဲ့ နှစ်နဲ့ သုံး၊ ကိုးနဲ့ခြောက် ထိုးလိုက်ကွာ။ ဒီလို ပေးတတ်တာ မဟုတ်ဘူး။ အားလုံးဒုက္ခတွေ ရောက်ကုန်လိမ့်မယ်။ အဲဒါ ကာကိုယုံကြည်ပါ။ ဘာကိုမှ မတောင်းနဲ့။

## ဘုရားလျှုရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလျှုရင် ရဟန္တာမျိုးစေ့ရမယ်၊ ကံဘုန်းကြီးလျှုရင် ကံမျိုးစေ့ရမယ်၊ မဂ်မျိုးစေ့လာပေးတာ

သံသရာလည်တဲ့ တရားနဲ့ သံသရာပြတ်တဲ့တရား၊ တို့ သံသရာလည်နေပါကလား။ အခု ပစ္စုပ္ပန်တည့်တည့် အာရုံ ကြောင့်တို့ဖြစ်နေပါကလား။ သူ့ဆီက မျိုးစေ့ယူမယ်။ မဂ် မျိုးစေ့တို့ယူမယ်။ သူအာရုံသတ်ထားတဲ့ ရဟန်းခေါ်တယ်။ အဲဒီတော့ သီလတော့ တို့ကြိုးစားမယ်။ ဒါနကတော့ မဂ် မျိုးစေ့ အစစ်အမှန်ရပြီ။ ဘုရားလျှုရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလျှုရင် ရဟန္တာမျိုးစေ့ရမယ်။ အနာဂါမ်ဘုန်းကြီးလျှု ရင် အနာဂါမ်မျိုးစေ့ရမယ်။ သမထဘုန်းကြီးလျှုရင် သမထ မျိုးစေ့ရမယ်။ ကံဘုန်းကြီးလျှုရင် ကံမျိုးစေ့ရမယ်၊ ကံဆိုတာ အာရုံကို မပယ်နိုင်ဘူး။ အဲဒါမှန်တယ်။ နောက် (၃၁)ဘုံ လွတ်တာ ရှားတယ်။ (၃၁)ဘုံ မလွတ်တာများတယ်။ ရဟန်းလည်းရဟန်းပဲ။ မတူဘူး။ အသိမတူဘူး။

## သီလလည်းမပေးတတ်ဘူး၊ ရေစက်လည်းမချတတ်ဘူး

စာတော့ မတတ်တာအမှန်ပဲ။ မတတ်ဘူး။ အခုခင်ဗျား သပိတ်သွတ်ပါဆို ငါမသွတ်တတ်ဘူး။ ဦးပဏ္ဍိတ သီလ ပေးပါ။ ငါမပေးတတ်ဘူးတဲ့။ အလှူရေစက်ချပါ။ ငါမချ

တတ်ဘူး။ ဘာမှ မလုပ်တတ်ဘူး။ အခုကျောင်းမှာမေးပါ။ သံဃာပေါင်း ၅၀ ကျော်ရှိတယ်။ ဝိသုဒ္ဓိမဟာမြိုင်မှာ၊ သိမ်ထဲမှာ ဒေသနာကြား အာပတ်ဖြေရမယ်။ စာမတတ်တော့ မဆိုတတ်ဘူး။ ဟို ပဋ္ဌာနတာရုံတိုက်ဟောင်းမှာ ဦးဝံသပါလ မေး။ ကိုယ့်အလှည့်ရောက်တော့ မဆိုတတ်ဘူးဗျို့။ ဟာ·· ကျင့်သံဃာနဲ့သွားပေတော့။ ကိုယ်မှမဆိုတတ်ဘဲ။ ဦးဝံသပါလမေးပါ။ ပဋ္ဌာနတာရုံတိုက်ဟောင်းမေးပါ။ မဆိုတတ်ဘူး။ အဲ မဆိုတတ်တော့ သွားတဲ့။ အဲဒါဘာလည်း တုတ်စရဟန်းကြီးတဲ့။ ဘေးမဲ့လွှတ်ထားပြီပေါ့။

## ဒီသာသနာ နတ်တွေပါတယ်

သူကဘာလဲလို့သိချင်ရင် ခင်ဗျားတို့ဟောဒီမှာချထား။ လာပင့်တဲ့ ၆ ရက်လောက် ခင်ဗျားတို့ ၁၈ရက်လောက်ထားကြည့်။ သူ့ထမင်းတွေကျွေး၊ သူ့မုန့်တွေကျွေး၊ သကၠန်းတွေပေး၊ သူကတော့ ဘာမှမလုပ်ဘူး။ အဲ ခေါင်းကလေးကိုင်ပေးမယ်။ မြွေဟောက်ကိုက်တဲ့ကောင်လာခဲ့။ တောင်ပိုင်ကွင်းပိုင်၊ စုန်းမတွေပြုစားထားတာလာခဲ့။ ပယောဂနဲ့ပတ်သက်ရင်လာခဲ့။ သွေးသားနဲ့ ဖြစ်တာတော့ နောက်

ဆုတ်လိုက်၊ သွေးသားနဲ့ ဖြစ်တာကိုးဗျာ။ သွေးလေနဲ့ ဖြစ်တာ၊ ပယောဂနဲ့ ရောဂါမှန်သမျှလာခဲ့ပါ။ မင်း မြွေဟောက်ကလေးကိုင်လာခဲ့။ ဘာဆေးမှ မတိုက်ရဘူး။ ခင်ဗျား အဲဒီလိုရဟန်းမျိုး။ ဒါကြောင့်မို့လို့ ဒီသာသနာ နတ်တွေပါတယ်လို့ ပြောတာ။ ဒီနတ်ထုတ်ပြပါဆို ဘယ်လိုလုပ်ထုတ်ပြမလဲ။ စာတစ်လုံးမှလည်း မတတ်ဘူး။

## တရားထိုင် ဒုစရိုက်ဆယ်ပါးပယ်၊ အာရုံပယ်

ငါယူတဲ့သီလ နင်ယူမလား။ ငါပြမယ်။ ကတုံးရိပ်လိုက်၊ တရားထိုင်၊ အာရုံပယ်လိုက်၊ ဒုစရိုက်ဆယ်ပါးကိုလည်းပယ်လိုက်။ အဲ ထိတာကရုပ်၊ သိတာကနာမ်၊ အဲဒါကိုလုပ်၊ နင့်ကို ငါထမင်းကျွေးမယ်။ ပါးစပ်ထဲ ခွံ့ပေးမယ်။ အဲဒါလုပ်။ အဲဒါတော့ မလုပ်ချင်ဘူး။ ရေထဲကငါး ကုန်းပေါ်တင်လိုက်တော့ လူးနေပြန်တယ်။ ရေထဲပဲ ပြန်ဆင်းချင်တယ်။ ဘာတတ်နိုင်မလဲ။

## နိရောဓဝင်ပြီး ကိုယ်ပိုင်ခန္ဓာအိမ် ပြန်လာရတယ်

ကံတရားတွေနော်။ ကံဆိုတာ ဘာလဲ။ အာရုံကြောင့်ဖြစ်တာ။ အတ္တဖြစ်တာ၊ အာရုံမလွတ်ဘူး။ အတွင်းအာရုံ

သတ်မှရမယ်။ အပြင်အာရုံငါးပါးကို ပိတ်ထားလိုက်။ အတွင်းကိလေသာ၊ တဏှာပြတ်မှ အပြင်တဏှာ ရပ်မယ်။ အဲဒီဉာဏ်ရမှ နိရောဓဝင်မယ်။ နိရောဓဝင်မှ ဟိုဘက်ကမ်းရောက်တာ။ ဟိုဘက်ကမ်းရောက်တော့ ဒီဘက်ကမ်းပြန်လာတယ်။ ခန္ဓာပြန်လာတယ်။ ကိုယ်ပိုင်အိမ်ကို ပြန်လာရတယ်။ အောက်ခြေကတက်တာ။ မချစ်မနှစ်သက်တဲ့ ရုပ်ကြီးနဲ့ပေါင်းသင်းရတာ။ ဆင်းရဲခြင်းဒုက္ခပဲ။ ပေါင်းနေရပြီ၊ သိတော့ သိနေပြီ။ ဘယ်နဲ့မှလည်း မလုပ်တတ်တော့ဘူး။ ဒီရုပ်ကြီးပေါင်းနေရပြီး ကမ္မဝဋ်နဲ့ ပေါင်းနေရပြီ။ ကံတော့ မဖြစ်ဘူး။ ကံကတ္တား၊ ကြိယာ၊ ဒါဖြစ်နေပြီ။

## စာပေကျမ်းဂန်မတတ်၊ ရဟန်းပဏ္ဍိတ သည်းခံနိုင်ရင် ကျောင်းပေါ်တက်

သူဆဲတာ ကျောင်းမှာ၊ ဟာ ငါလိုးမသားတွေ၊ အကုန်ဆဲတယ်။ ဟုတ်တယ်၊ ဆဲတယ်။ ကျောင်းအဝင်စာရေးထားတယ်။ စာပေကျမ်းဂန်မတတ်၊ ရဟန်းပဏ္ဍိတ သည်းခံနိုင်ရင် ကျောင်းပေါ်တက်လို့ စာရေးထားတယ်။ အတွင်းသီလကို လုံအောင်ထိန်း၊ အပြင်သီလကိုပယ်ပစ်၊ အဲ အပြင်မှာဘာလဲ။ သူ့အသိနဲ့ သညာနဲ့ယူတယ်။ အမှတ်

နဲ့ ယူတယ်။ ဆဲတဲ့အခါကျတော့ ငါ့ဆဲတာပဲလို့ ယူတယ်။ လှူတဲ့သူက ငှက်ပျောသီးကို ပြန်ယူသွားရော၊ မစားရဘူး။ မစားရ ဘာဖြစ်သေးလဲ။ ဟာ..အဲဒီလို ရဟန်းမျိုး အဲဒါ ခင်ဗျားတို့ တရားကို စော်ကားတာ မဟုတ်ဘူး။

## ခန္ဓာက ဓမ္မတရားတွေ ဓမ္မစေတီခေါ်တယ်

တရားဟာ တကယ်ရှိတယ်။ ခန္ဓာမှာရှိတယ်။ ဓမ္မတရားတွေ၊ ဓမ္မစေတီတွေ၊ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ မှန်တယ်၊ အဲဒါကံတွေ၊ ဓမ္မစေတီက ဉာဏ်၊ ဓမ္မစေတီကို လာဖူးတာ။ သင်္ခါရ မဟုတ်ဘူး။ အာရုံမလွတ်ချင်၊ သင်္ခါရ ခေါ်တယ်။ အာရုံလွတ်သွားရင် သင်္ခါရ ရပ်သွားပြီ။ အဲဒီဟာ လာဖူးတာ။ အဲဒါ ဖူးလိုက်တာနဲ့အမျှဆုမတောင်းနဲ့။ ခင်ဗျားမှာ အာရောဂျ ပရမံလာဘံ ကျန်းမာရေးလာဘ်ရတယ်။ ဟော.. အသိ သိသွားရင်လည်း အပါယ်၄ ပါး ပိတ်တယ်။ ဦးပဏ္ဍိတဆီမှာ လာကြတယ်။ သွေးသားနဲ့ဖြစ်တဲ့ ရောဂါနဲ့တော့ မလာနဲ့။ ပယောဂနဲ့ ပတ်သက်တာ လာ။ ဟောဒီမှာ ရန်ကုန်မှာရှိတယ်။ ၁ရက်၊ ၂ ရက်၊ နေဦးမယ်။ ရေပုလင်းက ဆေးဖြစ်တယ်။ လက်ဖက်ခြောက်က ဆေးဖြစ်တယ်။ စားကြည့်၊ သောက်

ကြည့်၊ မေးကြည့်နော်။ မလျှုရဘူး။ ကိုယ်အဖေ၊ အမေလို အောက်မေ့တယ်။

## မနောအေးတာ အေးတဲ့ဓာတ်ခေါ်တယ်

ရေပုံးနဲ့ကြိုးပဲ။ ရေပုံးက ဘုန်းကြီး ဦးပဏ္ဍိတ ခန္ဓာဝန်။ ရေတွင်း····က ရေဆယ်တောင်လောက်နက် တယ်။ အဲဒီရေပုံးသွားခတ်လို့က ကြိုးမှမရှိတာ ရပါ့မလား။ အဲဒကာကြီးတွေ ဒကာမကြီးတွေက ကြိုးထုတ်ပေးမှ ပုံးကိုင်းချိရမယ်။ ချိပြီးတော့ သွားချတာ။ အဲဒီတော့မှ ပုံးထဲရေဝင်တာ၊ ရေဝင်တော့ ဆွဲတင်ရတယ်။ ဝိပဿနာလုပ်ရတယ်။ ဒီရေက အေးတာ။ မနောအေးတာ။ အေးတဲ့ဓာတ်လို့ခေါ်တယ်။ ထမင်းကျွေးတာက ကြိုးထုတ်ပေးတာနဲ့တူတယ်။ ထမင်းကျွေးလို့ ဒီတရား ကျင့်လို့ရတာ။ ခင်ဗျားနဲ့ ဦးပဏ္ဍိတနဲ့ ဟေတုပစ္စယော အကြောင်းအကျိုးတွေ သဘောပေါက်၊ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

ဝိသုဒ္ဓိမဂ္ဂ သန္တာ တရားတော်အမှတ် (၄)

## ၂၀၀၁-ခုနှစ် ဇန်နဝါရီလ (၇) ရက်နေ့တွင်
## ရန်ကုန်မြို့ ကမ္ဘာအေးစေတီရင်ပြင်၌
## မြောင်းမြဝါးကျောင်းဆရာတော်ဦးပဏ္ဍိတ
## ဟောကြားတော်မူသော ခန္ဓာကိုယ်တွေ့တရားတော်

### ဦးပဏ္ဍိတစာမတတ်ပါ

ဦးပဥ္ဇင်းက စာပေကျမ်းဂန်ငယ်စဉ်က မသင်ခဲ့လို့ စာမတတ်တာပါဗျာ။ ငယ်စဉ်တောင်ကျေးက အဖေနဲ့အမေက မူလတန်းကျောင်းကို မထားနိုင်တော့ စာမတတ်ဘူး။ အဲဒီတော့ အားလုံးရှိကြတဲ့ ဆရာတော်သမားတော် ပုဂ္ဂိုလ်များ၊ သီလရှင်များ၊ ယောဂီများ၊ တရားနာပရိသတ်အပေါင်း၊

ဆရာကြီးတွေ ဆရာမကြီးတွေအားလုံး ဦးပဥ္စင်းက စာမတတ်တော့ ပြောတဲ့အခါမှာ မှားသွားမယ်ဆိုရင် အားလုံးခွင့်လွှတ်ကြပါလို့ ဦးပဥ္စင်းက မေတ္တာရပ်ခံပြီး တောင်းပန်ပါတယ်။ စာမတတ်လို့ပါ။ နဂိုက မသင်ခဲ့လို့ စာမတတ်တာပါ။

## အသိနဲ့ဟောမယ်

ဘုရားက ဟောထားတဲ့တရားတွေရှိပါတယ်။ ဦးပဥ္စင်းက အသိနဲ့ဟောပါမယ်။ သဗ္ဗေ၊ အလုံးစုံသော သင်္ခါရ အနတ္တာတဲ့။ သဗ္ဗေ အားလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ၊ အနိစ္စ၊ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ ဒါဘုရားက ဟောတာနော်။ အဲဒီတော့ ဦးပဏ္ဍိတ က အသိလေးနဲ့ပြောမယ်။ စာတော့မတတ်ဘူး။ သဗ္ဗေ ဆိုတာ အလုံးစုံသော အဲဒီတော့ ဘုံက ဘယ်နှစ်ဘုံလဲ၊ (၃၁)ဘုံလို့ ခေါ်လိမ့်မယ်ဗျို့။ အဲဒီတော့ ဗြဟ္မာဘုံနှစ်ဆယ်၊ နတ်ဘုံခြောက်ဘုံ၊ အပါယ်လေးဘုံ၊ လူ့ဘုံ တစ်ဘုံပါတယ်။ ဒါကြောင့်မို့လို့ ဒီကံတရားကိုပယ်ရမှာကိုးဗျာ့။ ကံပယ်မှ သဘောပေါက်လာမယ်။

## ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ

အဲဒီတော့ ကံတရား၊ ဈာန်တရား၊ ဉာဏ်တရားရှိတယ်။ ဒါကြောင့် ပရိယတ္တိသာသနာရှိတယ်။ ပဋိပတ္တိသာသနာရှိတယ်။ ပဋိဝေဓသာသနာရှိတယ်။ ပဋိဝေဓက ထားလိုက်၊ ပေါက်တဲ့သူတွေလုပ်သွားလိမ့်မယ်။ စာတတ်လို့ လွတ်မြောက်သွားရင်လည်း ပဋိဝေဓကို သူလုပ်မယ်။ ခန္ဓာက ဓမ္မသစ္စာလေးပါးကို အမှန်တကယ်သိရင် ဒီသာသနာကို သူဖွင့်မယ်။ အဲဒါကို ပဋိဝေဓခေါ်တယ်။

## ကိလေသာနှင့်တဏှာ

အဲဒီတော့ ဦးပဏ္ဍိတက ဟောမယ့်အသိက စာမတတ်ဘူး။ သဘောလေးသာ နာ၊ ခုနက (၃၁) ဘုံပါနေပြီးနော်။ လူ့ဘုံပါနေတယ်။ အဲဒီတော့ ကိလေသာနှင့်တဏှာကို သိချင်တယ်ကွာ။ ပဏ္ဍိတရယ် ပြောပြပါ။ ကိလေသာတော့ သိပါပြီတဲ့။ တဏှာကို ပြောပြပါတဲ့။ အေး ငါလည်း စာမတတ်ဘူးကွာ။ ပြောပြမယ်တဲ့။ အဲဒီတော့ သဘောပေါ့ကွာ။ ဦးချီးတိုးက ငါ့အဖေပါပဲ။ ဒေါ်အုံးမေကလည်း အမေပါပဲ။ တစ်ရွာတစ်ကျေးမှာ နေကြတယ်နော်။ အလုပ်နဲ့ပတ်သက်ပြီးတော့ ဆုံတွေ့လာပြီး ဦးချီးတိုးရဲ့ အပြင်အာ

ရုံမှာ ဒေါ်အုံးမေရဲ့ ရုပကာယကို ဦးချိုးတိုးက သာယာတယ် ဗျို့။ အဲဒါ အာရုံနော်။ သဘောလေးကိုပြောဆိုလို့ ပြောပြ တာ။ အဲဒီတော့ ဦးချိုးတိုးက ဒေါ်အုံးမေရဲ့ ရုပကာယလေး ကို သာယာတယ်။ အပြောအဆိုကောင်း မျက်ခုံးမွေးက လည်းကောင်း၊ အသားအရည်ကလည်းကောင်း။ နှာတံ ကလေးက လည်းကောင်း၊ ဦးချိုးတိုးက ဒေါ်အုံးမေရဲ့ ရုပကာယ အပြင်အာရုံကို သာယာတယ်ဗျို့။ အဲဒီတော့ ဘာနဲ့သာယာသလဲ။ အဲဒီအာရုံမှာ အမှတ်နဲ့သာယာ တယ်ဗျို့။ မျက်လုံးကန်းနေရင် ဦးချိုးတိုးယူမှာမဟုတ်ဘူး။ ပါးစပ်တွေကွဲနေရင် ယူမှာမဟုတ်ဘူး။ နှာခေါင်းတွေ ပြတ်နေ ရင် ယူမှာမဟုတ်ဘူး။ အဲဒီအမှတ်၊ အမှတ်မှားလေးဗျာ။ အဲဒီတော့ ဒေါ်အုံးမေရဲ့ ရုပကာယ က လှပတင့်တယ်တော့ ဦးချိုးတိုးက အာရုံမှာ သာယာတယ်ဗျို့။ အဲဒီတော့ မနော ကနေပြီးတော့ ပီတိကိုဖြစ်နေတာပဲ။ အဲ ဒေါ်အုံးမေကလည်း ဦးချိုးတိုးကို ငါ့ကို တကယ်လုပ်ကျွေးမှာပဲလို့ မှတ်တယ်။ ဦးချိုးတိုးကလည်း ဒေါ်အုံးမေရှေ့မှာ အလုပ်အကိုင်တွေ လုပ်ပြနေလိုက်တာ… အဲဒါပေါ့ဗျာ။ အဲဒီ အာရုံမှာ အမှတ်ကြောင့် အစွဲတွေဖြစ်နေတယ်။

## ပညတ်မပယ်ပါနဲ့ ဒါပေမယ့်မစွဲနဲ့

အဲဒီတော့ ဘုရားက ပညတ်တယ်။ ပညတ်ကွာ ဟော့ကောင်ရဲ့။ ပညတ်ကွ။ ပညတ်၊ ပရမတ်ရှိတယ်။ ပညတ်ကိုလည်း မပယ်ပါနဲ့တဲ့။ မစွဲနဲ့နော်။ ဘုရားဟောအရ ပညတ်ကို မပယ်ပါနဲ့ကွာ။ မစွဲနဲ့ အဲဒီတော့ ဦးချိုးတိုးနဲ့ ဒေါ်အုံးမေတို့က ပညတ်ကို ယူလည်းယူတယ်။ စွဲလည်းစွဲတယ်။ မှတ်လည်းမှတ်တယ်ဗျို့။ ဟာ‥တစ်ခါတည်းဖြစ်ကောဗျို့။ ဟာ နောက်ဆုံး တိုတိုပြောရရင် ညားတာပဲဗျို့။ ဟာ အပြင်အာရုံကနေ ညားလိုက်တော့ ပဋိသန္ဓေတည်တယ်။ ဟာ မြမောင်လေး မွေးတယ်ဗျို့။ အဲဒါ ကိလေသာ ဒါ တဏှာနဲ့ဆောက်လုပ်ထားတဲ့ ကိလေသာနော်။ တဏှာနဲ့ မဆောက်ရင် ဒီကိလေသာမဖြစ်သေးဘူး။ တဏှာနဲ့ ဆောက်လုပ်ထားတဲ့ ကိလေသာ၊ အပြင်အာရုံမသတ်တော့ အတွင်းအာရုံလည်း မသေဘူးဗျို့။ အဲဒီတော့ အတွင်းအာရုံ အပြင်အာရုံရှိတယ်။ စကားမပြောတတ်လို့နော်။ သေချာလေး အသိနှာသွား။ ဒါနောက်ဆုံးအသိပဲ။

## အဝိဇ္ဇာမလွတ်လို့ သင်္ခါရဖြစ်တယ်

ဒီလိုအာရုံတွေကို မပယ်နိုင်ဘူး၊ သိလည်း မသိဘူး။ အဲဒီတော့ ကိလေသာဖြစ်တယ်ဗျို့။ တဏှာကြောင့် ကိလေ

သာဖြစ်တယ်။ ဖြစ်တဲ့အခါကျတော့ မြမောင်ကလည်း ဟို အတိတ်ဘဝ အနန္တရက အဝိဇ္ဇာမလွတ်လို့ သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဉပါဒါန်၊ ဉပါဒါန် ကြောင့် ကံ၊ အစွဲကြီးတဲ့ကံနော်။ ဒီကံက လမ်းမဆုံးတော့ ပစ္စုပ္ပန်မှာ သူ လာရမှာကိုးဗျ။ အဲဒီတော့ သူ့ကို ဒီပစ္စုပ္ပန် ဘုံ ပို့ပေးတယ်။ အတိတ်ကနေ ပို့ပေးတယ်။

## အရိယာသစ္စာ

အဲဒီတော့မှ ဦးမြမောင်ကလည်း ဦးချိုးတိုး ဒေါ်အုံး မေတို့ရဲ့ ဆောက်လုပ်တဲ့ ကိလေသာရုပ်ထဲ ဝင်လာတာပဲ ဗျို့။ ဝင်တဲ့အခါကတော့ ဦးမြမောင်က အတိတ်ကလာတာ ကံ။ အဲဒီက ကိလေသာရုပ်ကြီးက အုပ်ထားတာပဲ။ အုပ် ထားတဲ့အခါကျတော့ တစ်နေ့သောအခါမှာ မွေးလာတယ် ဗျို့။ မွေးလာတော့ မျက်စိပါလာတယ်။ နှာခေါင်းပါလာ တယ်။ အကုန်ပါ။ အာရုံ ၆ ပါး ပါလာပြီနော်။ အာရုံ ၆ ပါး ပါလာပြီဗျို့။ မြမောင်မှ မျက်စိမြင်လိုက်တော့သိတယ်။ နားကြားတော့သိတယ်၊ နှာခေါင်းနံတော့သိတယ်၊ မနော၊ အာရုံကြောင့် မနော။ စက္ခုကြောင့်မနော။ ဟောဒါအနု သယအာရုံဟောနေတာ။ အဲဒါသစ္စာ၊ အဲဒီသစ္စာဟာ အရိယာ သစ္စာခေါ်တယ်။ သမုတိသစ္စာ မဟုတ်ဘူး။ အရိယာသစ္စာ

(၃၁)ဘုံလွတ်တဲ့ သစ္စာ၊ အာရုံသတ်တဲ့ ရဟန်းခေါ် တယ်။ ဒါကြောင့် မို့လို့ အသွကမ္မယဉာဏ်လို့ခေါ်တယ်။ အဲ သမုတိသံဃာက ကာယကံ ဝစီကံ၊ ဒီကံနှစ်ကံပဲ ထိန်းထား နိုင်တယ်။ အဲဒါ သမုတိရဟန်း ခေါ်တယ်။ ဒါက အာရုံ သတ်တဲ့ရဟန်းခေါ်တယ်။ သဘောလေးသာ နာ၊ ဒါသွား ကြမှာ အသိပေးလိုက်တာ။ တဏှာကို ကွန်ချက်ပြလိုက် တာ။ အဲဒီအာရုံပဲကွာ။ အဲဒီအာရုံကို ထိန်းထားတာ သစ္စာ။ သစ္စာလို့ခေါ်တယ်။ အဲဒါ အရိယာသစ္စာခေါ်တယ်။

## သညာနဲ့မယူပါနဲ့ ပညာနဲ့ယူပါ

ယခု ခင်ဗျားတို့ ဒကာဒကာမတွေ မျက်ရည်ကျ တယ်။ ကိုယ်က အဲဒီကလာတာ။ အဲဒီဘဝကလာတာ။ လူ့ဘဝက ဘာတွေကို မပယ်နိုင်သလဲ။ ကာမသဝ၊ ဘဝ သဝ၊ ဒိဋ္ဌိသဝ၊ အဝိဇ္ဇာသဝ၊ဟာ··ဒုက္ခကိုပေးတာပဲ။ အဝိဇ္ဇာ ဖြစ်နေတယ်။ အာရုံဖပါး နှစ်မျောနေပြီ။ အဲ ဒိဋ္ဌသဝဆိုတာ ဒိဋ္ဌိ၊ အပြင်အာရုံနဲ့ အတွင်းအာရုံနဲ့ ယူထားတာ။ အပြင် မှာ ဘာနဲ့ယူသလဲ။ အမှတ်နဲ့ယူတယ်။ ပညာနဲ့ယူတာ မဟုတ်ဘူး။ ပညာနဲ့ယူတာက ကျင့်ထားတဲ့ ရဟန်းခေါ် တယ်။မကျင့်တဲ့သူက သညာနဲ့ယူထားတယ်။ အမှတ်နဲ့

ယူထားတယ်။ ဟောတာက ငါ့သမီး၊ ဟောတာက ငါ့သား၊ ဟောတာက ငါ့စက်၊ ဟောတာက ငါ့ကားမှန်တယ်။ အမှတ်မှားနေတယ်။ အယူမှားနေတယ်။ အစွဲမှားနေတယ်။ အဲဒါက ကံ၊ ဘယ်ကံလဲ၊ မနော၊ ဘာကြောင့် အာရုံယူသလဲ။ အာရုံကို ပယ်နိုင်တာက အရိယာသစ္စာ၊ အာရုံကို မပယ်နိုင်တော့ ကာယကံ၊ ဝစီကံ၊ ထိန်းထားတာက သမုတိရဟန်း၊ အဲဒီနေရာမှာ ကွာနေပြီနော်။ သဘောလေးနော၊ ဘယ်သူ့ကိုမှ မပြောဘူး။ ဒါခန္ဓာကသိတဲ့ အသိတွေနော်။ ငါကျင့်တာ ကိလေသာနဲ့ တဏှာကွ။

## မျောတရားရှိတယ်၊ မြုပ်တရားရှိတယ်၊ ဖော်တရား ရှိတယ်

အမျိုးသမီးလေးက ငါ့လက်လာကိုင်ကောကွ။ ဟောရုပ်နော်။ ထိတော့ မသိဘူးလား။ သိတယ်။ ဘာနဲ့မှတ်လဲ၊ သညာနဲ့မှတ်တယ်။ ဟာ ဒါအမျိုးသမီးပဲကွ။ ငါ့ရည်းစားပဲကွ။ မြမောင်က တယ်ဟုတ်ပါလားကွ။ ငါ့ကို ထမင်းတွေကျွေးပါလားကွ။ သူ့အသားတွေ ငါကိုင်ရပါလားကွ။ ရုပ်ထိတော့ သိတယ်။ သိတာစိတ်၊ အဲဒီစိတ်ကလေးမှာ သာယာတဲ့စိတ်ကလေးပါနေတယ်။ ဒါကြောင့်မို့လို့ စိတ္တ

တဏှာ နမ်ခဃမဒ္ဒက စိတ်သာရှင်စော ဘုရားဟောတဲ့ စိတ်မှာ တဏှာပါနေတယ်။ ကိုယ်ကျင့်တဲ့စရဏ မရှိဘူး။ ဝိဇ္ဇာစရဏ သမ္ပန္နောဆိုတာ မရှိဘူး။ စာမိုးပျံအောင် တတ်နေပါတယ်။ မှန်တယ်၊ သိပ်မှန်တယ်။ သိပ်ပြီးတော့မှန်ပါတယ်။ ထောက်ခံသွားပြီ။ ဒါပေမယ့် မျောတရားရှိတယ်။ မြုပ်တရားရှိတယ်။ ပေါ်တရားရှိတယ်။ ခန္ဓာက ဖော်စားတာ၊ ခန္ဓာငါးပါးနဲ့ ရင်းရှာလို့ပေါ်လာတယ်ဗျို့။ လူ့ပြည်ရောက်လာတော့ ခန္ဓာငါးပါးနဲ့ ရင်းရှာလို့ ပေါ်တာ။ ပေါ်ပြီးပြောတာ။

## ဘုရားကြိမ်းတာ ဒီတဏှာကို ကြိမ်းသွားတာ

မြမောင် လူ့ပြည်ရောက်လာတယ်ဗျို့။ လူ့ပြည်ရောက်လာတော့ အမျိုးသမီးက ကိုင်တာပေါ့။ လက်ကိုင်တော့ သိတာပေါ့။ သိတာစိတ်၊ မှတ်သားတာက၊ ဒါအမျိုးသမီးပဲ၊ ရည်းစားပဲ။ အဲဒါပေါ့ သာယာတာပေါ့ဗျာ။ အဲဒီတော့ အပြင်အာရုံကြောင့် မနောမှာ စိတ်ကလေးကို ချမ်းသာနေတာ။ အမျိုးသမီး ရည်းစားက ကိုင်တဲ့အတွက် **စိတ်**ကလေးကို ချမ်းသာနေတာ။ အဲဒါ တဏှာနဲ့ ချမ်းသာ**တဲ့စိတ်** (၃၁)ဘုံလည်မယ့်စိတ်ခေါ်တယ်။ ဟာ·· ကြည့်စမ်း၊

ခြေမထိ လက်မထိနဲ့၊ သူများအသက် သတ်တာလည်း မဟုတ်ဘူး။ အဲဒါတဏှာ။ ဒါကြောင့် ဘုရားကြိမ်းတာ။ ဒီတဏှာကို ကြိမ်းသွားတာနော်။ အဲဒါ ကိလေသာ တဏှာ၊ အဲဒါ ကိလေသာမှာရှိတာ။ ဟော ရုပ်ကလေး ထိလိုက်တာ။ အောင်မလေး ငါ့ရှည်းစားပါလား။ စာတော့ မတတ်ဘူးဗျို့။ အမှန်ပြောရရင်ကို ဟာ‥ ငါ့ရည်းစားလက်ကလေးကို ကိုင်တယ်။ ငါလိမ့်ကျမှာဆို လို့ ဆွဲတင်တယ်။ ငါ့ကို ထမင်းခွံ့တယ်။ ဟာ‥ သာယာတာ တဏှာ အာရုံကြောင့်နော်။ ဒါတွေးပါဗျာ။ အဲဒီလို အာရုံကိုထိန်းတာက အရိယာသစ္စာ။ အရိယာရဟန်း၊ ကာယကံနှင့် ဝစီကံကို ထိန်းထားတာ သမုတိ ခေါ်တယ်။

## လောကီကြောင်းရှိတယ်၊ လောကုတ္တရာကြောင်းရှိတယ်

ဒါကြောင့်မို့လို့ ပရိယတ္တိ၊ ပဋိပတ္တိ အဲဒီနှစ်ခုရှိတယ်။ ပဋိဝေဓက ဘုရားရဲ့သာသနာ၊ မနေ့က (၁) သိန်းကျော်ရတယ်။ ဘာတစ်ခုယူလဲ။ ခင်ဗျားတို့ ငါးသောင်းလှူတယ်။ ခြောက်သောင်းလှူတယ်။ ဘာတွေယူသွားလဲ။ တရားပွဲ (၁၀)ပွဲ၊ (၁၅) ပွဲရှိပြီ။ခင်ဗျားတို့ ဂေါပကတွေ မေးပါ။ ဦးပဏ္ဍိတ ဘာတွေယူသွားသလဲလို့။ ဘာမှ မယူ

ဘူး။ ကျွဲကူးရေပါတယ်နော်။ အဲဒီတော့ ဒါတွေဟာ လောကီကြောင်းရှိတယ်။ လောကုတ္တရာကြောင်းရှိတယ်။

## ပညာစေတနာ၊ ဉာဏ်စေတနာ

ဒီတော့ ဦးမြမောင် အသားလေးထိတော့ မိန်းကလေး က လာထိတာပေါ့ဗျာ။ အောင်မလေး.... စိတ်ကို ချမ်းသာ နေတာပဲ။ ရည်းစားပျောက်တယ်ဆိုရင် စိတ်ကိုဆင်းရဲနေ တာပဲ။ ရည်းစားကလေး ကိုယ့်အိမ်ကို လာနေတယ်ဆိုရင် စိတ်ကို ချမ်းသာနေတာပဲ။ အဲဒါတဏှာ၊ အာရုံကိုမသတ်နိုင် ဘူးနော်။ စကားဥပမာ၊ ဥပမေနဲ့ပြောတာ။ စာတော့ မတတ် ဘူး။ ..... ပုဂ္ဂိုလ်တွေအားလုံးရော၊ ဦးပဏ္ဍိတမယား တွေရော၊ ဦးပဏ္ဍိတသမီးတွေရော၊ ဦးပဏ္ဍိတ အဖေတွေ ရော၊ အမေတွေရော၊ အကုန်အဲဒါဖြစ်နေပြီ။ ဘယ်လိုလုပ် မလဲ။ ဒါပေမယ့် နှင့်အယူနဲ့ ငါ့အယူမတူဘူး။ ဒါပေမယ့် မင်းကို ငါပယ်တာတော့မဟုတ်ဘူးကွာ။ မင်းနှလုံးသွင်းတဲ့ အယူနဲ့ ငါ့မယူနဲ့ မတူဘူး။ ...... နောက်ဆုံးပြောလို့မှ မရရင် အဲဒါဥပက္ခာတာ။ အယူဝါဒချင်း မတူတော့ဘူး။ .... မုန်းလို့ နှင်ချင်လိုက်တာမဟုတ်ဘူး။ မမုန်းဘူး.... စေတနာက အပင်ပေါက်နေပြီ။ အဲဒီအပင်ရူးတာ စားပေ

တော့·····။ အဲဒီစေတနာမင်္ဂကရတာ။ မှတ်ထား သညာ စေတနာမဟုတ်ဘူး။ ပညာစေတနာ၊ ဉာဏ်စေတနာ၊ ကံ စေတနာမဟုတ်ဘူး။ ကံစေတနာဆိုတာ စွဲမယ်၊ ဟောဒါ ငါ့သမီး၊ ဟောဒါ ငါ့သမီးမဟုတ်ဘူး။ အဲတော့ ဟိုဟာ ငါ့သားမဟုတ်ဘူး။ ဟောတာငါ့သား၊ မုန့်ပေးတာတောင် သားကိုပိုပေးတယ်။ ········ သူ့များသားသမီးကို မဖြစ် လို့ မနေသာလို့ ပေးလိုက်ရတာ။ တဏှာက လမ်းခင်းတာ ကြီးပဲ။

## အရိယာစိတ်ကအေးနေတာ

အဲဒီတော့ ဦးမြမောင် လက်ကိုကိုင်တယ်။ ကိုင်တဲ့ အခါကျတော့ ဦးမြမောင် စိတ်ကိုချမ်းသာနေတာ။ ···· ကိုယ့်ရည်းစားအိမ်လည်းသွားရော၊ ရည်းစားလည်းမတွေ့ ဘူး။ စိတ်ကို ဆင်းရဲနေတာပဲ။ ဒါအစွဲတရားတွေ၊ ခင်ဗျား တို့ ထိပေါက်တယ်၊ စိတ်ချမ်းသာတယ်။ ဒီကစိတ်ကိုအေးတာ၊ အရိယာစိတ်က အေးနေတာ။ အပူမဟုတ်တော့ဘူး။ အဲဒါ အရိယာအစစ်ခေါ်တယ်။ သေချာရှင်းအောင်ပြောသွားမယ် နော်။ အဲဒါစိတ်တွေကို ဟောသွား:

## မိရိုးဖလာအသိနဲ့ သိနေတယ်

စိတ္တတဏှာ နမ်ခယမဓ္ဓက။ စိတ်သာရှင်စော ဘုရားဟော၊ ဟော…ရည်းစားပျောက်တယ်။ ဟော သူ့ အိမ်သွားလည်း မတွေ့ဘူးနော်။ အဲ ယောက္ခမကြီးပြော ရလည်းခက်၊ သူ့ညီမလေးတွေပြောရမှာလည်းခက်၊ အဲဒီ လူခက်နေတာပဲ။ ဒီနေ့တော့ ခွကျတာပဲကွ။ အဲဒီတော့ နောက်နေ့သွားတော့ တွေ့တယ်။ ဟာ ပျော်နေတာ။ ချိန်း တွေ့တာပဲဗျို့။ ဒါ မိရိုးဖလာအသိတွေ၊ မပယ်နိုင်တော့ဘူး။ ကဏန်းမကြီးကို ကဏန်းလေးကပြောတယ်။ အမေရယ် တည့်တည့်သွားစမ်းပါ။ ဟာ··တို့ရဲ့ မိရိုးဖလာက ··· ဘေးတိုက်သွားတယ်ကွဲ့။ ··· ခြေထောက်လေးနဲ့ ယှက် ယှက် တည့်တည့်မသွားဘူး။ ဘေးတိုက်သွားတယ်။ အမေ ဘေးတိုက်သွားသလို တို့လည်း ဘေးတိုက်သွားရမယ့် သဘောမျိုး၊ သဘောတွေ ယူနေကြတယ်။ အဲဒါ မိရိုး ဖလာတွေ။ ကြည့်စမ်း ခွေးမွေးရင်၊ ခွေးလေးမွေးမယ်ဗျာ။ အာ တွေးကြည့်ပါဗျာ။ အဲဒါ မိရိုးဖလာရဲ့ဟာတွေ။ အဲဒါ တွေ သိဖို့လိုတယ် နော်၊ ဝက် ကလေးမွေးရင် ဝက်ကလေး မွေးမယ်ဗျာ။ အဲဒါ မိရိုးဖလာတွေပဲ။ အဲဒါမျိုးရိုးက ဖြစ်တာ

ပဲ။ …ဓာတ်ဖြစ်ပြီး ဇရာနားကပ်တော့မှ ဗုဒ္ဓနားကပ်တော့တယ်ဗျို့။ အောင်မယ်လေး ကြိုတင်လုပ်ထားရမယ်။

## အနတ္တအလုပ်လေး အမြဲတမ်းလုပ်နေ အတ္တကို သိလာလိမ့်မယ်

တဏှာပြတ်ချင်ရင် ကိလာသာကိုသတ်၊ ကိလေသာသတ်မှ တဏှာပြတ်မယ်။ အဲဒီကိလေသာဟာ ရုပ်တရား၊ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းအမှန်တရား၊ ဟာ··တွေ့လား အသားကိုင်လိုက်တော့ တဏှာပဲဗျို့။ အဲ နားသောတမှာလည်း တဏှာပဲဗျို့။ သညာနဲ့ယူရင် အမှတ်နဲ့ယူရင် မလွတ်ပါဘူး·····။ ကျင့်လည်း မကျင့်ဘူး။ ဟာ ·· ဖြစ်နေကြတာနော်။ အဲဒီတော့ အမှတ်မှားနေတယ်။ အယူမှားနေတယ်။ အစွဲမှားနေတယ်။ ပစ္စုပ္ပန်တည့်တည့်ထား။ ရှေ့လည်းမမျှော် နောက်လည်းမတွေးနဲ့။ တည့်တည့်လေးထား။ ထိတာက ရုပ်၊ သိတာကနာမ်၊ ထိတာလည်းမမြဲဘူး။ သိတာလည်း မမြဲဘူး။ အဲဒါအနတ္တ၊ အဲဒီအနတ္တ အသိလေး···အမြဲတမ်းလုပ်နေ။ အတ္တကို သိတယ်။ အတ္တကိုသိရင် ပယ်မယ်။ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။

## ပညတ်သီလနှင့် ပရမတ်သီလချုပ်မှုရုပ်နာမ်ချုပ်မယ် အဲဒါမှ စိတ်ကလေးဟာ စင်ကြယ်လွတ်မြောက်သွားပြီ

နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလနှင့် ဘယ်သီလချုပ်လည်း ပညတ်သီလနှင့် ပရမတ်သီလချုပ်မှ ရုပ်နာမ်ချုပ်မှ အဲဒီစိတ်ကလေးဟာ စင်ကြယ်ပြီး လွတ်မြောက်သွားပြီ။ ရုပ်မှာကိုယ်ပိုင်အိမ်မှာ ခဏပဲနေတာ စိတ်လွတ်မြောက်သွားပြီ။ ချွတ်ဆိုလည်း ချွတ်ပေးလိုက်မယ်။ ထွက်ဆိုလည်း ထွက်ပေးလိုက်မယ်။ မင်း ဒီကျောင်းပေးဆိုလည်းပေးလိုက်မယ်။ မင်းလည်ပင်းဖြတ်ဆိုလည်း အဖြတ်ခံလိုက်တော့မယ်။ .. ကိုယ့်ကိုယ်ကို နားလည်နေပြီ။

## မဂ်မျိုးစေ့လာပေးတာ မဂ်အောင်တဲ့ရဟန်းခေါ်တယ်

ဒါကြောင့်မို့လို့ ကိုယ့်အဖေတွေ၊ ကိုယ့်အမေတွေလာပြီးတော့ ဒီမျိုးစေ့ပေးတာ၊ အသေခံပြီးတော့ တောထဲမှာကျင့်ထားတဲ့တရား။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ ကျင့်ထားပြီးတော့မှ သိမှုလာပေးတာ။ အဲဒီမျိုးစေ့ဟာ မဂ်မျိုးစေ့ခေါ်တယ်။ မဂ်အောင်တဲ့ရဟန်းလို့ခေါ်တယ်။ သိုက်တို့နတ်တို့၊ ဓာတ်တို့၊ အကုန်ပိုင်တယ်။ သူ့ခိုင်းကြည့်။ ကြည့်

မယ်ဆို လာပြတယ်။ မနက်ဖြန်ခါ ခင်ဗျားတို့ ကြည့်ချင်ပါတယ်။ သိုက်ကိုကြည့်ချင်ပါတယ်။ ဓာတ်ကိုကြည့်ချင်ပါတယ်။ နတ်ကိုကြည့်ချင်ပါတယ်ဆို လာခေါ်ပေးမယ်။ မင်းယုံကြည်ကွာတဲ့။ မင်းတို့ တောင်ပိုင်၊ ကွင်းပိုင်၊ တစ္ဆေ၊ သရဲ၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ စာထဲမှာရှိသလား။ ရှိရင် မင်းသိသလား။ မင်းဘာကြောင့် မသိတာလဲ။ မင်းအဝိဇ္ဇာ ဝိဇ္ဇာဉာဏ်က သိတယ်။ ထုတ်တော့မပြတတ်ဘူး။

## အာရုံပယ်ထားတာ၊ အာရုံထိန်းထားတာ အရိယာသစ္စာခေါ်တယ်

ဒီသဘောတွေရှိတယ်။ မင်းစာ ငါမတတ်ဘူး။ ငါ တတ်ချင်တယ်။ ....... ပါဠိကို မြန်မာလို ပြောတာက အနက်တဲ့။ ပါဠိလို့ဆိုတာ ဘန္တေ။ အဲဒါ ပါဠိစကား မြန်မာလို "ဘုရား" အဲဒီနှစ်ခုရောသွားတာ။ ဘန္တေ "အရှင်ဘုရား"။ ဒါတွေက စာတွေ။ ဒါသိပ်ဟုတ်တယ်။ သိပ်မှတ်တယ်။ အစစ်ပဲ။ သူလည်း သူတတ်သရွေ့ သာသနာပြုတာ။ ကိုယ်လည်းကိုယ်တတ်သလောက် သာသနာပြုတာ။ ဘယ်သူ့ကိုမှ မရှုတ်ချဘူး။ အဲဘယ်သူ့ကိုမှ မနှိမ့်ချဘူး။ မဟုတ်တာလည်း မလုပ်ဘူး။ တွေ့လား အာရုံပယ်ထား

တာ။ အာရုံထိန်းထားတာ။ အဲဒါ အရိယာသစ္စာ ခေါ်တယ်။ ဟိုဟာ သမုတိသစ္စာ၊ ကာယကံနဲ့၊ ဝစီကံကို ထိန်းတာ။ အဲဒါ သမုတိသစ္စာ၊ ဒီလောက်ပဲ ဟောပေးလိုက်မယ်။

## ကုသိုလ်ကံနှင့် ဓမ္မနဲ့ ပေါင်းမယ်

အဲဒါ ခင်ဗျားတို့ လှူတာတ်ဖို့လိုတယ်။ ခင်ဗျားတို့ ကတော့ ပဏ္ဍိတ ပုဂ္ဂိုလ်မရွေးနဲ့။ ခင်ဗျားတို့လှူမှ ကုသိုလ်ကံ ရမှာ။.... ခင်ဗျားတို့မှာ ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌိသဝ၊ အဝိဇ္ဇာသဝ၊ လေးခုစလုံးဖြစ်နေပြီး။... လှူမှ သမ္မာဖြစ်မယ်။ အဲဒါတွေကိုလုပ်၊ အဲဒီအလှူပုဂ္ဂိုလ် ရွေးမလှုနဲ့။ ခင်ဗျားကျ ရာကျရာ လှူလိုက်။ လှူမှ အကျိုးကုသိုလ်ကံ၊ အဲဒီကုသိုလ် ကံနှင့် ဓမ္မပေါင်းမယ်။ ကုသလန်ဓမ္မာန် ဟောတုပစ္စယော။ လူစွမ်းကောင်းနဲ့ သွားပေါင်းလိုက်တာ။ ရရော။

## အပြင်မှာ စင်ကြယ်အောင်လုပ်

အဲဒါသီလတော့လုပ်။ သီလလုပ်မှရမယ်။ ....အဲဒီ သီလဟာ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်။ အဲဒီတော့ အပြင်မှာလည်း စင်ကြယ်၊ ဝစီချိုချိုသာသာနဲ့ ယဉ်ယဉ်

ကျေးကျေးနဲ့ သိမ်သိမ်မွေ့မွေ့နဲ့ စကားပြော။ ဖအေကိုလည်း ရိုရိုသေသေနဲ့ပြော။ မအေကိုလည်း ရိုရိုသေသေနဲ့ပြော။ အဲဒါအပြစ်စင်ကြယ်အောင်လုပ်။ အတွင်းစင်ကြယ်မှ အပြင်စင်ကြယ်မယ်။

## မစွဲနဲ့ စွဲရင်ဥပါဒါန် ကံဖြစ်သွားမယ်

ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူ ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ ဥစ္စာမာန်၊ ဗလမာန်၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့။ ပညတ်သွားမစွဲနဲ့။ ခင်ဗျားတို့ မစွဲနဲ့။ စွဲရင် ဥပ္ပါဒါန် ကံဖြစ်သွားလိမ့်မယ်။ နော် သဘောလေးနော်။

## ကိုယ့်စိတ်ကို မဂ္ဂင်ရှစ်ပါးနဲ့စစ်

ကိုယ့်စိတ်ကို ကိုယ်စစ်၊ ကိုယ့်စိတ်ကိုယ် ဘာနဲ့စစ်မလဲ။ စစ်မယ့်တရားရှိတယ်။ ဘုရားထားပစ်ခဲ့တယ်။ မဂ္ဂင်နဲ့စစ်၊ အဲဒီတော့ မဂ္ဂင်နဲ့စစ်ပြီး ဟော သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ အဲ မှန်တာကိုကျင့်ပါတယ်။

မှန်တာကိုပြောပါတယ်။ မှန်တာကို အသက်မွေးဝမ်းကျောင်း ပြုပါတယ်။ အဲဒါသီလမဂ္ဂင်ခေါ်တယ်။

## မဂ္ဂင်ရှစ်ပါးက သုံးဆယ့်တစ်ဘုံလွတ်တဲ့လမ်းပဲကွ

အဲဒီတော့ ဒီသီလမဂ္ဂင်ဟာ ဘာကြောင့် ဒီသီလ မဂ္ဂင်အမည်နံပါတ်တပ်သလဲ။ ..... မဂ္ဂင် ရှစ်ပါးက သုံးဆယ့်တစ်ဘုံလွတ်တာ ဒီလမ်းပဲကွဲ့။ အဲဒီတော့ ခင်ဗျား ဘာလဲ။ တင်ပျဉ်ခွေ တရားထိုင်တယ်။ တရားထိုင်တဲ့အခါ ကျတော့ အာရုံငါးပါးပယ်ပြီ။ မိစ္ဆာအယူဝါဒ၊ ဒုစရိုက် ဆယ်ပါးလည်းပယ်ပြီ။ ဘယ်ကောင်သတ်မလဲ။ မနော၊ မနောက ဘာလဲ။ အာရုံနဲ့ မပေါင်းတော့ဘူး။ မပေါင်းရင် ဗျာပါဒ၊ အဘိဇ္ဈာ၊ ဝန်တိုမစ္ဆာ၊ ကုက္ကုစ္စစိတ်၊ ဒေါသစိတ်၊ လောဘစိတ်၊ မောဟစိတ်၊ မောဟာသတ်ပြီ။ အဲဒါတွေ ဒီစိတ်တွေ မရှိဘူး။ အာရုံငါးပါးပယ်တဲ့ နောက်တော့ ဒါဘာရှိတော့မလဲဗျာ။ တွေးကြည့်၊ အာရုံငါးပါး မပယ်ဘူး ဆိုရင်တော့ ကြာနေပြီ။

## သမုတိအာရုံ၊ ပဉ္စုပ္ပန်အာရုံပယ်၊ အတိတ်ကံသတ်

ခင်ဗျားတို့ ဆေးလိပ်သောက်တယ်။ လက်ဖက်ရည် သောက်တယ်။ လမ်းသွားတယ်။ အာရုံနဲ့ပေါင်းတာပဲ။

ခင်ဗျားကိုဆဲရင် ခင်ဗျား မခံနိုင်တော့ဘူး။ ခင်ဗျားကို ကောင်းတာပြောရင် ခင်ဗျားသာယာပြီး ဟာ အစွန်းနှစ်ပါး မလွတ်တော့ဘူး။ အာရုံပယ်နိုင်အောင် မဂ္ဂင် (၈)ပါးနဲ့ တက်ပါ။ ကြားတာကိုလည်း ပယ်ပြီ။ မြင်တာကိုလည်း ပယ်ပြီ။ နံတာကိုလည်း ပယ်ပြီ။ စားတာကိုလည်း ပယ်ပြီ။ ထိတာကိုလည်း ပယ်ပြီ။ အာရုံငါးပါး သမုတိအာရုံ၊ ပစ္စုပ္ပန် အာရုံပယ်ထားတာ၊ အတိတ်ရဲ့ကံသတ်မယ်။ အတိတ်ရဲ့ ကံဟာ ယောဒီကိလေသာရုပ်မှာရှိတယ်။ အဲဒါအတိတ်ရဲ့ကံ။

## အပြင်အာရုံတဏှာကြောင့် ကိလေသာဖြစ်နေတာ

အဲဒီ ကိလေသာရုပ်က ဒေါ်အုံးမေနဲ့ ဦးချိုးတိုးရဲ့ ပေါင်းသင်းလာတဲ့ ကိလေသာ။ ဘာကစလဲ။ တဏှာက စတာ။ အပြင်အာရုံမှာ အဲဒါကနေဖြစ်တာ။ အဲဒါ ရုပ်ကြီး ဖြစ်လာတာ။ အဲဒီကောင်သတ်မယ်။ ဒေါ်အုံးမေနဲ့ ဦးချိုးတိုး တို့ဟာ အပြင်အာရုံကြောင့်၊ တဏှာကြောင့် ကိလေသာ ဖြစ်ရတာ။

## ထိတာကရုပ်၊ သိတာက နာမ်

အဲဒီကိလေသာ တဏှာတွေရှိလို့ ပယ်ရတာဗျို့။ အဲဒီကိလေသာတုံးကြီးမှာ တဏှာတွေရှိတယ်ဗျ။ အဲဒီအာရုံ

နဲ့ပေါင်းရင် ဒုက္ခတွေ ရောက်ကုန်မယ်။ အဲဒါပယ်တာပဲ ဗျို့။ ပယ်တော့မှ တကုတ်ကုတ်ချနေတာပဲ။ စာလည်း မတတ်၊ ပေလည်း မတတ်။ တကုတ်ကုတ်ချနေတာပဲ။ ထိတာကရုပ်၊ သိတာကနာမ်၊ ဆိုလည်း မနေရဘူး။ ရှူး ရှူး···ရှူး···ရှူ တယ်။ ဟာ ဘာဖြစ်လို့ နင်းကန်ရှူသလဲ။ ဦးမြမောင်ရဲ့၊ ဟာ ··ငါ ဒီတောထဲကနေပြီးတော့ ငါ့မိန်းမ ကို လှမ်းလှမ်းတွေးတယ်ကွ။ သမီးတွေလည်း တွေးတယ် ကွာ။ အပျိုလေးတွေလည်း လင်များရမလား။ ဟာ··သား တွေ ဘာများလုပ်ကိုင်မလဲ။ တောထဲကနေ တွေးနေတာ။ ဟာ ဒါဘာစိတ်လဲ။ ငါစွဲလို့တွေးတာ။ ဟုတ်တာပဲ။ ဒါ လောကီစိတ်တွေပဲ။ အဲဒီအာရုံလာပြီးတော့ အပြင်ပစ္စုပ္ပန် အာရုံက လာနှောင့်ယှက်နေပါကလား။ ဒါ စိတ်စေတသိက် မသေသေးဘူး။ ဟာ···ချနေတာ တကုတ်ကုတ်ချနေတာ။

## အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်
## ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်

အပြင်မှာ စင်ကြယ်ရင်၊ ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်

ပစ္စုပ္ပန်အာရုံ ငါးပါး၊ မနော လာမဆိုက်တော့ဘူးဗျို့။ မဝင်တော့ဘူး။ ချနေတာ။ အဲဒီတော့မှ မြင်စိတ်ရယ်၊ စေတသိက်ရယ်၊ ဟာ·· မဂ်ကလုပ်ထားတယ်။ အောက်မဂ်လေးက လုပ်ထားလိုက်တယ်။ အဲဒီတော့မှ စိတ်နဲ့ စေတသိက်က မနှောင့်ယှက်တော့ဘူး။ အဲဒီလို အာရုံမျိုးကို ရမှသာလျှင် အကျိုးတရားကိလေသာကို သတ်ဟော့မယ်။

## အာရုံတွေအပေါ် သစ္စာထားနိုင်တာက အရိယာရဟန်း ခေါ်တယ်

ဒါကြောင့်မို့လို့ စိတ်၊ စေတသိက်၊ ရုပ်၊ အဲဒီသုံးချက်ကိုယ့်ကိုယ်ကို မနှောင့်ယှက်ဘူးဆို၊ နိဗ္ဗာန်ပဲဗျို့။ နီးနီးလေးပဲ။ အလုပ်မှန်ဖို့လိုတယ်။ ပယ်တာမှန်ဖို့လိုတယ်။ ကျင့်တာမှန်ဖို့လိုတယ်။ သိတာမှန်ဖို့လိုတယ်။ ခင်ဗျားပေါ်မူတည်တယ်။ အဲ အနုသယသတ်တာ။ အဲ ခင်ဗျားတို့တော့ ယခုတရားနာပြီးတော့ ဟို ရေကန်ထဲမှော်ကြီးကို ပစ်ချတော့ ရေကြည်လေးတော့တွေ့ပါရဲ့။ မှော်က ပြန်အုပ်တာပဲ။ အာရုံခြောက်ပါး ပြန်အုပ်တာပဲ။ အနုသယအာရုံဟောတဲ့တရား။ အဲဒီလို အာရုံပေါ်မှာ သစ္စာထားနိုင်တာက အရိယာရဟန်း ခေါ်တယ်။

## ဒိဋ္ဌိပြုတ်လိုက်လို့ရှိရင် တဏှာပြတ်ပြီ

အဲဒီလို အရိယာရဟန်းလှူလိုက်တဲ့အကျိုးသည်၊ ခင်ဗျားကလည်း …နှလုံးသားထဲက စေတနာက၊ စက္ခုအာရုံ၊ နားသောတအာရုံက သဒ္ဒါတွေနဲ့ လှူလိုက်တာဗျာ။ တဏှာတော့ ပါတာပေါ့။ ကိုယ်လည်း ဘယ်လွတ်ဦးမလဲ။ ဒါပေမယ့် ဒိဋ္ဌိနော်။ သမ္မာ ဒိဋ္ဌိဖြစ်တာ။ မိစ္ဆာဒိဋ္ဌိ မဟုတ်တော့ဘူး။ ဒိဋ္ဌိတွေပါနေလို့ အဲဒီ ဒိဋ္ဌိပြုတ်လိုက်လို့ရှိရင် ပြီးပြီ။ ခင်ဗျားလည်း တဏှာပြတ်ပြီ။

## ကျင့်လို့သိပြီး ဒီတရားလာပေးတာ

ဒါကြောင့်မို့လို့ အဲဒီလိုကျင့်ပြီးတော့ အဲဒီလိုသိပြီးလို့ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုလို လာပြီးတော့ အသိတရားလာပေးတာ။ စာတော့ တတ်တာမဟုတ်ဘူး။

## ကျင့်မှသိတာ

ဦးပဏ္ဍိတဟာ လူ့ဘဝမြမောင်၊ မြမောင်ဟာ အဲဒီတော့ အင်္ဂလိပ်ခေတ်ကလည်း ရှုပ်တယ်။ သူများပစ္စည်းခိုးတယ်။ လိမ်တယ်။ ဆေးခြောက်ရှူတယ်။ မကောင်းတဲ့ဒုစရိုက်တွေလုပ်တယ်။ ဒါစွဲလို့ လုပ်တာပေါ့။ ငယ်ငယ်

တုန်းက သိပ်ရှုပ်တာ။ ဒီလူဟာ လူကောင်းမဟုတ်ဘူး။ လူတော့မသတ်ဘူး။ ပိုက်ဆံရရင် သူများခိုင်းတာလုပ်တယ်။ ရေတွင်းတူးလည်းတူး။ အိမ်သာလည်းဆောက်၊ ထမင်းတစ်လုပ်စားဖို့ ဘာဖြစ်ဖြစ် သူလုပ်တာ။ စွဲလို့ လုပ်တာပေါ့ဗျာ။ ဂျပန်ခေတ်လည်း မကောင်း။ ဦးနုခေတ်လည်း မကောင်းဘူး။ သူ ဒုက္ခတွေရောက်၊ တစ်နေ့ငါးကျပ်နဲ့ ဆောက်လုပ်ရေးကအလုပ်တွေ လုပ်။ အဲဒီဆောက်လုပ်ရေးတွေလည်း မရှိတော့ဘူး။ အဲဒီတော့ ထမင်းငတ်ပြီ။ ကျင့်တာ၊ ကျင့်တော့မှသိတာ။ ဟောဒီအစိုးရလက်ထက်ကျမှ သိတာ။

## အနတ္တမြင်အောင်လုပ်

လုပ်ကြပါ။ ခင်ဗျားတို့မို့ ကျောခိုင်းသွားလိမ့်မယ်နော်။ ခင်ဗျားတို့ ပစ္စည်းဘယ်လောက်ပဲ ချမ်းသာချမ်းသာ အဲဒီအပေါ်မှာ မျောမနေနဲ့။ အနတ္တ မြင်အောင်လုပ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အဲ ခင်ဗျားတို့ ဒီဘဝ····အကုန်ပြန်မှာ။ အခုဟောနေတာ ရုပ်ဟောနေတာ၊ ရုပ်ကြီးက အိုမယ်၊ နာမယ်၊ သေမယ်၊ စိတ်က မအိုဘူး။ ····· အဲဒီစိတ်ကလေးကို ထိန်းထား၊ စိတ်ကို ရှေ့စိတ်၊ နောက်စိတ်နဲ့ ထိန်းထား။

## စိတ်မဆင်းရဲပါစေ၊ ရုပ်ဆင်းရဲပါစေ

ငါပြောရင် ကောင်းပဲ့မလား၊ မကောင်းရင် မပြောနဲ့။ အလုပ်ကိုလုပ်၊ စိတ်ကိုထိန်းထား။ ဘာနဲ့ထိန်းမလဲ။ စိတ်ကို မဂ်နဲ့ထိန်းထား။ .... စိတ်ကို ပညာနဲ့ထိန်းထား။ စိတ်ကို သညာနဲ့မထိန်းနဲ့။ အဲ..အဲဒီတော့ အာရုံပေါ်မှာ ငါ့စိတ်ကလေး သာယာသလား။ ငါ့စိတ်ကလေး ဆင်းရဲသလား။ စိတ်မဆင်းရဲပါစေနဲ့။ ရုပ်ဆင်းရဲပါစေ။ အဲဒီ စကားလေးမှတ်ထား။

## အစွဲဥပါဒါန်ကို သီလသမာဓိနဲ့ ဖြတ်လို့မရဘူး၊ မဂ်ဉာဏ်နဲ့မှ ဖြတ်လို့ရမယ်

အဲ..စိတ်ဆင်းရဲတာက၊ သွားပြီးတော့ သမီးလေး လင်နောက်လိုက်ချင်၊ အမေက သောကပရိဒေဝပူတယ်။ သားလေးတစ်ခုခုသေတယ်။ ပူတယ်၊ ဒီအပူဘာနဲ့သတ်မလဲ။ ခင်ဗျား ဒီနေ့ ဆရာတော်ရဲ့ ၈-ပါးသီလယူလာပြီ။ အဲဒီသီလနဲ့သတ်လို့ ရပါမလား။ ဒီဥပါဒါန်အပူဟာ အဲဒီတော့ သမီးကလေး တစ်ခုခုဖြစ်သွားတယ်။ မအေက သမီးလေးကိုစွဲပြီးပူတာ။ ဒီအစွဲဥပါဒါန် ဘာနဲ့ဖြတ်မလဲ။ သီလနဲ့လည်း ဖြတ်လို့မရဘူး။ သမာဓိနဲ့လည်း ဖြတ်လို့မရဘူး။

မဂ်ဉာဏ်နဲ့မှ ပြတ်တာ။ ဟာ ခင်ဗျားတို့ကို သေချာပြောပေးမယ်။ ကျင့်ကြပါ။

## သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထ သစ္စာ၊ အရိယာသစ္စာ

အပြင်မှာ စင်ကြယ်ပါစေ။ သူများပစ္စည်းကို မတော်လောဘနဲ့ မလုပ်ပါနဲ့။ မှန်တာကိုလုပ်ပါ။ မမှန်တာကို မလုပ်ပါနဲ့။ အဲ··အဲဒါတွေ နေတတ်ဖို့လိုတယ်။ သူများမြေ မချဲ့နဲ့။ မယူနဲ့၊ အဲ ဘာလုပ်ဖို့လဲ။ ဒါလေးကို သစ္စာထား၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထ သစ္စာ၊ အရိယာသစ္စာ၊ ဒီသစ္စာတွေထားမှ ဝိသုဒ္ဓိစင်ကြယ်မယ်။ မနှောစင်ကြယ်မယ်။ ဒီသစ္စာတွေမှ မရှိတော့ ခင်ဗျားတို့ ဘာဖြစ်ဦးမလဲ။

## သာသနာ ၂၅၀၀ ကျော်ပြီ

အဲဒီတော့ ဟော ယခု သာသနာ ၂၅၀၀ ကျော်ပြီ။ ခင်ဗျားတို့ပြောသွားမယ်။ ကပ်ကြီး ၃ ပါး ရှိတယ်။ ရန်သူမျိုး၅ ပါးရှိတယ်။ ဒါ ဘုရားဟောတာ။ အဲဒါကို လွတ်

အောင် ဝိပဿနာလုပ်တဲ့သူက လွတ်လိမ့်မယ်။ အဲ ကိုယ့်စိတ်ကိုယ်ထိန်းထားပြီး မဂ်နဲ့ထိန်းထားပြီး ဘယ်သူကပဲ ပါးချချ၊ သူသည်းခံမယ်။ သူသိသွားပြီ။ အဲဒီတော့ ဒါလေးတွေ ထိန်းထား။

## ယက်သဲ့ကြား ငါးတင်၊ တင်ထားငါး ကြောင်စား ကျန့်တဲ့ငါး ဘုရားကယ်

ယခု သာသနာ ၂၅၀၀ မှာ ကျော်လာပြီ။ ဘုရားသာသနာကနေ သိကြားသာသနာ ကူးပြီ။ သာသနာ ၅၀၀၀ မှာ ဘုရားရဲ့ သာသနာ ၂၅၀၀ ကုန်ပြီ။ သိကြားက ၂၅၀၀ ယူထားပြီ။ ယက်သဲ့ကြားငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန့်တဲ့ငါး ဘုရားကယ်မယ်။ ဟာ… ဘယ်လိုအဖြေတွေပြောမလဲ။ မင်းတို့ယူထားတဲ့ ငါးပါးသီလက ပါဏာတိပါတာ၊ အဒိန္နဒါနာ၊ ခဏပေါ့၊ ရှောင်ထားတဲ့ သီလ။ သူများအသက် မသတ်ရဘူး။ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယား မဖျက်ဆီးပါဘူး။ သေရည်သေရက်မသောက်ပါဘူး။ လိမ်လည်မပြောပါဘူး။ အဲ မင်းတို့ငါးပါးသီလ ယူထားပြီ။ ဒီဥပါဒါန်ကျတော့ မင်းတို့ သတ်လို့ မရဘူး။ …မင်းတို့အာရုံရဲ့အကြောင်းကို မသိ

ဘူး။အဲဒီတော့သစ္စာပျက်လိမ့်မယ်။ သစ္စာပျက်ရင် သိကြား မင်းက ဆော်လိမ့်မယ်။ အဲဒီအာရုံ ၅ပါးကို ပယ်ပါ။ စက္ခု အာရုံမှာလည်း မင်းပယ်လိုက်ပါ။ နားသောတမှာလည်း ပယ်လိုက်ပါ။ အဲဒီအာရုံ ၅ ပါးကို ပယ်ရင် အဲဒါဘုရားက မင်းကို ကယ်လိမ့်မယ်။ အဲဒီအာရုံ ၅ ပါးကို လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ စွဲလမ်းတဲ့ ဥပါဒါန်တွေ ရှိရင် မင်းတော့ အဆော်ခံရလိမ့်မယ်။ စိတ်သာချ၊ အဲဒါတွေ သိပ်အရေးကြီးတယ်။

## အာရုံတွေပေါ်မှာသည်းခံပါ စေတနာအပျက်မခံနဲ့

ဒီခေတ်ကာလမှာ မလွယ်ဘူး။ ကုပ်ကုပ်ကလေး နေပါ။ ဘယ်သူကပဲ မြှောက်မြှောက်၊ ကုပ်ကုပ် ကလေးနေပါ။ ဘယ်သူကပဲ ခြောက်ခြောက် ကုပ်ကုပ် ကလေးနေပါ။ ကိုယ့်အသိမှန်ဖို့လိုတယ်။ ဘယ်သူကပဲ ဘာပြောပြော၊ သည်းခံပါ။ အာရုံတွေပေါ်မှာ သည်းခံပါ။ မင်းစေတနာမပျက်နဲ့။ မင်းအတွင်းစေတနာကို မပျက်နဲ့။ မင်းမြင်လိုက်တဲ့အာရုံမှာ မင်းညီမလေးကို ဟိုက လက်ဆွဲ နေလည်း မင်းစေတနာမပျက်နဲ့။ အဲ··အဲဒါတွေ မင်းထိန်း ထားပါ။ စိတ်ကို ထိန်းထားပါ။ စိတ်ကို စိတ်နဲ့ထိန်းပါ။

အဲဒါလေးတွေလိုတယ်။ အဲဒီတော့ စိတ်ကို စိတ်နဲ့မထိန်းတော့၊ မဂ္ဂင် ၈ ပါးရဲ့ ဝိပဿနာကို မလုပ်တော့၊ မင်းစိတ်ကို ထိန်းလို့ မရတော့ဘူး။ အဲဒီတော့ မင်းတို့ခံပဲ။

## သွေးသားပြောင်းလို့ စိတ်ပြောင်းတာ

မင်းရဲ့စိတ်ကို မဂ္ဂင် ၈ ပါးနဲ့ စစ်ပါ။ စစ်လို့ မင်းဟာ သမာဓိ၊ သီလတွေ ပြည့်စုံလိမ့်မယ်။ ပညာတွေ ပြည့်စုံရင် အဲဒီတော့ မင်းရဲ့ စိတ်လေးဟာ ပြောင်းသွားလိမ့်မယ်။ သွေးသားပြောင်းလို့၊ စိတ်ပြောင်းတာ။ သွေးသားဟာ ကိလေသာ၊ အဲဒီစိတ်ပြောင်းပြီ။ ဟာ··မင်းဘယ်လောက် ကောင်းသလဲ။

## သွေးသားလည်း စင်ကြယ်တယ် စိတ်လည်းစင်ကြယ်တယ်

မင်း ကိလေသာ သတ်ပစ်။ ဦးချိုတိုး၊ ဒေါ်အုံးမေတို့မွေးထားတဲ့ ကိလေသာ သတ်ပစ်။ သတ်ပစ်မှ မင်းအဲဒီစိတ်ကလေး စင်ကြယ်လာမယ်။ သွေးသားပြောင်းတော့ စိတ်ပြောင်းတယ်။ အဲဒါပဲ ပြောလိုက်မယ်။ စာမတတ်ဘူးတဲ့။ အဲတော့ သွေးသားလည်း ဓမ္မသွေးသားတွေဖြစ်ပြီး စင်ကြယ်သွားပြီ။ စိတ်ကလည်း စင်ကြယ်တယ်။ သွေး

သားကလည်း စင်ကြယ်ပြီး ဘယ်လောက်ကောင်းသလဲ။ ဒါကိုလုပ်ပါ။ ခင်ဗျားတို့ကို ဖအေလိုအောက်မေ့တယ်။ မအေလိုအောက်မေ့တယ်။

## အတ္တကိုပယ်ပါ အနတ္တကို နှလုံးသွင်းပါ

အလုပ်လည်း သမ္မာနဲ့လုပ်ပါ။ မိစ္ဆာနဲ့ သွားမလုပ်ပါနဲ့။ အပြင်မှာ သမ္မာနဲ့လုပ်ပါ။ အတွင်းမှာ အတ္တကိုပယ်ပါ။ အနတ္တကိုသွင်းပါ။ အနတ္တကိုသွင်းရင် ထိတာကရုပ်၊ ရုပ်ကလည်း မမြဲဘူး။ နာမ်လည်း မမြဲဘူး။ အဲဒါအနတ္တ၊ အတ္တပယ်လိမ့်မယ်။ ဟော အပြင်မှာ သမ္မာနဲ့နေပါ။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ အတွင်းနဲ့အပြင် ညီမျှပါစေ။ အပြင်ပြောလိုက်တဲ့ပါးစပ် မနောနဲ့တစ်ထပ်တည်းဖြစ်ပါစေ။

## ကျင့်တဲ့အကျင့်မရှိတော့ မစားနာတတ်ဘူး

အဲ…အဲဒီတော့ အဲဒီမနောနဲ့ ဟောဒီပါးစပ်နဲ့ပြောလိုက်တဲ့အခါမှာ၊ ဟာ မောင်လေးရယ် အတွင်းမှာလည်း

စေတနာထားပါ။ စေတနာထားမှ မောင်လေးလည်းမှန်မယ်။ မောင်လေးတော့ ပြောပြီးတော့ အတွင်းမှာ ကောက်ကျစ်စဉ်းလဲတယ်။ အဲဒါ ကောက်ကျစ်စဉ်းလဲတာ၊ ပြောရဦးမယ်။ စာတော့ မတတ်ဘူး။ ဒါတော့ ဥပမာနဲ့ပြောရမှာပေါ့ကွာ။ ဟောကောင်တွေ မင်းတို့လာကြ၊ သူငယ်ချင်းအပေါင်းအသင်းတွေ ဖိတ်ခေါ်တာ၊ ဦးပဥ္စင်းတို့ ကြားတော့ ကြားဖူးတယ်။ မြင်တော့ မမြင်ရဘူး ဦးပဥ္စင်းတော့ မြောင်းမြနယ်မှာ လာကွာတဲ့။ မင်းတို့ အကုန်လာကြတဲ့။ ဟိုတုန်းက သူငယ်ချင်းတွေပါဗျာ။ သစ္စာပျက်တဲ့ ကောင်တွေပါဗျာ။ သူပုန်တွေပေါ့။ အဲဒီကောင်တွေ တစ်ကောင်မှ မကောင်းပါဘူးဗျာ။ ဖိတ်ခေါ်ပြီးတော့ ထမင်းကျွေးတယ်ဗျို့။ ထမင်းလည်း စားလည်းစားရော၊ မြောင်းမြသားတွေ သိလိမ့်မယ်။ ထမင်းလည်းစားရော သေနတ်နဲ့ချိန်ထားတာပဲ။ ဟာ ကြိုးတုတ်၊ အကုန်တုတ်၊ လူပေါင်း ၂၀လောက်ရှိတယ်။ အဲဒါ ပစ်သတ်တာ ကြည့်စမ်းပါဦး။ အပြင်ကတော့ ညီအစ်ကိုလိုပေါင်းတာ။ အတွင်းမှာ ကောက်ထားတယ်။ ဘယ်လောက် ကြောက်ဖို့ကောင်းသလဲကြည့်စမ်း။ သေကုန်ပြီ။ ဒါ ဘာကောင်းလဲ။ အဲဒါ စာနာတဲ့စိတ်မရှိ

ဘူး။ ကျင့်ထားတဲ့ အသိမရှိတော့ မစာနာတော့ဘူး။ အဲဒီ တော့ မလုပ်ကြပါနဲ့၊ တောင်းပန်ပါတယ်။ သူများအသက် တွေ မသတ်နဲ့။ ငါးတွေမသတ်နဲ့။ ကြက်တွေမသတ်နဲ့။

## သစ်ပင်ကြီးကောင်းမှ သစ်ရိပ်တွေရမှာ

ဘာပဲဖြစ်ဖြစ် ကုပ်ကုပ်လေးနေ… နိုင်ငံတော် အစိုးရပြောတာနားထောင်။ နိုင်ငံတော်ကို အုပ်ချုပ်တာ..။ သူကဘုရင်။ ခင်ဗျားတို့သွားပြီးတော့ ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့။ သူကောင်းစားမှ အေးငြိမ်းမှ အဲဒီသစ်ပင်ကြီးကောင်းမှ ခင်ဗျားတို့သစ်ရိပ်တွေရမှာဗျ။ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ အကုန်လုံး ခင်ဗျားတို့ကောင်းမှာ။ အဲဒီ သစ်ပင်ကြီး အရိပ်ကောင်းလာရင် ခင်ဗျားတို့ ဟောနေပူ ထဲ မထွက်ရတော့ဘူးဗျို့။ သစ်တစ်ပင်ကောင်း ငှက် တစ်သောင်းနားတယ်။ အဲဒါတွေ တစ်ယောက်နဲ့တစ် ယောက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီနေကြပါ။ ဟိုက ကျွန်းပင်ကြီး ခင်ဗျားတို့က ကိုင်းပင်လေး။ သွားမလုပ်နဲ့။ အေး ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ သူခများလည်း သူ့ ဘက်က ပြန်ကြည့် အကြီးအကျယ်လုပ်ရတယ်။ သူ့ခများ

သူပဲသိတယ်။ ကိုယ်လဲကိုယ့်ဘက်က ကိုယ်ပဲသိတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြစ်မလုပ်ကြနဲ့။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

- အရိယာသစ္စာဆိုတာ အာရုံပြတ်သွားတာ
- ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်
- ရုပ် အနတ္တ၊ စိတ်က အတ္တတွေဖြစ်တယ်
- ဇကော ဓမ္မော ဘယ်ကလာသလဲ၊ ရုပ်ပေါ် နာမ်ပေါ်က လာတယ်
- ပညတ်ချုပ်၊ ပရမတ်ချုပ်၊ နှစ်ခုချုပ်မှ ရုပ်နာမ်လွတ်မယ်
- အာရုံသတ်တဲ့ ရဟန်းရှိတယ် ရှားတယ်၊ သာသနာ မဆိတ်သုဉ်းသေးဘူး ရှိတယ်
- ရုပ်ဆင်းရဲပါစေ စိတ်မဆင်းရဲပါစေနဲ့
- မာနနဲ့ ဒိဋ္ဌိ သတ်ပစ်မှ ရဟန်းအစစ်ခေါ်တယ်
- ခန္ဓာက တကယ်သိလို့ လာဟောတာ
- ဘုရားလုပ်ချင် ဘုရားရှင်မျိုးစေ့ရမယ်၊ ရဟန္တာလုပ်ချင် ရဟန္တာမျိုးစေ့ရမယ် ကံဘုန်းကြီးလုပ်ချင် ကံမျိုးစေ့ရမယ်
- ဒီသာသနာ နတ်တွေပါတယ်
- အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်၊ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်
- အာရုံတွေပေါ်မှာ သစ္စာထားနိုင်တာက အရိယာရဟန်းလို့ခေါ်တယ်
- ကျင့်လို့သိပြီး ဒီတရား လာဟောတာ
- အစွဲဥပါဒါန်ကို သီလသမာဓိနဲ့ ဖြတ်လို့မရဘူး။ မဂ်ဉာဏ်နဲ့မှ ဖြတ်လို့ရတယ်